# နိုင်ငံတော်၊ ပဋိညာဉ်များ နှင့် ဓမ္မဟောင်း ကျမ်းစာ သတ်မှတ် အတည်ပြုခြင်း

သင်ခန်းစာ ၄

ဓမ္မဟောင်း ကျမ်းဂန်

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**ကြေးမုံပြင် ကဲ့သို့သော ကျမ်းဂန် ........ 2**

**အခြေခံ........ 3**

ကျမ်းစာ၏ ဝိသေသလက္ခဏာ........ 4

သမ္မာကျမ်းလာ ဥပမာများ ........ 5

**စူးစိုက်မှု ........ 7**

ဩဝါဒ သွန်သင်ချက်များ ........ 8

ဥပမာများ ........ 9

တကိုယ်ရည် လိုအပ်မှုများ........ 10

**ပြတင်းပေါက် ကဲ့သို့သော ကျမ်းဂန် ........ 11**

**အခြေခံ........ 12**

ကျမ်းစာ၏ ဝိသေသလက္ခဏာ........ 13

သမ္မာကျမ်းလာ ဥပမာများ ........ 18

**စူးစိုက်မှု ........ 20**

တစ်ပြိုင်နက် ခြုံငုံထားသော လျှပ်တပြက် ရိုက်ယူချက်........ 21

သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ........ 24

**ပန်းချီကားချပ်တစ်ခုကဲ့သို့သော ကျမ်းဂန်........ 30**

**အခြေခံ........ 32**

ကျမ်းစာ၏ ဝိသေသလက္ခဏာ........ 32

သမ္မာကျမ်းလာ ဥပမာများ ........ 37

**စူးစိုက်မှု ........ 39**

စာရေးသူ ........ 40

ပရိတ်သတ်........ 43

အထောက်အထား........ 46

**နိဂုံး ........ 50**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

အသင်းတော် သို့မဟုတ် အဖွဲ့အစည်း တမျိုးမျိုးကဲ့သို့သော လူအုပ်စုကြီးတစ်ခုကို ဦးဆောင်ဖူးသူသည် အုပ်စုတခုလုံးအတွက် ခြုံငုံဆက်စပ်သော ပန်းတိုင်ရှိရန်နှင့် အခြေခံ မူဝါဒအချို့ ချမှတ်ထားရန် အရေးကြီးကြောင်း သိမှတ်သည်။ သို့သော် အချိန်နှင့်အမျှ သီးသန့် အခွင့်အလမ်းများနှင့် စိမ်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်လည်း မကြာခဏ လိုအပ်သည်။

ရှေးဟောင်း သမ္မာကျမ်းကမ္ဘာထဲက ကြီးကျယ်သော ရှင်ဘုရင်များ၌ သူတို့၏ နိုင်ငံတော်များကို ခိုင်မာရန်နှင့် ချဲ့ထွင်ရန် ပန်းတိုင် ရှိခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ စာချုပ်များအားဖြင့် အခြေခံမူဝါဒများကို ထူထောင်ခဲ့ကြသည်။ သို့သော် အဆိုပါ ရှင်ဘုရင်တို့သည် သူတို့၏ နိုင်ငံတော်များ တွေ့ကြုံရသော သီးသန့် အခွင့်အလမ်းများနှင့် စိမ်ခေါ်ချက်များအား ယခုအခါ အချို့ကို ပြတိုက်တွင် အမှန်တကယ် ကျွန်ုပ်တို့ တွေ့နိုင်သည့် အမျိုးမျိုးအဖုံဖုံသော တော်ဝင် အမိန့် ပြန်တမ်းများအားဖြင့် ရင်ဆိုင်ဖြေရှင်းခဲ့ကြသည်။

သို့ဆိုပါက ဣသရေလတို့၏ ဘုရားသခင်၊ ဖန်ဆင်းခံအားလုံးကို အုပ်စိုးသော ရှင်ဘုရင်က များစွာအလားတူ လုပ်ဆောင်ခဲ့သည်ကို ရှေးဣသရေလလူမျိုးများအတွက် အံ့ဩစရာ မဟုတ်ခဲ့ပါ။ သူ၏ ပန်းတိုင်သည် မြေကြီးပေါ်ရှိ သူ၏ နိုင်ငံတော်ကို ခိုင်မာစေရန်နှင့် ကျယ်ပြန့်စေရန်အတွက် ဖြစ်ပြီး ပဋိညာဉ်များအားဖြင့် သူ၏ အခြေခံ နိုင်ငံတော်မူဝါဒများကို ကိုယ်တော် ထူထောင်ခဲ့သည်။ သို့ရာတွင် ဘုရားသခင်သည် သူ၏ နိုင်ငံတော် တွေ့ကြုံရသော သီးသန့် အခွင့်အလမ်းများနှင့် စိမ်ခေါ်ချက်များအား ယခုအခါ အချို့ကို ဓမ္မဟောင်း ကျမ်းဂန်ထဲတွင် တွေ့နိုင်သည့် အမျိုးမျိုးအဖုံဖုံသော တော်ဝင် အမိန့် ပြန်တမ်းများအားဖြင့်လည်း ရင်ဆိုင်ဖြေရှင်းခဲ့သည်။

ကျွန်ုပ်တို့၏ *နိုင်ငံတော်၊ ပဋိညာဉ်များ နှင့် ဓမ္မဟောင်းကျမ်းဂန် စာစဉ်ထဲတွင်* ဤအရာသည်စတုတ္ထမြောက် သင်ခန်းစာ ဖြစ်သည်။ ဤသင်ခန်းစာထဲတွင် "ဓမ္မဟောင်းကျမ်းဂန်" အပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ "ကန္ဒန်" ဟူသော စကားလုံးသည် ရှေးဟေလသနှင့် လက်တင်ဝေါဟာရ ဖြစ်ပြီး ကျွန်ုပ်တို့၏ "စံနှုန်း" သို့မဟုတ် "စံကိုက်မှု" ဟု ဆိုလိုသည်။ သို့ဖြစ်၍ ဤသင်ခန်းစာထဲတွင် သူ့လူများအတွက် ဘုရားသခင်၏ စံအခွင့်အာဏာ အဖြစ်ဖြင့် ကျမ်းစာများအား ခေတ်အဆက်ဆက် မည်သို့ရေးသားခဲ့သည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။

ဘုရားသခင်သည် သူ၏ နိုင်ငံတော်အား ကောင်းကင်ဘုံမှသည် မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်တိုးချဲ့နေခဲ့ကြောင်း ဓမ္မဟောင်း စာရေးသူ ရှိသမျှက ယုံကြည်ခဲ့ကြသည်။ ဘုရားသခင်သည် အဓိကကျသော ပဋိညာဉ်စဉ် တစ်ခု၌ သူထူထောင်ထားသော အခြေခံ မူဝါဒများအားဖြင့် သူ့နိုင်ငံတော်ကို စီမံအုပ်ချုပ်ကြောင်းကိုလည်း သူတို့ ယုံကြည်ထားခဲ့ကြသည်။ အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ် တို့၏ ကာလများနှင့်တကွ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အကြောင်း ပရောဖက်တို့

ကြိုတင်ဟောပြောခဲ့ကြသည့် ပဋိညာဉ်သစ် ကာလတွင် ဘုရားသခင် ပဋိညာဉ်ဖွဲ့တော်မူခဲ့သည်။ ယခု ကျွန်ုပ်တို့ သိရသလောက် အာဒံ၊ နောနှင့် အာဗြဟံတို့၌ ဘုရားသခင် ပဋိညာဉ် ဖွဲ့တော်မူချိန်က ပေထက် အက္ခရာတင်သော ကျမ်းစာ မပေါ်မရှိသေးပါ။ သို့ရာတွင် မောရှေနှင့် ဒါဝိဒ်တို့လက်ထက် ဣသရေလသည် နိုင်ငံတစ်ခုအဖြစ်သို့ ကြီးထွား ရောက်ရှိလာသည်နှင့် အမျှ ဘုရားသခင်သည် ဓမ္မဟောင်း ကျမ်းစာ အားဖြင့် ပဋိညာဉ်မူဝါဒများကို သူ့လူတို့၏ ဘဝအသက်တာများ၌ လက်တွေ့ အသုံးပြုခဲ့သည်။ ရှေးဣသရေလတို့ကို ကနဦး ရည်ရွယ်ဦးတည်၍ အဆိုပါ ကျမ်းစာတို့ကို ဒီဇိုင်း ဆွဲထားလင့်ကစား ဘုရားသခင့် လူမျိုးအစဉ်အဆက် ရှိသမျှ၏ ယုံကြည်ခြင်းနှင့် အသက်တာကို တိုင်းတာသည့် စံနှုန်း သို့မဟုတ် စံကိုက် အဖြစ်လည်း ၎င်းတို့ကို ဒီဇိုင်းဆွဲထားခဲ့သည်။

ဤသင်ခန်းစာတွင် ဘုရားသခင့်လူတို့ မိမိတို့ဘဝ၌ ကိုယ်တော်၏ တော်ဝင် ရှေးနှုတ်ထွက်စကားကို လက်တွေ့အသုံးချရာတွင် ကျင့်သုံးခဲ့ကြသည့် အဓိက မဟာဗျူဟာ သုံးခုကို လေ့လာဖော်ထုတ်ခြင်းအားဖြင့် ဓမ္မဟောင်း ကျမ်းဂန် အကြောင်း ကျွန်ုပ်တို့ ဆင်ခြင်ကြပါမည်။ ပထမဦးစွာ အမျိုးမျိုး အဖုံဖုံသော အာဘော်များ သို့မဟုတ် ခေါင်းစဉ်များကို ထင်ဟပ်ဖော်ပြသော ကြေးမုံပြင် တစ်ချပ်အဖြစ်ဖြင့် ဓမ္မဟောင်းကျမ်းကို ကျွန်ုပ်တို့ လေ့လာပါမည်။ ဒုတိယအားဖြင့် သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်တစ်ခုအဖြစ်ဖြင့် ဓမ္မဟောင်းကျမ်းကို ကျွန်ုပ်တို့ ဆန်းစစ်ပါမည်။ တတိယအနေဖြင့် ပန်းချီကားတစ်ချပ် (ဝါ) ဘုရားသခင့် လူများအတွက် အချို့သော ဘဝအမြင်များကို စောင်းပေးသည့် စာပေ ပုံတူပန်းချီ စီးရီး တစ်ခု အဖြစ်ဖြင့် ဓမ္မဟောင်းကျမ်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ အဆိုပါ မဟာဗျူဟာ သုံးမျိုးသည် မည်သည့်အခါမျှ တစ်ခုနှင့် တစ်ခု သီးခြားခွဲ၍ ရပ်တည်မနေဘဲ အချင်းချင်း အကြီးအကျယ် ဆက်နွယ် ချိတ်ဆက်၍သာ ရှိကြသည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အကြောင်းကြောင့် ၎င်းတို့အား သီးခြားစီ ခွဲ၍သာ ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဦးစွာ ဓမ္မဟောင်းကျမ်းဂန်သည် ကြေးမုံပြင် တချပ်နှင့် မည်သို့ တူညီနေကြောင်းဖြင့် အစပြုပါမည်။

# ကြေးမုံပြင် ကဲ့သို့သော ကျမ်းဂန်

စာအုပ်တစ်အုပ်ကို သူငယ်ချင်းတစ်စုနှင့် ဝိုင်းဖွဲ့ဖတ်ရှုကြသည့်အခါ သင့်အာရုံကို အရာအချို့တို့က ဖမ်းစားနေစဉ် အခြားအရာတို့က အခြားသူတို့၏ အာရုံကို ဆွဲဆောင်တတ်ကြောင်း သင် သတိထားမိဖူးပါသလား။ စာအုပ် ကိုယ်တိုင်က ကွဲပြားခြားနားသည့် ခေါင်းစဉ်များစွာကို ရည်ညွှန်းဖော်ပြနေနိုင်သော်လည်း ကျွန်ုပ်တို့အဖို့ အရေးအကြီးဆုံး အရာများကိုသာ ကျွန်ုပ်တို့ အထူး အာရုံစိုက်တတ်ကြပါသည်။ ဤသဘောသည် ဓမ္မဟောင်းကျမ်းကို ဘုရားသခင့်လူများ ကိုင်တွယ်သည့်အခါတွင်လည်း အမြဲတစေ မှန်ကန်မှု ရှိနေပါသည်။ ဓမ္မဟောင်းစာရေးသူများသည် သူတို့၏ စာအုပ်များအားဖြင့် ဘုရားသခင့်နိုင်ငံတော်ဆိုင်ရာ ဓမ္မပညာနှင့် ဘုရားသခင် ပဋိညာဉ်များ ဆိုင်ရာ မူဝါဒများ ကို ကိုယ်တော်၏လူများအတွက် လက်တွေ့ အသုံးပြုရာတွင် အကြောင်းအရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အများအပြားအပေါ် အကျဉ်းချုံး ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဓမ္မဟောင်းကို ကျွန်ုပ်တို့ လေ့လာသည့်အခါ ကျွန်ုပ်တို့ ဘဝအတွက် အရေးပါအထင်ရှားဆုံးဖြစ်သော အဆိုပါ ဆိုလိုရင်းအာဘော်များထဲက မည်သည့် အရာကိုမဆို ကျွန်ုပ်တို့ မီးမောင်းထိုးပြနိုင်ကြပါသည်။

ဓမ္မဟောင်းကျမ်းဂန်အား ကြေးမုံပြင်တချပ်အဖြစ်ဖြင့် ဖြင့် ကျွန်ုပ်တို့ ချဉ်းကပ်သည့်အခါ အခြေခံအားဖြင့် ကျွန်ုပ်တို့ အလေးဂရုထားသည့် အရာများနှင့် သိလိုသည့်အရာများ သည် သမ္မာကျမ်းစာကိုယ်တိုင်တွင် သာမညအာဘော်များ သို့မဟုတ် သေးဖွဲသော ရှုထောင့်များ ဖြစ်နေလျှင်တောင်မှ ဓမ္မဟောင်းက ထိုအရာတို့နှင့် စပ်လျဉ်း၍ ဘာပြောမည်ကို ကျွန်ုပ်တို့ ရှာဖွေတတ်ကြသည်။ ဤမဟာဗျူဟာကို "အာဘော် သရုပ်ခွဲမှု" ဟု ကျွန်ုပ်တို့ ခေါ်ပါသည်။ အကြောင်းမှာ ဘုရားသခင်ကို ကျွန်ုပ်တို့ သစ္စာရှိနိုင်ရန်အတွက် ကျွန်ုပ်တို့အတွက် အရေးပါသော အာဘော်များ သို့မဟုတ် ခေါင်းစဉ်များအပေါ် ဓမ္မဟောင်းက ထင်ဟပ်သည့် နည်းများကိုကျွန်ုပ်တို့ ရှာဖွေကြ၍ ဖြစ်သည်။

အာဘော်သရုပ်ခွဲမှု အတွက် ဓမ္မဟောင်း ကျမ်းဂန်က ကြေးမုံတချပ်အလား မည်သို့ အကျိုးဆောင်မြဲရှိသည်ကို သိနားလည်ရန်အတွက် အမှုအရာ နှစ်ခုကို ကျွန်ုပ်တို့ အကျဉ်းချုံး ဖော်ပြကြပါမည်။ ဦးစွာ ဤ မဟာဗျူဟာ သည် အခြေခံ ဖြစ်ကြောင်း သို့မဟုတ် ကျိုးကြောင်း ဆီလျော်ကြောင်း ဖြစ်ပြီး ဒုတိယမှာ ဤမဟာဗျူဟာ ၏ အဓိက စူးစိုက်ချက်တို့ ဖြစ်ကြသည်။ ရှေးဦးစွာ အာဘော်သရုပ်ခွဲမှုအတွက် အခြေခံကျပုံကို ကြည့်ကြပါစို့။

# အခြေခံ

၎င်းကို ကျွန်ုပ်တို့ နားလည် သဘောပေါက်သည် ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ ဓမ္မဟောင်းကို ကျွန်ုပ်တို့ ဖတ်သည့်အခါ ကျွန်ုပ်တို့ အတွေ့အကြုံများထဲက ဖြစ်ပေါ်လာသည့် ဦးစားပေးမှုများမှ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ အလျင်း ကင်းရှင်းဖို့ မဖြစ်နိုင်ပါ။ ဓမ္မဟောင်းသည် ဘုရားသခင်၏လူများအတွက် ကိုယ်တော်၏ တော်ဝင် နှုတ်ကပါတ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ ရှုမြင်ထားကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် အရေးပါသော အမှုအရာများအား သူတို့ မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို အတိုင်းအတာ တစ်ခုမဟုတ် တစ်ခုထိ ရှာတွေ့ရန် မျှော်လင့်ချက်ဖြင့် ဤကျမ်းစာများကို ကျွန်ုပ်တို့ အမြဲလေ့လာလေ့ ရှိကြသည်။ သို့သော် ဤ လုပ်နေကျ အလေ့အထအပေါ် မေးခွန်းထုတ်စရာ ရှိပါသည်။ "ဤသို့လုပ်ဆောင်ခြင်းသည် မှန်ကန်သော လုပ်ဆောင်ချက် ဖြစ်ပါ၏လော" ကျွန်ုပ်တို့ စိတ်ဝင်စားသည့်အရာကို ရှေ့တန်းတင်၍ ဓမ္မဟောင်းကို ဖတ်ရှုခြင်းသည် မှန်ကန်ပါ၏လော။

ကျွန်ုပ်တို့၏ အလေးထား စိတ်ဝင်စားမှုများကို ကြေးမုံသဖွယ် ထင်ဟပ်စေသည့် ဓမ္မဟောင်းချဉ်းကပ်မှု အခြေခံအဖြစ် အကျိုးဆောင်ပေးသည့် အချက် အနည်းဆုံး နှစ်ချက် ရှိနေပါသည်။ ဦးစွာ ကျမ်းစာကိုယ်တိုင်၏ ဝိသေသ လက္ခဏာသည် ဤလေ့လာနည်းကို ထောက်ခံနေကြောင်းနှင့် ဒုတိယအားဖြင့် ကျမ်းစာ ဥပမာများစွာကလည်း ၎င်းကို အတည်ပြုနေကြောင်းတို့ ဖြစ်ကြသည်။ ဦးစွာ အာဘော် သရုပ်ခွဲမှု ကျင့်သုံးခြင်းကို သမ္မာကျမ်းစာ၏ ဝိသေသလက္ခဏာက မည်သို့ ထောက်ကူနေကြောင်း စဉ်းစားကြည့်ကြပါစို့။

## ကျမ်းစာ၏ ဝိသေသလက္ခဏာ

မည်မျှပင် ထူးထူးခြားခြား ရှည်လျားသော်ငြား အစီအစဉ်ကျကျ ကောင်းမွန်စွာ ရေးသားထားသည့် စာအုပ်အများစုမှာလိုပင် ဓမ္မဟောင်း ကျမ်းများတွင် ကဏ္ဍငယ်များအဖြစ် အံကျဖွဲ့စည်းပေးနိုင်သည့် အချက်ငယ်များစွာ ပါဝင်နေသည်။ အဆိုပါ ကဏ္ဍငယ်တို့သည် ပိုကြီးသော ကဏ္ဍကြီးများအဖြစ် ဖွဲ့စည်းရောက်ရှိလာကြပြီး ၎င်းတို့မှတဆင့် လုံးလုံး စာအုပ်များ ဖြစ်လာကြသည်။ အဆိုပါ အဆင့် တစ်ခုချင်းစီတိုင်းသည် ဓမ္မဟောင်းကျမ်း စာအုပ်များက ကျွန်ုပ်တို့ကို ပေးသည့် အကြောင်းအရာအပေါ် ၎င်းတို့၏ ကိုယ်ပိုင် တင်ပြချက်များဖြင့် အထောက်အကူပြုပေးသည်။ ထို့ကြောင့် အဆိုပါ မည်သည့် အဆင့်ကို မဆို ကျွန်ုပ်တို့ အာရုံစူးစိုက်ဖို့ ကျွန်ုပ်တို့ ပြည့်ပြည့်ဝဝ စိတ်လွတ်လပ်မှု ရှိသင့်ပါသည်။

အဆင်မသင့်စွာပင် ရိုးသားသော ခရစ်ယာန် အများစုက ဓမ္မဟောင်းကျမ်းပိုဒ်များ၏ အဓိပ္ပာယ်ကို အလွန်အမင်း ကျဉ်းမြောင်းလွန်းလှစွာ စဉ်းစားမြဲ ရှိခဲ့ကြသည်။ ကျမ်းပိုဒ်တိုင်းသည် လေဆာ အလင်းတန်းလိုမျိုး အလွန် သေးငယ်ပြီး မကွဲမကွာ စုစည်းနေသည့် လမ်းညွှန်ချက်မျိုးကိုသာ ပေးနေဘိသကဲ့သို့ သူတို့ ပြုမူလုပ်ဆောင်ကြပြီး ၎င်းအတွက် လျောက်ပတ်သော အကျဉ်းချုံး ဖော်ပြနည်းသည်လည်း တစ်ခုတည်းသာ ရှိသည်။ သို့သော် အမှန်တရားမှာ သမ္မာကျမ်းစာ ကျမ်းပိုဒ်များ၏ လေးနက် အရေးပါမှုကို လေဆာအလင်းတန်း ပုံစံ အစား မူလထက် တဖြည်းဖြည်းချင်း ပို၍ တိုးချဲ့ကျယ်ပြန့်လာသော အလင်းတန်းပုံစံဖြင့် ပိုမို နီးစပ်စွာ နှိုင်းယှဉ်နိုင်သည်။ အချို့သော ဆိုလိုရင်း အာဘော်တို့သည် အတော်ပင် အရေးပါကြပြီး ကျမ်းပိုဒ်များစွာက ၎င်းတို့အပေါ် ထင်ရှားပြတ်သားစွာ အလင်းပေးနေကြသည်။ ဤအရာတို့သည် သမ္မာကျမ်းပိုဒ်တို့၏ ပေးနေသော ထင်ရှားပေါ်လွင်သည့် ဆိုလိုရင်း အာဘော်တို့ပင် ဖြစ်ကြသည်။ အခြားသော ခေါင်းစဉ်များမှာမူ သာ၍ သေးဖွဲသည့် အာဘော်များဖြစ်နိုင်ပြီး ၎င်းတို့အားလည်း မှေးမှိန်ဖျော့တော့သည့် အလင်း အဆင့်များအားဖြင့်သာ ပြထားဘိသကဲ့သို့ ထိတွေ့ကိုင်တွယ်ထားသည်။ အာဘော် သရုပ်ခွဲမှုသည် သမ္မာကျမ်းပိုဒ်များ လေးနက်အရေးပါမှု အတိုင်းအတာအလုံးစုံကို အသိအမှတ်ပြုထားသလို သာမည သဘောဆောင်သော အသေးအဖွဲခေါင်းစဉ်များကိုလည်း မကြာခဏ အာရုံစိုက်သည်။ အကယ်စင်စစ် အသေးအဖွဲ ခေါင်းစဉ်ငယ်များသည် အာဘော် သရုပ်ခွဲမှုတွင် အခြေခံအားဖြင့် လေ့လာရသည့် အကြောင်းအရာများ အမြဲလို ဖြစ်လာလေ့ ရှိသည်။

ကျွန်ုပ်တို့ စဉ်းစားမိသော ဥပမာကို ရိုးရိုးလေး ပေးရမည်ဆိုလျှင် သမ္မာကျမ်း၏ ပထမဆုံး အပိုဒ်ဖြစ်သည့် ကမ္ဘာ ၁း၁ကို ကြည့်ကြပါစို့။ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏ (ကမ္ဘာ ၁း၁)။ ယခုမှာ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ "ဤကျမ်းပိုဒ်က ဘာကို သွန်သင်နေပါသနည်း" ဟု အပေါ် ရံ မေးခဲ့မည် ဆိုပါက အဖြေသည် အလွန်ရိုးရှင်းသည်ဟု ကျွန်ုပ်တို့ မြင်နိုင်ပါသည်။ ကမ္ဘာ ၁း၁ သည် ဘုရားသခင် ကမ္ဘာကြီးကို ဖန်ဆင်းခဲ့ကြောင်း ပြောပါသည်။ ဤအချက်သည် ဤကျမ်းပိုဒ်၏ အဓိက ဆိုလိုရင်းကို လျောက်ပတ်စွာ အကျဉ်းချုပ်ပေးသောပုံစံအဖြစ် ကျွန်ုပ်တို့ အများစု သဘောတူကြဖွယ် ရှိပါသည်။ ဤသို့သော အကျဉ်းချုပ်ဖော်ပြချက်သည် မှန်သင့်သလောက် မှန်နိုင်သော်ငြား ဤမျှလောက်ကိုသာ အချက်အချာ ခေါင်းစဉ်အဖြစ် ကိုယ့်ကိုယ်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ ကန့်သတ်လိုက်ပါက ဤကျမ်းပိုဒ်က သွန်သင်နေသော အခြား အာဘော်များစွာကို ကျွန်ုပ်တို့ မျက်ကွယ်ပြုရာရောက်သွားနိုင်ပါသည်။

အဆိုပါ စကားလုံး အနည်းငယ်အတွင်း အာဘော် ဆိုလိုရင်း မည်မျှလောက် ပေါ်ပေါက်နေပါသနည်း။ စင်စစ်အားဖြင့် စာရင်းသည် အတော် ရှည်လျားနိုင်ပါသည်။ ကမ္ဘာမြေကြီးကို ဘုရားသခင် ဖန်ဆင်းခဲ့သည် ဆိုသည့် အချက်ကို ပြောသည့်အပြင် "ဘုရားသခင် ရှိသည်"၊ "ဖန်ဆင်းခြင်း မတိုင်မီကပင် ဘုရားသခင် တည်ရှိနေခဲ့သည်" ဆိုသည့် အာဘော်များကိုလည်း ဤကျမ်းပိုဒ်က ဆွေးနွေးထားသည်။ ထို့အပြင် ဘုရားသခင်သည် ဖန်ဆင်းနိုင်သော တန်ခိုးနှင့် ပြည့်စုံကြောင်း၊ ဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ် ဝန်ခံသိမှတ်သင့်ကြောင်း စသည်တို့ကိုလည်း ၎င်းက ပြောပြနေသည်။

ကမ္ဘာ ၁း၁ သည် ဖန်ဆင်းခြင်း အကြောင်း သက်သက်ကိုလည်း ပြောပြနေသည်။ ၎င်းက ဖန်ဆင်းခြင်း အဖြစ်အပျက် အမှန်တကယ် ရှိခဲ့ကြောင်းနှင့် အရာရာ ရှိသမျှ၌ အစပြုသည့်အချိန် ရှိခဲ့သည် ဆိုသည့် အချက်ကိုလည်း ပြောပြနေသည်။ ဖန်ဆင်းခံတို့၌ မိမိဘာသာမိမိ ကိုယ်လုံပြည့်စုံမှုမျိုး မရှိကြောင်း၊ ဖန်ဆင်းခံတို့သည် ၎င်းတို့၏ တည်ရှိမှုအတွက် ဘုရားသခင့်အပေါ် တည်မှီနေရကြောင်းကိုလည်း ဤကျမ်းပိုဒ်က ဖော်ပြနေသည်။ ကောင်းကင်ဘုံသည် ဖန်ဆင်းခြင်း၏ မျက်နှာစာ တစ်ခုမျှသာ ဖြစ်ကြောင်း ရှင်းပြပြီး မြေကြီးသည်လည်း ဖန်ဆင်းခြင်း၏ အခြားမျက်နှာစာ တစ်ခု မျှသာ ဖြစ်ကြောင်း ၎င်းက ရှင်းပြနေသည်။ ဤကျမ်းပိုဒ် တစ်ပိုဒ်တည်းကပင်လျှင် အဆိုပါ အသေးအဖွဲ အာဘော်များကို အကျဉ်းချုံး ဆွေးနွေးလျက်ရှိပြီး ထိုအထဲက မည်သည့်အာဘော်ကို မဆို ကျွန်ုပ်တို့ တရားဝင် အာရုံစူးစိုက်နိုင်ပါသည်။

ကမ္ဘာ ၁း၁ လို ကျမ်းပိုဒ် တစ်ခုတည်းမှာပင်လျှင် ဤမျှ များပြားလှသော ခေါင်းစဉ်များ ပေါ်လာပါလျှင် ပို၍ ကြီးမားသော ကျမ်းပိုဒ်ကြီးများ တွင် မည်မျှ ပေါ်လာနိုင်သည်ကို စဉ်းစားကြည့်နိုင်ပါသည်။ ထူးထူးခြားခြား ပေါ်လွင် ရှည်လျားသော ဓမ္မဟောင်း ကျမ်းပိုဒ် အများစုသည် ကျွန်ုပ်တို့ အလေးထားစိတ်ဝင်စားသည့် အရာများ၊ အတွေ့အကြုံများနှင့် ဆက်နွယ်နေသော အမှုကိစ္စများကို ထည့်သွင်း စဉ်းစားထားကြသည်။ ဟုတ်ပါသည်။ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေး အယူအဆများကို ကျမ်းစာထဲ သွတ်သွင်း ဖတ်ရှုခြင်း မပြုမိဖို့ သတိပြုကြရပါမည်။ သို့သော်လည်း ဓမ္မဟောင်းကျမ်းပိုဒ်များက အရေးအရာများကို ရှင်းလင်းပြတ်သားစွာ သို့မဟုတ် သွယ်ဝိုက်ပြီး ထည့်သွင်းပြောဆိုထားသည်ဆိုပါက အဆိုပါ အာဘော်များအားဖြင့် ကျွန်ုပ်တို့ အကျိုးရှိသင့်ပါသည်။

သမ္မာကျမ်းထဲရှိ အာဘော် သရုပ်ခွဲမှု ဥပမာများတွင် ဓမ္မဟောင်းကို ကြေးမုံပြင်အဖြစ် အသုံးပြုရခြင်း၏ အခြေခံကိုလည်း ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။ ဘုရားသခင်၏ မှုတ်သွင်းသော သမ္မာကျမ်း စာရေးသူများနှင့် ကျမ်းစာထဲရှိ အခွင့်အာဏာရှိသော ဇာတ်ကောင်များသည် သေးဖွဲသည်ဟု မြင်ရသော ရှုထောင့်များဆီသို့ မကြာခဏ အာရုံစူးစိုက်ခဲ့ကြသည်။

## သမ္မာကျမ်းလာ ဥပမာများ

ထူးခြားသော ဥပမာတစ်ခုအနေဖြင့် ဟေဗြဲ ၁၁း၃၂-၃၄ ကို စဉ်းစားကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုမှတပါး အဘယ်သို့ ပြောစရာ ရှိသေးသနည်း။ ဂိဒေါင်၊ ဗာရက်၊ ရှံဆုံ၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလမှ စ၍ ပရောဖက်တို့ အကြောင်းများကို ပြော၍ မကုန်နိုင်။ ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် အခြားသော တိုင်းနိုင်ငံကို အောင်ခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ကတိတော်ကို ဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကို ပိတ်ခြင်း၊ မီးအရှိန်ကို ငြိမ်းစေခြင်း၊ ဒါးလက်နက်ဘေးနှင့် ကင်းလွတ်ခြင်း၊ အနာမှ ထမြောက်၍ ကျန်းမာခြင်း၊ စစ်တိုက်သောအခါ ခွန်အားနှင့် ပြည့်စုံခြင်း၊ တပါးအမျိုးသားတို့၏ တပ်များကို ဖျက်ဆီးခြင်းတို့ကို ပြုကြ၏ (ဟေဗြဲ ၁၁း၃၂-၃၄)။

တရားသူကြီးမှတ်စာထဲက ယေဖသနှင့် ရှံဆုံတို့၏ ဇာတ်ကြောင်းများနှင့် ရင်းနှီးသူတိုင်းသည် အဆိုပါပုဂ္ဂိုလ်များအား ထိုမှတ်စာက နှစ်သက်လိုလားဖွယ်အမြင်၌ အစဉ်တစိုက် တင်ဆက်ခဲ့ခြင်း မရှိကြောင်း သိကြသည်။ အမှန်စင်စစ်အားဖြင့် တရားသူကြီး မှတ်စာ ရေးသူသည် တရားသူကြီးခေတ်ကာလ သမိုင်းကြောင်းအတွင်း ယေဖသနှင့် ရှံဆုံ အပါအဝင် ဣသရေလ ခေါင်းဆောင်တို့၏ ခေါင်းဆောင်မှု ကျင့်ဝတ်ဆိုင်ရာ ကျရှုံးမှုများ အကြောင်းကို အကြိမ်ကြိမ် အာရုံစိုက်ထားခဲ့သည်။ ဘုရားသခင့်လူတို့အတွက် သင့်လျော်သော ခေါင်းဆောင်မှုကို တရားသူကြီးတို့က ပေးနိုင်စွမ်း မရှိကြောင်းကို ထင်ရှားပြသရန် သူတို့၏ ကျရှုံးမှုများကို စာရေးသူက မီးမောင်းထိုးပြထားခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း တရားသူကြီးမှတ်စာထဲရှိ ယေဖသနှင့် ရှံဆုံတို့၏ ဖြစ်စဉ်များ၌ အပြုသဘောဆောင်သည့် အစီရင်ခံချက်များလည်း ရှိနေပါသည်။ သို့သော် အဆိုပါ တရားသူကြီး နှစ်ဦးတို့၏ အကြောင်းမှာ အသေးအဖွဲဟု သာ ဆိုရမည့် အချက်အလက်များသာ ဖြစ်သည်။ အဆိုပါ နှစ်ဦးလုံးသည် ဘုရားသခင်ထံ ယုံကြည်ခြင်းဖြင့် ချဉ်းကပ်ခဲ့သည့်အတွက် ဘုရားသခင့် ရန်သူတို့အပေါ် အောင်မြင်မှုများ ရခဲ့ကြသည်။ သို့ဖြစ်၍ ဟေဗြဲ စာရေးသူသည် ဓမ္မဟောင်းကျမ်းထဲရှိ ယုံကြည်ခြင်းဆိုင်ရာ ဥပမာများကို ရှာဖွေရာ၌ အဆိုပါ ပုဂ္ဂိုလ်များ၏ အပြုသဘောဆောင်သည့် စွမ်းဆောင်နိုင်မှုများအပေါ် ထုတ်ယူဆင်ခြင်ခဲ့သည်။ သူ့အတွက် အရေးပါသော အဆိုပါ သေးဖွဲ့သည့် အာဘော်များကို အလေးပေးရာတွင်ပင် ဟေဗြဲစာရေးသူသည် တရားသူကြီး မှတ်စာ သွန်သင်ချက် အပေါ် သစ္စာရှိစွာ စောင့်ထိန်းမြဲ စောင့်ထိန်းခဲ့သည်။

> ဓမ္မသစ်စာရေးသူများ အနေဖြင့် ကျမ်းရင်းအပေါ် သစ္စာရှိနေသရွေ့ သေးဖွဲ့သည်ဟု ဆိုနိုင်သည့် ဓမ္မဟောင်း အသေးစိတ် အချက်များအပေါ် ကိုးကားနိုင်ပြီး ထိုအာဘော်များမှ လက်တွေ့အသုံးပြုချက်များ ထုတ်ယူ ဆင်ခြင်နိုင်ကြသည်။ ယေရှုသည် အလွန်အံ့ဩဖွယ်ကောင်းသည့် အခိုင်အမာပြောဆိုချက်တစ်ခုကို ပြုခဲ့သည်။ ကောင်းကင်နှင့် မြေကြီး မပျက်ဆီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံး ဗိန္ဒုတလုံးမျှ ပြည့်စုံခြင်းသို့ မရောက်မီ မပျက်ဆီးရဟု ကိုယ်တော် ဆိုထားသည်။ ထိုပြောဆိုချက်မှ ကျွန်ုပ်တို့ ခြုံယူဆင်ခြင်နိုင်သည်မှာ ကျမ်းစာ၏

> အပိုင်းကဏ္ဍအားလုံး၊ အဓိကမှသည် သာမည အထိ ရှိရှိသမျှသည် ဘုရားသခင့် မှုတ်သွင်းတော်မူရာ ဖြစ်သောကြောင့် အဓိပ္ပာယ်ရှိပြီး အနှစ်သာရ၊ ရည်ရွယ်ချက်တို့ဖြင့်လည်း ပြည့်ဝနေသည်။ သို့ဖြစ်၍လည်း ဤအချက်နှင့်ပတ်သက်ပြီး ဥပမာ အတော်များများကို ဓမ္မသစ်ထဲ၌ ကျွန်ုပ်တို့ အမှန်တကယ်တွေ့ရသည်။ ဓမ္မသစ် စာရေးသူ များသည် ဓမ္မဟောင်း အဖြစ်အပျက်များနှင့် သွန်သင်ချက်များအပေါ် ပြန်လည် ကိုးကားပြီး သေးဖွဲသည့် အချက်များပင် ဖြစ်လင့်ကစား ၎င်းတို့ထဲမှ လက်တွေ့ အသုံးပြုချက်များကို ထုတ်ယူဆင်ခြင်ကြသည်။ ဟေဗြဲစာရေးသူသည်လည်း အခန်းကြီး ၁၁ ထဲတွင် ဓမ္မဟောင်းသန့်ရှင်းသူ အတော်များများအကြောင်း စာရင်းပြုစုထားပြီး ထိုသူတို့၏ သီးသန့် အတွေ့အကြုံများထဲမှ နေရာတိုင်းရှိ ယုံကြည်သူရှိသမျှအတွက် သူတို့၏ ပိုကျယ်ပြန့်သည့် ဝမ်းမြောက်ဖွယ် သတင်းကောင်း၏ မျှော်လင့်ချက်အရ လက်တွေ့ အကျုံးဝင်သည့် ပိုမို ယေဘူယျဆန်သော စည်းမျဉ်းများကို ထုတ်ယူ ဆင်ခြင်ထားသည်။
>
> Rev. Kevin Labby

ဓမ္မဟောင်းကို ကြေးမုံပြင်တချပ် အဖြစ်ဖြင့် အသုံးပြုနိုင်သည့် အခြေခံ သို့မဟုတ် ကျိုးကြောင်းခိုင်လုံမှုကို ကျွန်ုပ်တို့ တွေ့မြင်ပြီးသည့်နောက် ဤမဟာဗျူဟာ၏ စူးစိုက်ထားမှုအပေါ် ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။

## စူးစိုက်မှု

ဓမ္မဟောင်းအပေါ် ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုသည် ပုဂ္ဂိုလ်တစ်ဦးမှ တစ်ဦး၊ တစ်ချိန်မှ တစ်ချိန်၊ တစ်နေရာမှ တစ်နေရာ ပြောင်းနေတတ်သည်။ ဤအကြောင်းကြောင့်ပင် ဓမ္မဟောင်းကျမ်းကို ကြေးမုံတစ်ချပ် အဖြစ်ဖြင့် ကိုင်တွယ်အသုံးပြုသည့်အခါ ကျယ်ပြန့်သော အမှုကိစ္စ အရေးအရာ အဖုံဖုံအပေါ် ကျွန်ုပ်တို့ စူးစိုက်နိုင်ကြသည်။ အဆိုပါ အာဘော် သရုပ်ခွဲမှု၏ ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံနိုင်မှု အတိုင်းအတာကို ကူမ်ရမ် ခေါ် ပင်လယ်သေ ကျမ်းစာလိပ်များ၊ အခြားသော ရှေးကျသည့် ဂျူးကျမ်းများနှင့် တားလ်မွဒ်ကျမ်းထဲက ရှေးကျသည့် ဂျူးအနက်ဖွင့်ချက်များထဲတွင် တွေ့ရသည်။ ခရစ်ယာန် ရှုထောင့်မှ ဓမ္မဟောင်းအပေါ် အနက် ဖွင့်ဆိုချက်များသည်လည်း ရာစုနှစ်တိုင်းတွင် အမျိုးမျိုး ကွဲပြားစုံလင်စွာ ပေါ်ပေါက်လျက် ရှိသည်။ သို့တိုင်အောင် အာဘော် သရုပ်ခွဲမှု အားဖြင့် သမ္မာကျမ်းစာကို ကျွန်ုပ်တို့လေ့လာသည့်အခါ စံချိန်တင် ရှေ့သို့ရောက်လာသည့် သီးသန့် ခေါင်းစဉ်များ ရှိနေကြသည်။

အာဘော် သရုပ်ခွဲမှု၏ စူးစိုက်မှုကို ကျွန်ုပ်တို့ စဉ်းစားသည့်အခါ ဦးစွာပထမ ဓမ္မပညာပိုင်းဆိုင်ရာ ဩဝါဒသွန်သင်ချက်များ အပေါ် အလေးပေးမှုအကြောင်း၊ ဒုတိယအားဖြင့် ဥပမာများအပေါ် အလေးပေးမှုအကြောင်း၊ တတိယအားဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များအပေါ်

အာရုံစိုက်မှုများအကြောင်း ကျွန်ုပ်တို့ ပြောဆိုကြမည် ဖြစ်သည်။ အများဆုံး ကျယ်ကျယ်ပြန့်ပြန့် ပြုလေ့ရှိသည့် စူးစိုက်မှုမှာ ဓမ္မပညာပိုင်းဆိုင်ရာ ဩဝါဒ သွန်သင်ချက်များ အကြောင်း ဓမ္မဟောင်းကျမ်းပိုဒ်များက ဘာပြောရန် ရှိနေသည် ဆိုသည်ကို ပိုင်းခြားရန် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

## ဩဝါဒ သွန်သင်ချက်များ

ထောင်စုနှစ်တစ်ခု ကြာသည့်တိုင်အောင် အစဉ်အလာ ဩဝါဒ သွန်သင်ချက်ဆိုင်ရာ အရေးအရာတို့အတွက် အခွင့်အာဏာရှိသည့် သွန်သင်မှု အရင်းအမြစ်အဖြစ် ဓမ္မဟောင်းကို ရှုမြင်ထားခဲ့ပြီး ဖြစ်သည်။ ဥပမာအားဖြင့် ပြောရလျှင် ခရစ်ယာန် ဓမ္မပညာရှင်များသည် စနစ်ကျ ဓမ္မပညာ ခေါင်းစဉ်များထဲမှ ပေါ်ထွက်လာသည့် မေးခွန်းများကို မေးခြင်းဖြင့် အာဘော် သရုပ်ခွဲမှုကို အသုံးပြုမြဲ ဖြစ်ကြသည်။ ဓမ္မဟောင်း ကျမ်းပိုဒ် တစ်ခုကို ကျွန်ုပ်တို့ ချဉ်းကပ်ပြီး မေးမြန်းလေ့ရှိသည်မှာ "၎င်းသည် ဘုရားသခင့် ဂုဏ်တော်များနှင့် ပတ်သက်၍ ဘာပြောသနည်း" "၎င်းသည် လူသားမျိုးနွယ်၏ အခြေအနေနှင့် ပတ်သက်၍ ဘာပြောသနည်း" "၎င်းသည် ကယ်တင်ခြင်း ဆိုင်ရာ ဩဝါဒ သို့မဟုတ် အပြစ်ကို စီရင်ခြင်းနှင့်ပတ်သက်၍ ဘာပြောသနည်း" စသည်တို့ ဖြစ်ကြသည်။ ဓမ္မဟောင်းကျမ်းပိုဒ်များကို အဆိုပါ ခေါင်းစဉ် သို့မဟုတ် အလားတူ ခေါင်းစဉ်များအတိုင်း စီစဉ်ထားသည့် ခေါင်းစဉ်တပ် သမ္မာကျမ်းစာအုပ်မျိုးကို သင်တွေ့ဖူးပြီးသား ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ အဆိုပါ အာဘော် အမျိုးအစားများသည် လတ်တလော စဉ်းစားနေသည့် ကျမ်းပိုဒ်များ၏အဓိက စူးစိုက်မှုတော့ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ကျမ်းပိုဒ်များက ၎င်းတို့ကို ရှင်းရှင်း သို့မဟုတ် သွယ်ဝိုက်ပြောဆိုထားမှု ရှိနေပါက ကျွန်ုပ်တို့နှင့် သက်ဆိုင်သည့် အစဉ်အလာ မေးခွန်းများကို မေး၍ အဖြေရှာနိုင်ပါသည်။

ဩဝါဒ သွန်သင်ချက်နှင့် ဆိုင်သည့် အာဘော် သရုပ်ခွဲမှု သည် သက်သေအထောက်အထားပြ ကျမ်းပိုဒ်များ အသွင်ကို ဆောင်ယူလေ့ ရှိသည်။ သွန်သင်ချက် တစ်ခုခုကို မှန်ကန်ကြောင်း ထောက်ကူသည့် သီးသန့် ဓမ္မဟောင်းကျမ်းပိုဒ်များအား အလျင်အမြန် ရှာဖွေနိုင်သော ကိုးကားထားချက်များလည်း ဖြစ်ကြသည်။ စနစ်ကျ ဓမ္မပညာအကြောင်း၊ ယုံကြည်ခြင်း ဝန်ခံအပ်နှံမှု အကြောင်း သို့မဟုတ် တရားဝင် အသင်းတော် ဩဝါဒ ဆိုင်ရာဖော်ပြချက် အကြောင်း စာအုပ်တစ်အုပ်ကို ကျွန်ုပ်တို့ ဖတ်သည့်အခါတိုင်းလိုလို ဩဝါဒဆိုင်ရာ လက်ခံယုံကြည်ထားချက်များကို မှန်ကန်ကြောင်း ထောက်ကူသည့်အနေဖြင့် ဖော်ပြထားသည့် ဓမ္မဟောင်းကျမ်းချက်များစွာကို ကျွန်ုပ်တို့ တွေ့ရသည်။

အကြောင်းမလှစွာပင် ဓမ္မပညာရှင်အချို့တို့၏ မကြာခဏဆိုသလို ဓမ္မဟောင်းကျမ်းပိုဒ်များကို အလွန်အမင်း တလွဲကိုင်တွယ် အသုံးချမှုများကြောင့် အနက်ဖွင့်သူအများက မှန်ကန်ကြောင်း ကျမ်းချက်အားဖြင့် သက်သေပြခြင်း လုပ်ငန်းစဉ် အားလုံးကို သိမ်းကျုံး ငြင်းပယ်လာတော့သည်။ သို့ရာတွင် မိမိ စဉ်းစားနေသည့် ပြဿနာတစ်ခုကို ကျမ်းပိုဒ် တပိုဒ်ပိုဒ်က ပြောဆိုဆွေးနွေးမှု ရှိနေလျှင် ကျမ်းပိုဒ်အားဖြင့် သက်သေပြခြင်းသည် သမ္မာကျမ်းပိုဒ်များထဲက အဆိုပါ ဆိုလိုရင်း အာဘော် များအား အသေးအဖွဲများ ဖြစ်နေစဉ်မှာပင် ခိုင်လုံမြန်ဆန်စွာ မီးမောင်းထိုးပြနိုင်သော နည်းများဖြစ်ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဩဝါဒသွန်သင်ချက်အပေါ် စူးစိုက်မှု အပြင် အာဘော် သရုပ်ခွဲမှု၏ နောက်ထပ် တွေ့နေကျ ပုံစံမှာ ကျင့်ဝတ်ဆိုင်ရာ ဥပမာများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ အတုယူရမည့် သို့မဟုတ် ရှောင်ကြဉ်ရမည့် ဇတ်ကောင်များအတွက် ဓမ္မဟောင်းကို ကျွန်ုပ်တို့ အမြဲလို ကြည့်မိတတ်ကြသည်။

## ဥပမာများ

ဥပမာဆိုရလျှင် ၁ဓမ္မ ရာဇဝင် အခန်းကြီး ၁၇ တွင် ပါသော အများသိကြသည့် ဒါဝိဒ်နှင့် ဂေါလျတ် ဇာတ်ကြောင်းကို စဉ်းစားကြည့်ပါ။ ရာစုနှစ်များ တလျှောက် သင်းအုပ်ဆရာများသည် ယုံကြည်သူများ အတုယူရမည့် ဥပမာအဖြစ် ဒါဝိဒ်ကို တိုင်တည်သက်သေပြလေ့ ရှိကြသည်။ ရှောလု၏ ချပ်ဝတ်တန်ဆာကို ငြင်းပယ်ပြီး ဘုရားသခင့် တန်ခိုးတော်၌ ယုံကြည်ကိုးစားမှုဖြင့် ဂေါလျတ်ကို အနိုင်ယူခဲ့သည့်အတွက် ဒါဝိဒ်အား ချီးမွမ်းထောမနာပြုသည်ကို မကြာခဏ ကျွန်ုပ်တို့ ကြားနာကြရသည်။ သူ၏ အတွင်းစိတ်သဘောထား၊ စကားပြောဆိုမှု၊ ကျင့်ကြံပြုမူမှုတို့သည် ခရစ်ယာန်များအနေဖြင့် ပုဂ္ဂိုလ်ရေးရာ ဝိညာဉ် စိမ်ခေါ်ချက်များ ကြုံလာသည့်အခါ လိုက်နာကျင့်သုံးရန် စံပုံစံများ အဖြစ် သဘောထားလေ့ ရှိကြသည်။

ဝမ်းနည်းဖွယ်ရာပင် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အနက်ဖွင့်သူ အမြောက်အများက ၁ဓမ္မ ရာဇဝင် အခန်းကြီး ၁၇ တွင် ဒါဝိဒ်ကို ကျင့်ဝတ် ဆိုင်ရာ စံနမူနာပုံစံအဖြစ် ပုံဖော်ခြင်းသည် မသင့်မလျော်ကြောင်း စောဒက တက်ခဲ့ကြသည်။ ၁ ဓမ္မရာဇဝင် စာစောင်ထဲက ဤ အကန့်သည် အဘယ်ကြောင့် ဒါဝိဒ်၏ အိမ်ထောင်က ဣသရေလ၏ ထာဝရ တော်ဝင် နန်းဆက်အဖြစ် ရှောလု အိမ်ထောင်ကို အစားထိုးကြောင်း ရှင်းပြရန် ဒီဇိုင်းဆွဲထားခြင်းသာ ဖြစ်ကြောင်း သူတို့က ငြင်းခုံထားကြသည်။ ထို့ကြောင့် ဂေါလျတ် အပေါ် ဒါဝိဒ်၏ အောင်မြင်ခြင်းက ဒါဝိဒ်၏ ကြီးမြတ်သော သားတော်သည် ခရစ်တော် ဖြစ်ပြီး ဆိုးညစ်မှုအပေါ် အဆုံးသတ် အောင်မြင်သူ ဖြစ်သည် ဆိုသည့် တွေးခေါ်မှုဆီသို့သာ ပို့သင့်ကြောင်း သူတို့က ကောက်ချက်ချထားခဲ့သည်။ ဤအာဘော်သည် ထင်ရှားအရေးပါသော အာဘော် တစ်ခု ဖြစ်သည်။ သို့သော် ဤကျမ်းပိုဒ်ထဲမှ ကျွန်ုပ်တို့ ရယူနိုင်သည့် ညွှန်ကြားချက်သည် ဤတစ်ခုတည်းတော့ လုံးဝ မဟုတ်ပါပေ။ သူ၏ အခြေအနေများအတွင်း ဒါဝိဒ် မည်သို့ ယုံကြည်ခြင်း ရှိခဲ့သည်ကို ယုံကြည်သူတိုင်းက အတုယူသင့်ကြပါသည်။ ခရစ်တော်ကို အတုယူရန် ကျွန်ုပ်တို့အား ဓမ္မသစ်က ခေါ်ထားသည့် ပုံစံနှင့် များစွာ အလားတူ ပင်ဖြစ်ကြသည်။

ဓမ္မဟောင်းသည် အတုယူရန် သို့မဟုတ် ရှောင်ရှားရန် ဥပမာများစွာဖြင့် ပြည့်နေသည်။ အဆိုပါ ဥပမာများကို ရှာဖွေခြင်းသည်လည်း အာဘော် သရုပ်ခွဲမှု အားဖြင့် ဓမ္မဟောင်း သွန်သင်ချက်တို့၏ အခွင့်အာဏာထဲသို့ ထဲထဲဝင်ဝင် လှေလာနိုင်မည့် တရားဝင် နည်းလမ်းတစ်ခု ဖြစ်သည်။

ဓမ္မပညာဆိုင်ရာ ဩဝါဒသွန်သင်ချက်များ၊ သမ္မာကျမ်း ဥပမာများအပြင် လုပ်ဆောင်နေကြလည်းဖြစ်၊ တရားလည်းဝင်သော အာဘော် သရုပ်ခွဲမှု၏ တတိယ စူးစိုက်မှုမှာ တစ်ကိုယ်ရေ လိုအပ်မှုအတွက် ဝတ်ပြုကြည်ညိုသော သဘောဖြင့် ဖတ်ရှုခြင်း ဖြစ်သည်။ မိမိတို့ တကိုယ်ရည် ဘဝများ၌ ယုံကြည်သူများ တွေ့ကြုံရသည့် အမှုအရေးအရာ အမျိုးမျိုးအဖုံဖုံအား ဓမ္မဟောင်း ကျမ်းပိုဒ်များက မည်သို့ ထိတွေ့ဖြေရှင်းထားသည်ကို ခွဲခြားသိမြင်ရန် အာဘော်သရုပ်ခွဲမှုက ကျွန်ုပ်တို့ကို အကူအညီပေးသည်။

## တကိုယ်ရည် လိုအပ်မှုများ

ဖခင်ကောင်းတစ်ဦး သို့မဟုတ် မိခင်ကောင်းတစ်ဦး မည်သို့ ဖြစ်နိုင်ကြောင်း၊ လုပ်ငန်းခွင်တွင် မည်သို့ အောင်မြင်နိုင်ကြောင်း၊ ဘုရားကို မည်သို့ ဝတ်ပြုကြည်ညိုနိုင်ကြောင်း၊ စိတ်ခံစားမှု အခက်အခဲများကို မည်သို့ ဖြေရှင်းကျော်လွှားနိုင်ကြောင်း စသည့် သင်ခန်းစာများစွာကို ဓမ္မဟောင်းထဲမှ ကျွန်ုပ်တို့ ကြားနာခဲ့ကြပြီး ဖြစ်ပါသည်။ အာဘော် သရုပ်ခွဲမှုအရ ဓမ္မဟောင်း ကျမ်းပိုဒ်များအား အဆိုပါ တစ်ကိုယ်ရည် အလေးဂရုပြုစရာ ကိစ္စများကို ဖြေရှင်းသည့် နည်းတစ်ခုအဖြစ်ဖြင့် မှတ်ယူ ရှုမြင်ကြမဲ့ ဖြစ်ကြသည်။ အဆိုပါကိစ္စရပ်များသည် သမ္မာကျမ်းပိုဒ်များထဲတွင် အသေးအဖွဲ့ သဘောလက္ခဏာဆောင်နေနိုင်မည် ဖြစ်သော်ငြား ထိုအရာတို့ကို ဓမ္မဟောင်းက မည်သို့ ရင်ဆိုင်ဖြေရှင်းထားသည်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ရာ၌ အရေးပါနေဆဲ ဖြစ်ပါသည်။

ဥပမာအားဖြင့် အမှုတော်ဆောင်တို့သည် ဖခင်တစ်ယောက်အနေနှင့် ဒါဝိဒ်မှားခဲ့သည့် အမှားများအကြောင်းကို ဖခင်တို့အား မှန်ကန်စွာ သတိပေးကြရသည်။ သူ့ဇနီးအတွက် ယာကုပ်က ၁၄ နှစ်တိုင်တိုင် အလုပ်ကြိုးစားခဲ့သည့် အဖြစ်အပျက်မှ နေ၍ ကြိုးစားအားထုတ်မှုဆိုင်ရာ စည်းမျဉ်းများကို သူတို့ ရယူနိုင်ကြသည်။ မေလခိဇေဒက် နှင့် အာဗြဟံ ဖြစ်စဉ်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်း ဆိုင်ရာ အခြေခံအချက်များအကြောင်း သင်းအုပ်တို့က ပုံဖော် ဥပမာပေးနိုင်ကြသည်။ ကရမေလတောင် နောက်ပိုင်း ဧလိယ ကြုံရသည့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ရုန်းကန်ရမှုများကို သူတို့ ကြည့်ကြရသည်။ ဝိညာဉ်ရေးရာ စိတ်ကျမှု ကြုံနေရသည့် ယုံကြည်သူများကို လမ်းညွှန်ရန်အတွက်

> အခြေခံအားဖြင့် သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏ ကျင့်ဝတ်စောင့်ထိန်းသည့် ဘဝအသက်တာအတွက် ယုံကြည်အားကိုးထိုက်သည့် လမ်းညွှန်ဖြစ်ကြောင်း ကျွန်ုပ်တွေ့ရပါသည်။ အကြောင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန် အစဉ်ရှိနေကြောင်း ကျွန်ုပ်တို့ ကူညီနားလည်စေသည့်အနေဖြင့် ကျရှုံးသော်လည်း မူလနေရာ၌ ပြန်တည်မြဲခံရသူများ အကြောင်းသာမက ကျရှုံးသော်လည်း တည်မြဲရာသို့ ဘယ်သောအခါမျှ ပြန်ရောက်မလာသူများ အကြောင်းတို့ကို သမ္မာကျမ်းစာက ဖော်ပြထား၍ ဖြစ်သည်။ ကျွန်ုပ်တို့ကို မူလနေရာသို့ ကိုယ်တော်က ပြန်တည်မြဲစေသည့်အခါ ဘုရားသခင့်ကျေးဇူးတော်ကြောင့် အောက်မြင်သည့်အသက်တာကို ကျွန်ုပ်တို့ ပြန်လည်လျှောက်လှမ်းခွင့် ရကြသည်။ ကျွန်ုပ် အတွက်လည်း ထိုနည်းတူပင် ဖြစ်သောကြောင့် သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏ ကျင့်ဝတ်စောင့်ထိန်းသော ဘဝအသက်တာ၌ အလွန်ပင် အားကိုးထိုက်သော လမ်းညွှန် တစ်ခုပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အလွဲမသုံးသင့်ပါ။ ကျွန်ုပ်တို့ သမ္မာကျမ်းစာကို အလွဲမကိုးကားသင့်သော အခြေခံ အကြောင်းတရားမှာ ကျွန်ုပ်တို့အတွက် လူ့ကျရှုံးမှု ဖြစ်စဉ်တို့သည် ထိုအပြုအမူတို့မှ ကျွန်ုပ်တို့ သင်ယူပြီး ထပ်မလုပ်မိဖို့ ဖြစ်ကြသည်။ ထို့ပြင် ထိုအပြုအမူမှ သင်ခန်းစာယူ၍ မည်သည့် ကဏ္ဍတွင် ကျွန်ုပ်တို့ အပြစ်သို့ ကိုင်းညွတ်တတ်သည်၊ ကျရှုံးတတ်သည် ဆိုသည်တို့ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တွေ့မြင်ပြီးသည့်နောက် ကျွန်ုပ်တို့ကို လမ်းညွှန်ပါရန် ခရစ်တော်ထံ ပဋ္ဌနာပြုခြင်းဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး၌ ကျွန်ုပ်တို့ကို ကွယ်ကာစေဖို့ ဖြစ်သည်။ ထိုသို့သောအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာတွင် အစဉ်အမြဲ ရှိနေလိမ့်မည် ဖြစ်ပါသည်။
>
> ဒေါက်တာ Ashish Chrispal

အာဘော်သရုပ်ခွဲမှုအရ ဓမ္မဟောင်းကို ကြေးမုံပြင် တစ်ချပ်အဖြစ်ဖြင့် သဘောထား မှတ်ယူသည့် ပုံစံသည် များစွာ ရှိနိုင်သည်။ ဤမဟာဗျူဟာသည် ဤမျှလောက် တန်ဖိုးရှိရကား ၎င်းကို ကျွန်ုပ်တို့ ဘယ်တော့မျှ မျက်ကွယ်မပြုသင့်ပါ။ ဓမ္မဟောင်းကျမ်းဂန် ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်သည့်အခါ အဆိုပါ ကျမ်းစာများက တင်ပြနေသည့် အာဘော်တိုင်းသည် သေးဖွဲသည်ဟု ပြောနိုင်စေကာမူ ၎င်းတို့ရှိသမျှကို အာရုံစိုက်ခြင်းသည် မှန်ကန်ပါသည်။

ဓမ္မဟောင်းကျမ်းဂန်ကို ကြေးမုံပြင်တချပ်အဖြစ်ဖြင့် ကျွန်ုပ်တို့ ချဉ်းကပ်နိုင်မည့် နည်းလမ်းအချို့အား ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ ဘုရားသခင့်လူများ လိုက်နာထားကြပြီး ဖြစ်သည့် ဒုတိယမြောက် ပဓာနကျသည့် မဟာဗျူဟာ ဖြစ်သော သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက် အဖြစ်ဖြင့် ဓမ္မဟောင်း သတ်မှတ်ကျမ်းများကို ချဉ်းကပ်ခြင်းဘက် လှည့်ရန် ကျွန်ုပ်တို့ အသင့် ရှိနေကြပြီ ဖြစ်ပါသည်။

# ပြတင်းပေါက် ကဲ့သို့သော ကျမ်းဂန်

ဘုရားသခင်အပေါ် သစ္စာရှိစွာ အလုပ်အကြွေးပြုရန်အတွက် အတိတ်ကာလ၌ သူတို့အတွက် ဘုရားသခင် လုပ်ဆောင်ပေးခဲ့သည်တို့ကို ပြန်သတိရရန် လိုအပ်ကြောင်း ဣသရေလလူမျိုးများအား ဓမ္မဟောင်း ပရောဖက်တို့က မကြာခဏ သတိပေးထားခဲ့သည်။ ဤသတိပေးချက်ကို တုန့်ပြန်သည့်အနေဖြင့် ဣသရေလတို့အထဲက သစ္စာရှိသူတို့နှင့် ခရစ်ယာန် အသင်းတော်တို့သည် ဓမ္မဟောင်းကျမ်းအား သမိုင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်အဖြစ် အစဉ် သဘောထား မှတ်ယူခဲ့ကြသည်။ သမ္မာကျမ်း ယုံကြည်ခြင်းသည် ဒဿနိကဗေဒ၊ နိုင်ငံရေး ဝါဒဖြန့်ချက် သို့မဟုတ် စိတ္တဇဆန်သည့် ဒဿနတို့၌ မြစ်ဖျားမခံပါ။ အမှန်အားဖြင့် ၎င်းသည် သမိုင်းကြောင်းအတွင်း ဘုရားသခင် လုပ်ဆောင်ပြုမူပေးခဲ့ပြီးပြီ ဆိုသည်နှင့် ဘုရားသခင် လုပ်ဆောင်ပြီးကြောင်း ယုံကြည် စိတ်ချထိုက်သောမှတ်တမ်းကို ကျမ်းစာက ကျွန်ုပ်တို့ကို ပေးထားသည် ဆိုသည်တို့တွင် မြစ်ဖျားခံထားသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သမိုင်းကြောင်းအတွင်း ဘုရားသခင်ပြုတော်မူသည့် အမှုများအပေါ် ဆင်ခြင်နိုင်ရန် ဓမ္မဟောင်း စာရေးသူများကို အကြိမ်ကြိမ် ဦးဆောင်ခဲ့သည်။ ဤအကြောင်းကြောင့်ပင် ဓမ္မဟောင်းကျမ်းစာအုပ်များ၏ သမိုင်းကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သရုပ်ခွဲမှုသည် ကျွန်ုပ်တို့ ဘဝအသက်တာတွင် ဓမ္မဟောင်းကို နားလည်ရန်နှင့် လက်တွေ့အသုံးချရန်အတွက် အရေးပါသော မဟာဗျူဟာ ဖြစ်နေရသည်။

အတိတ်အဖြစ်အပျက်များနှင့် စပ်လျဉ်းသော သာမန် စာအုပ်တစ်အုပ်ကို ကျွန်ုပ်တို့ ဖတ်သည့်အခါ ၎င်းက ဖော်ပြနေသည့် သမိုင်းအဖြစ်အပျက်များဆီ ကျွန်ုပ်တို့ အာရုံ ရောက်သွားခြင်းသည် သဘာဝဆန် ပါသည်။ တစ်ခါတစ်ရံ သမိုင်းကြောင်းထဲတွင် ကျွန်ုပ်တို့ အလွန်အမင်း စျန်ဝင်နေမိရကား ကျွန်ုပ်တို့ တကိုယ်ရည် အတွေ့အကြုံများထဲက ပေါ်ပေါက်လာသည့် အာဘော်များ အကြောင်း စဉ်းစားခန်းကို ကျွန်ုပ်တို့ ရပ်ဆိုင်းလိုက်ကြသည်။ ၎င်းအစား စာအုပ်အရအဖြစ်အပျက်များကို ကျွန်ုပ်တို့ ကြည့်ရှု၍ ၎င်းစာအုပ်က ဖော်ပြသည့် အချိန်ကာလတွင် အရာရာတို့ မည်သို့ ဖြစ်ပျက်ခဲ့ပြီးဖြစ်မည်ကိုလည်း စိတ်ကူးကြည့်ကြသည်။

ထိုနည်းတူစွာပင် ဓမ္မဟောင်း ကျမ်းဂန်က ကမ္ဘာမြေကြီးသည် ရှေးရှေးကာလကတည်းက တည်ရှိနေခဲ့ကြောင်း ဖော်ပြထားသည်။ ထိုကမ္ဘာကြီးထဲသို့ ကျွန်ုပ်တို့အား ကြည့်မြင်ခွင့် ပေးသည့် ပြတင်းပေါက်အဖြစ်နှင့် ဓမ္မဟောင်းကို ချဉ်းကပ်သောအားဖြင့် သူတို့၏ ဘဝအသက်တာအပေါ် ဘုရားသခင့် တော်ဝင် အခွင့်အာဏာ ရှိနေကြောင်း ဘုရားသခင့် လူများတို့ကလည်း ဝန်ခံအပ်နှံထားခဲ့ပြီး ဖြစ်ကြသည်။ ဤမဟာဗျူဟာကို ကျွန်ုပ်တို့က "သမိုင်းကြောင်း သရုပ်ခွဲမှု" အဖြစ် ပြောဆိုပါမည်။ အကြောင်းမှာ အတိတ် အဖြစ်အပျက်များနှင့် ထိုအဖြစ်အပျက်များ အကြောင်း ဓမ္မဟောင်းက မည်သို့ပြောဆိုထားသည်တို့အပေါ် ၎င်းက စူးစိုက်ထားသောကြောင့် ဖြစ်သည်။

ဓမ္မဟောင်း ကျမ်းဂန်၏ သမိုင်းကြောင်း သရုပ်ခွဲမှုကို လေ့လာ ဖော်ထုတ်ရန်အတွက် အရေးကိစ္စ နှစ်ခုကို ကျွန်ုပ်တို့ နောက်တဖန် ပြန်ကြည့်ကြပါမည်။ ပထမအရေးကိစ္စမှာ သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက် အဖြစ် ဓမ္မဟောင်းကို မှတ်ယူ သဘောထားရခြင်း၏ အခြေခံ သို့မဟုတ် ကျိုးကြောင်းဆီလျော်မှုဖြစ်ပြီး ဒုတိယ အရေးကိစ္စမှာ ဤမဟာဗျူဟာ၏ စူးစိုက်မှု ဖြစ်သည်။ ဦးစွာပထမ ဓမ္မဟောင်းကျမ်းစာတို့၏ သမိုင်းကြောင်း သရုပ်ခွဲမှု အတွက် အခြေခံကို ကြည့်ကြပါစို့။

## အခြေခံ

အကြောင်းမသင့်စွာပင် ရာစုနှစ်များစွာကြာအောင် ယခုအချိန်ထိ ရှေးဟောင်းသုတေသန ပညာရှင်များနှင့် သမိုင်းပညာရှင်တို့က ဆင်ခြင်တုံတရားရှိသူတိုင်းသည် ဓမ္မဟောင်း ကျမ်းဂန်ကို ယုံကြည်ကိုးစားလောက်သော သမိုင်းစစ်၊ သမိုင်းမှန်အဖြစ် မယုံကြည်ကြောင်း အခိုင်အမာ ဆိုထားခဲ့ကြသည်။ သူတို့၏ အမြင်အရ အညွှာတာဆုံး ပြောရလျှင် ၎င်းသည် ဝိညာဉ် ဆိုင်ရာ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်အချို့ကို ပေးသော ဘာသာရေး လုပ်ဇာတ်တစ်ခုထက် အနည်းငယ်ပိုရုံသာ ရှိပါသည်။ ဓမ္မဟောင်း သမိုင်းမှတ်တမ်းများ၏ ယုံကြည်ကိုးစားနိုင်မှုအပေါ် ဤသို့သော သံသယဝါဒသည် ကာလရှည်ကြာ ပျံ့နှံ့ပြီး ဖြစ်ရကား အချို့သော ဧဝံဂေလိ ယုံကြည်သူများအတွင်း ဂယက်ရိုက်မှုများပင် ရှိနေခဲ့ပြီး ဖြစ်သည်။ ဓမ္မဟောင်းကျမ်းအား သမိုင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်အဖြစ် မှတ်ယူသဘောထားမှုကို အချို့သော ဧဝံဂေလိ ယုံကြည်သူများကပင်လျှင် လက်လျှော့ထားခဲ့ကြပြီး ဖြစ်သည်။

ဓမ္မဟောင်း သမိုင်းကြောင်း သရုပ်ခွဲမှုကို လိုက်စားရခြင်းအတွက် အကြောင်းတရား များစွာ ရှိပါသည်။ သို့သော် ရှေ့နောက်ညီညွတ်မှု ရှိစေရန်အတွက် စောစောပိုင်းက ကျွန်ုပ်တို့ အကျဉ်းဆွေးနွေးခဲ့သည့် အရေးအရာ နှစ်ခုကိုသာ ကန့်သတ်စဉ်းစားကြပါမည်။ ၎င်းတို့မှာ ကျမ်းစာ၏ ဝိသေသ လက္ခဏာ ကိုယ်တိုင်နှင့် သမ္မာကျမ်းလာ ဥပမာများ ဖြစ်ကြသည်။ ရှေးဦးစွာ သမိုင်းကြောင်း သရုပ်ခွဲမှုအတွက် ခိုင်မာသည့် အခြေခံအား ကျမ်းစာ၏ ဝိသေသလက္ခဏာက ပေးကမ်းသည့် ပုံစံများ အကြောင်းကို စဉ်းစားပါမည်။

## ကျမ်းစာ၏ ဝိသေသလက္ခဏာ

၂တိမောသေ ၃း၁၆ တွင် ပေါလုပြောသည့် ထင်ရှားသော စကားလုံးများကို နားထောင်ကြည့်ပါ။

> ထိုကျမ်းစာ ရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍ ဩဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏ (၂တိမောသေ ၃း၁၆)။

ယေရှုနှင့် သူ၏ ပထမ ရာစုနှစ် တမန်တော်များ၊ ပရောဖက်များ၏ သွန်သင်မှုတို့ပြီးသည့်နောက် ခရစ်ယာန်များကလည်း ဓမ္မဟောင်းကျမ်းသည် ဘုရားသခင့်ထံမှ လာကြောင်း၊ မှုတ်သွင်းခံ ဖြစ်ကြောင်း (ဝါ) "ဘုရားသခင့် ထွက်သက်" ဖြစ်ကြောင်း အတည်ပြုကြသည်။ ဤသွန်သင်ချက်နှင့်အညီ ခရစ်ယာန်များသည် ကျမ်းစာ၏ အခိုင်အမာ အဆိုပြုချက်ရှိသမျှ မှန်ကန်သည်ဟူသော စွဲမှတ်ယူဆချက်ဖြင့် ဓမ္မဟောင်းကို လေ့လာရန် တာဝန်ရှိကြသည်။

> ဓမ္မဟောင်းကျမ်းစာများနှင့် ၎င်းတို့၏ သမိုင်းဝင် အခိုင်အမာပြောဆိုချက်များကို အမှန်အဖြစ် ယုံကြည်ထားသည့် ရှုထောင့်မှ ဖတ်ရှုရန် ၂ တိမောသေ ၃း၁၆က ကျွန်ုပ်တို့အား တာဝန်ရှိစေသည်။ အကြောင်းမှာ ဤ ၂တိမောသေ ၃း၁၆ ကျမ်းပိုဒ်သည် ဘုရားသခင့် နှုတ်ကပတ်တော်ကို ဘုရားသခင် မှုတ်သွင်းချက်အဖြစ် ဖော်ပြသည့် နေရာဖြစ်၍ပင်။ ထို့ကြောင့် ပြီးပြည့်စုံသော ဘုရားသခင့် အထံတော်မှ အမှားအယွင်းကင်းပြီး ပြည့်ဝစုံလင်သည့် နှုတ်ကပတ်တော် ရောက်ရှိလာခြင်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် မှုတ်သွင်းခြင်းနှင့် အတူ သမ္မာကျမ်းစာသည် ဖောက်ပြန်ခြင်း မရှိကြောင်းနှင့် မှားယွင်းခြင်း မရှိကြောင်း ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ထိုကြိုတင်ယူဆထားမှုဖြင့် အစပြုထားခြင်းကြောင့် သမိုင်းနှင့် စပ်လျဉ်း၍ သမ္မာကျမ်းက ပြောဆိုသမျှသည် မှန်ကန်ကြောင်း ကျွန်ုပ်တို့သည် နားလည်ထားကြသည်။
>
> Rev. Kevin Labby

ဓမ္မသစ် ယုံကြည်ခြင်းသည် သမိုင်းကြောင်းအတွင်း ခရစ်တော်အားဖြင့် ဘုရားသခင် အမှန်တကယ် လုပ်ဆောင်ပေးခဲ့မှု အပေါ် တည်မှီနေပုံနှင့် များစွာ အလားတူပင် ဓမ္မဟောင်းသွန်သင်ချက် ရှိသမျှတို့သည်လည်း ခရစ်တော်မတိုင်မီ သမိုင်းကြောင်းအတွင်း ဘုရားသခင် အမှန်တကယ် ပြုပေးခဲ့သည့်အပေါ် တည်မှီနေသည်။ ဤအကြောင်းကြောင့်ပင် ခရစ်တော်၏ သစ္စာရှိနောက်လိုက်တို့က ဓမ္မဟောင်း သမိုင်း အဆိုပြုချက် ရှိသမျှသည် စစ်မှန်သော သမိုင်း အဖြစ်အပျက်များကို အစစ်အမှန် ကိုယ်စားပြုကြောင်း အတည်ပြုထားကြသည်။ တစ်စုံတရာ ဖြစ်ပျက်ခဲ့ကြောင်း ဓမ္မဟောင်းက သွန်သင်သည့်အခါ ၎င်းသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အခွင့်အာဏာဖြင့် ပြောဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် အမှန်တကယ် ဖြစ်ပျက်ခဲ့ကြောင်း ကျွန်ုပ်တို့ စိတ်ချသေချာနိုင်ကြသည်။

ဤအမြင် ရှုထောင့်ကို ဆန့်ကျင်သည့် မတူညီသော ကန့်ကွက်မှု အမျိုးမျိုးလည်း ပေါ်ထွန်းလာခဲ့ပြီး ဖြစ်သည်။ ဥပမာအားဖြင့် ကျမ်းစာသည် အလွန်အမင်း စိစစ် ရွေးချယ်သည့် သဘောရှိသောကြောင့် စိတ်ချအားကိုး၍ မရနိုင်ဟု ပညာရှင်အများက ဇွတ်တရွတ် ပြောဆိုကြသည်။ ဓမ္မဟောင်း မှတ်တမ်းများသည် အလွန်ပင် စိစစ်ရွေးချယ်သည့် သဘောရှိသည်မှာ မှန်ပါသည်။ ၎င်းက မဖော်ပြဘဲ ချန်လှပ်ထားခဲ့သည်တို့က ဖော်ပြထားသည်တို့ထက် အလွန့် အလွန် သာ၍ များပြားသည်။ သို့သော် ဤအရာကြောင့် ကျွန်ုပ်တို့ မအံ့သြသင့်ပါ။ ယောဟန် ၂၁း၂၅ တွင် တမန်တော် ယောဟန်က ယေရှုသက်တော်စဉ်အကြောင်းနှင့် စပ်လျဉ်း၍ ဤအချက်ကို ပြောဆိုထားကြောင်း သင် အမှတ်ရပါလိမ့်မည်။

> ယေရှုပြုတော်မူသော အခြားအမှုအရာအများ ရှိသေး၏။ ထိုအမှုအရာ ရှိသမျှတို့ကို အသီးအခြား ရေးထားလျှင် မြေကြီးမဆန့်နိုင်အောင် ကျမ်းစာ များပြားလိမ့်မည်ဟု ထင်မှတ်ခြင်း ရှိ၏ (ယောဟန် ၂၁း၂၅)။

ယေရှုသက်တော်စဉ် အကြောင်း ရှိရှိသမျှကို အစီရင်ခံရန် လိုအပ်မည့် စာအုပ်တို့သည် မြေကြီးပင် မဆန့်နိုင်ဟု ဆိုခြင်းမှာ မှန်ကန်ပါသည်။ ဓမ္မဟောင်းသည် ၎င်း၏ ကာလအတွင်း ဖြစ်ပေါ် ခဲ့သည့် အဖြစ်အပျက် တပုံတပင်တို့၏ သေးငယ်သော အစိတ်အပိုင်း မျှလောက်ကိုသာ အစီရင်ခံထားကြောင်း ကျွန်ုပ်တို့ သိမှတ်ထားသင့်ကြပါသည်။ သို့တိုင်အောင် ဤစိစစ်ရွေးချယ်မှုသည် သမိုင်း အကြောင်း ကျမ်းစာ ပြောဆိုချက်၏ မှန်ကန်မှုကို ထိခိုက်ခြင်း မရှိပါ။

သံသယရှေ့တန်းတင် သမ္မာကျမ်း အနက်ဖွင့်သူများက ဓမ္မဟောင်းသည် သဘာဝလွန် အဖြစ်အပျက်များကို ရည်ညွှန်းထားသောကြောင့် ၎င်း၏ သမိုင်းကြောင်း ဆိုင်ရာ ယုံကြည်စိတ်ချမှုအပေါ် ဆန့်ကျင်ကန့်ကွက်ထားကြသည်။ ဓမ္မဟောင်း မှတ်တမ်းတွင် ဘုရားသခင်နှင့် ဝိညာဉ်များသည် အဓိကကျသော ကဏ္ဍမှ ပါဝင်နေကြသည် ဖြစ်သောကြောင့် ဤအချက်သည်လည်း ခေတ်သစ် သဘာဝ ဝါဒီ အနက်ဖွင့်သူများအတွက် စိတ်မချမ်းမြေ့စရာ အချက်တစ်ခု ဖြစ်နေရသည်။ သို့သော် ခရစ်ယာန် ယုံကြည်ခြင်းသည် အစမှ အဆုံးတိုင် သဘာဝလွန် ယုံကြည်ခြင်း ဖြစ်နေ၍ ဤအချက်ကြောင့် ကျွန်ုပ်တို့ စိတ်အနှောက်အယှက် မရှိသင့်ပါ။ သေခြင်းမှ ထမြောက်သော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

သခင်အဖြစ်ဖြင့် ခရစ်တော် နောက်သို့ လိုက်သောသူတို့သည် ဓမ္မဟောင်းက ဖော်ပြနေသည့် သဘာဝလွန် အဖြစ်အပျက်များ၌ ယုံကြည်ခြင်းရှိဖို့ မခက်ခဲသင့်ပါ။

> သဘာဝလွန် အဖြစ်အပျက်များကို သမ္မာကျမ်းစာထဲ ဖော်ပြထားသည့် အတိုင်း နားလည်ရန်နှင့် ယုံကြည်ရန်သည် လူတို့အတွက် အရေးကြီးသည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာကိုယ်တိုင်၏ ယုံကြည်စိတ်ချရမှု အကြောင်းကို ပြောဆိုနေ၍ ဖြစ်သည်။ ၁ကောရိန်သု အခန်းကြီး ၁၅ တွင် ရှင်ပေါလု ပြောထားသလို ခရစ်တော်သည် ထမြောက်ခြင်း မရှိခဲ့လျှင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် အချည်းနှီးသာ ဖြစ်ပြီး ကျွန်ုပ်တို့သည်လည်း အပြစ်ထဲ၌သာ ရှိနေကြဦးမည် ဖြစ်သည်။ ထိုနည်းတူစွာ ထွက်မြောက်ခြင်း မရှိခဲ့ပါက၊ သူ့ကျွန်ဘဝ မရောက်ရှိခဲ့ပါက၊ ကျွန်ဘဝမှ ပြန်လည်ရောက်လာခြင်း မရှိခဲ့ပါက၊ ၎င်းတို့ကို ကျမ်းရေးသူများက ဖော်ပြသည့်အတိုင်း ထိုအရာများ အမှန်တကယ် မဖြစ်ခဲ့ပါက၊ ခရစ်တော်သည်လည်း သေခြင်းမှ အမှန်တကယ် ထမြောက်ခြင်း မရှိခဲ့ပါက ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ တကယ့် အခြေခံသည် အောက်ခြေ၌ ပြိုပျက်နေပြီ ဖြစ်သည်။ အဆိုပါ အဖြစ်အပျက်များသည် အမှန်တကယ် ဖြစ်ပျက်ခဲ့ပုံနှင့် ကွဲလွဲနေပါက သမ္မာကျမ်းစာကိုယ်တိုင်သည် ယုံကြည်စိတ်ချစရာ မရှိတော့ပါ။ သမ္မာကျမ်းစာ ကိုယ်တိုင်က ယုံကြည်စိတ်ချစရာ မရှိပါက ဘုရားသခင်က သူ့လူများသို့ ဖွင့်လှစ်ဖော်ပြချက်သည် အဘယ်အရာ ဖြစ်ကြောင်း တိကျသည့် ပုံရိပ်လည်း ကျွန်ုပ်တို့တွင် မရှိနိုင်တော့ပါ။ သို့ဖြစ်၍ သဘာဝလွန် အဖြစ်အပျက်များသည် ဘုရားသခင့်ထံမှ ကျွန်ုပ်တို့ လက်ခံရရှိသည့် ဗျာဒိတ်ဖွင့်လှစ်ဖော်ပြချက်၏ စိတ်ချ ယုံကြည်ရမှုအတွက် အချက်အချာကျသည့် အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။
>
> ဒေါက်တာ Jim Jordan

ဓမ္မဟောင်းကျမ်း၏ သမိုင်းစစ် သမိုင်းမှန် ဖြစ်မှုအပေါ် အကြီးဆုံး ဆန့်ကျင် ကန့်ကွက်မှုသည် ခေတ်သစ် သိပ္ပံ သုတေသနဆီမှ လာကောင်း လာခဲ့ပါလိမ့်မည်။ အလွန်ပင် လေးစားအပ်သည့် ရှေးဟောင်းသုတေသန ပညာရှင်ကြီးများနှင့် အခြားသော သိပ္ပံပညာရှင်ကြီးများက ဓမ္မဟောင်း ၏ ယုံကြည်စိတ်ချရမှုကို ချေဖျက်သည်ဟု သူတို့ယုံကြည်သည့် အထောက်အထားကို ပြည့်ဝှန်ထားခဲ့ကြသည်။ ဥပမာအားဖြင့် ဘူမိဗေဒ ပညာရှင်တို့က ဖန်ဆင်းခြင်း ဖြစ်စဉ်အကြောင်း၊နောဧ လက်ထက် ကမ္ဘာလုံးဆိုင်ရာ ရေလွှမ်းမိုးမှုအကြောင်းတို့ကို မေးခွန်းထုတ်လာကြသည်။ ရှေးဟောင်း သုတေသန ပညာရှင်တို့က သမိုင်းဝင် အဖြစ်အပျက်များစွာ အကြောင်း သမ္မာကျမ်းစာ တင်ပြချက် ကို ဆန့်ကျင်သည့် အထောက်အထားများကို ဖော်ထုတ်လာကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မဟောင်း က အခိုင်အမာဆိုနေသည့် သမိုင်းအချက်အလက်များနှင့် သိပ္ပံသုတေသနတို့အကြား တခါတရံ ညှိနိုင်းအဖြေရှာရခက်ခဲကြောင်း ကျွန်ုပ်တို့ အားလုံး ဝန်ခံထားသင့်ပါသည်။ သို့သော် အဘယ်ကြောင့် ထိုသို့ ဖြစ်ရသည်ကို သိဖို့တော့ လိုအပ်ပါသည်။ အဘယ်ကြောင့် ဓမ္မဟောင်းနှင့် ခေတ်သစ်သိပ္ပံတို့အကြား လွန်ဆွဲမှုများ ရှိနေရပါသနည်း။ ကောင်းပါပြီ။ သိပ္ပံကပြောသော အထောက်အထားများနှင့် ဓမ္မဟောင်းတို့ ဆန့်ကျင်နေပုံရစေသည့် အကြောင်းတရား အနည်းဆုံး သုံးချက်ခန့် ရှိနေပါသည်။

ပထမအားဖြင့် သမ္မာကျမ်းစာကို ဆန့်ကျင်ကြောင်း ၎င်းတို့ အခိုင်အမာပြောဆိုချက်ကို ထောက်ကူသည့် အထောက်အထားများအား သိပ္ပံပညာရှင်တို့ ကိုယ်တိုင် မကြာခဏ နားလည်လွဲနေတတ်ပါသည်။ ရှေးဟောင်းသုတေသန နှင့် အခြားသော သိပ္ပံပညာများကို ကျွန်ုပ်တို့ တန်ဖိုးထားသင့်သရွေ့ ထားကြသော်ငြား သိပ္ပံပညာရှင်များလည်း အမှားမကင်းကြပါ။ သူတို့၏ ကောက်ချက်များသည် အစဉ်သဖြင့် နောင်လာမည့် သုတေသနများက ပြန်လည် ပြင်ဆင်မှု ပြုရသည့် အခြေအနေအောက်တွင် ရှိနေကြသည်။ ဥပမာအားဖြင့် ဟိတ္တိလူမျိုးများနှင့် ပတ်သက်၍ ဓမ္မဟောင်းက ရည်ညွှန်းကိုးကားသည့်အခါ ရှေးယခင် ကာာလ ပညာရှင်များစွာက ဓမ္မဟောင်းကျမ်း မှားယွင်းနေခဲ့ကြောင်း အတင်းအကြပ်ဆိုခဲ့ကြသည်။ အကြောင်းမှာ ထိုအချိန်က ဟိတ္တိလူမျိုးများအကြောင်း ကျမ်းစာပြင်ပ မှတ်တမ်းများ မရှိသေး၍ ဖြစ်သည်။ သို့သော် ပြီးခဲ့သည့် ရာစုနှစ် ရှေးဟောင်းသုတေသန ပညာရှင်များက ဟိတ္တိ ယဉ်ကျေးမှုကို တူးဖော်တွေ့ရှိခဲ့ကြသည်။ အမှန်စင်စစ် ဟိတ္တိလူတို့၏ အရေးအသားတို့က ဓမ္မဟောင်း လေ့လာမှုများစွာအတွက် အလွန် အကျိုးရှိသော ထိုးထွင်း အသိအမြင်များကို ပေးထားကြသည်။ များစွာ အလားတူပင် လွန်ခဲ့သည့် ရာစုနှစ် တနှစ်က ဓမ္မဟောင်းကာလ ထွက်မြောက်ချိန်နှင့် နယ်မြေသိမ်းပိုက်ချိန်တို့သည် အလွန်စောခဲ့ကြောင်း ပညာရှင်တို့၏ အတည်ပြု ထင်မြင်ချက် ရှိပြီး ဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များတွင်မူကား မယုံကြည်သူများကပင်လျှင် ရှေးဟောင်း သုတေသနဆိုင်ရာ အချက်အလက်များကို တဖန် ပြန်လည် သုံးသပ်၍ သမ္မာကျမ်း မှတ်တမ်းများကို ထောက်ခံသည့်အနေဖြင့် ခိုင်မာသော အကြောင်းပြချက်များကို ထုတ်ဖော်ခဲ့ကြပြီးဖြစ်သည်။ ဓမ္မဟောင်းနှင့် သိပ္ပံတွေ့ရှိချက်တို့ သဟဇာတ မဖြစ်သည့်အခါမျိုးတွင် သိပ္ပံပညာရှင်တို့ကသာ သူတို့၏ အထောက်အထားပေါ် သူတို့သုံးသပ်ချက်၌ အလွယ်တကူ မှားနေနိုင်သည် ဆိုသည့် အချက်အား အဆိုပါ ဥပမာများသာမက အခြားသော ဥပမာ များစွာတို့က ကျွန်ုပ်တို့ကို သတိပေး နှိုးဆော်နေပေသည်။

သိပ္ပံသုတေသနက ဓမ္မဟောင်း မှတ်တမ်းတို့ကို ဆန့်ကျင်ပုံပေါ်ရသည့် ဒုတိယအကြောင်းတရားမှာ သမ္မာကျမ်း အနက်ဖွင့်သူများက ဓမ္မဟောင်းကျမ်း ကိုယ်တိုင်ကို နားလည်မှုလွဲနေကြခြင်းပင် ဖြစ်သည်။ ဤအငြင်းပွားမှု ပုံစံအတွက် စံပြ ဥပမာသည် ၁၇ ရာစုနှစ် အစပိုင်းလောက်က ဂါလီလီယိုနှင့် အသင်းတော် အာဏာပိုင်များအကြား ဖြစ်ခဲ့သည့် ယှဉ်ပြိုင်မှုပင် ဖြစ်သည်။ ကမ္ဘာမြေကြီးသည် နေကို လှည့်ပတ်နေကြောင်း ဂါလီလီယိုက အာဘော်ထုတ်ခဲ့ပြီး ကျမ်းစာအခြေခံအရ နေကသာ ကမ္ဘာကြီးကို လှည့်ပတ်နေကြောင်း အသင်းတော်က ပြန်လည် ကန့်ကွက်ခဲ့သည်။ အငြင်းအခုံအများစုသည် ယောရှု ၁၀း၁၃ ပေါ်တွင် ဗဟိုပြုထားခဲ့သည်။ ထိုကျမ်းချက်တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နေသည် ငြိမ်ဝပ်စွာ နေ၍ လသည် ရပ်လေ၏။ ... မိုးကောင်းကင်အလယ်၌ နေသည် ရပ်နေ၏။ ဝင်မြဲဝင်အံ့သောငှာ တနေ့လုံး အလျင်းမပြု .. (ယောရှု ၁၀း၁၃)။

နေသည် ကမ္ဘာမြေကို ပတ်နေရာမှ အမှန်တကယ် ခေတ္တခဏ ရပ်ဆိုင်းသွားခဲ့သည်ဟု ဤကျမ်းပိုဒ်က သွန်သင်ကြောင်း အသင်းတော်က ရာစုနှစ်များစွာ ခံယူထားခဲ့သည်။ ထို့ကြောင့် နေစကြဝဠာ ရှိနိုင်ခြေကို သူတို့ပယ်ဖျက်ထားခဲ့သည်။ ယနေ့တွင်မူ သိပ္ပံဆိုင်ရာ စုံစမ်းဖော်ထုတ်မှုက နေ့နှင့်ည ဖြစ်ပေါ်မှုသည် ကမ္ဘာမြေကြီးက မိမိဝင်ရိုးပေါ် မိမိလည်ပတ်ခြင်း၊ ကမ္ဘာက နေကို ပတ်လမ်းအတိုင်း ပတ်နေခြင်း စသည့် အချက်များကြောင့် ဖြစ်ကြောင်း အခိုင်အမာ ထူထောင်ထားပြီး ဖြစ်သည်။ အကျိုးရလာဒ်အားဖြင့် ယောရှု ၁၀း၁၃ကို မည်သို့ အနက်ဖွင့်ရမည် ဆိုသည်နှင့် ပတ်သက်၍ ခေတ်သစ် ခရစ်ယာန် အများစုက ပြောင်းလဲခဲ့ကြပြီး ဖြစ်သည်။ တနည်းနည်းဖြင့် နေ့အလင်းရောင်သည် ယောရှုအတွက် ဘုရားတန်ခိုးတော်အရ တိုးချဲ့ဆန့်ထွက်လာခဲ့ကြောင်း ကျွန်ုပ်တို့ သေချာနိုင်ပါသည်။ သို့သော် ယနေ့ကာလတွင် ကျွန်ုပ်တို့သည် ဤကျမ်းပိုဒ်နှင့် အလားတူ အခြား ကျမ်းပိုဒ်များအား အရာရာတို့ကို ၎င်းတို့ ပေါ်လွင်နေသည့်အတိုင်း ညွှန်းဆိုရာတွင် သုံးနေကျ၊ လက်တွေ့ သိမြင်တွေ့ကြုံမှုအရပြောဆိုသုံးနှုန်းသည့် စကားအဖြစ်သာ ယူကြသည်။ ၎င်းသည် ယနေ့ခေတ်ကမ္ဘာတွင် "နေထွက်သည်" နှင့် "နေဝင်သည်" စသည်ဖြင့် ပြောဆိုသုံးနှုန်းပုံမျိုးနှင့် တူညီသည်။ နေစကြာဝဠာအကြောင်း သိပ္ပံတွေ့ရှိမှု၏ အားသာချက်သည် ကျွန်ုပ်တို့အား ဓမ္မဟောင်းကျမ်း သမိုင်းဝင်မှုဆိုင်ရာ စိတ်ချယုံကြည်ရမှုကို ငြင်းပယ်ရာ မရောက်စေခဲ့ပါ။ သို့သော် ဓမ္မဟောင်း၏ ဤအပိုင်း အနက်ဖွင့်မှုကိုမူ ကျွန်ုပ်တို့အား ကူညီ အမှားပြင်ပေးနိုင်ခဲ့သည်။

သိပ္ပံတွေ့ရှိချက်များနှင့် ကျမ်းစာတို့ ရုံဖန်ရံခါ သဟဇာတ ဖြစ်ပုံ မရသည့် တတိယ အကြောင်းတရားရှိပါသေးသည်။ ၎င်းမှာ နှစ်ခုလုံးကို ကျွန်ုပ်တို့ အမြင်လွဲနေ၍ပင် ဖြစ်သည်။ သိပ္ပံပညာရှင်များသာမက အနက်ဖွင့်သူများလည်း မှားတတ်ကြပါသည်။ သို့ဖြစ်၍ သိပ္ပံပညာရှင်များသော်၎င်း၊ အနက်ဖွင့်သူများသော်၎င်း လွဲမှားကြောင်းကို နောင်သုတေသနများက ပြသလိမ့်မည်ဆိုသည့် ဖြစ်နိုင်ခြေအတွက် ကျွန်ုပ်တို့ အမြဲတစေ လမ်းဖွင့်ထားရမည် ဖြစ်ပါသည်။

ဓမ္မဟောင်း သမိုင်းကြောင်း သရုပ်ခွဲမှုကို ကျွန်ုပ်တို့ လိုက်စားသည်နှင့်အမျှ တကယ့်သမိုင်းစစ်နှင့် ဓမ္မဟောင်း မှတ်တမ်းတင်မှု တို့အကြား ကွဲလွဲသည်ဟု ယူဆရမှုအချို့အား ဘယ်သောအခါမျှ ဖြေရှင်းနိုင်မည် မဟုတ်သည်ကိုလည်း ကျွန်ုပ်တို့ လက်ခံထားကြရပါမည်။ လေ့လာမှု စည်းမျဉ်းတိုင်းသည် ဓမ္မဟောင်း သမိုင်းဝင်မှုဆိုင်ရာ ယုံကြည်စိတ်ချရမှုကို ကျွန်ုပ်တို့ ကိုးစားမှုအပေါ် စိမ်ခေါ်ချက်အသစ်များအား ဆက်လက်တင်ပြပေးနေပါလိမ့်မည်။ သို့သော် အဆိုပါ စိမ်ခေါ်မှု ရှိသမျှကို ဖြေရှင်းနိုင်ဖို့ ကျွန်ုပ်တို့ မျှော်လင့်မထားသင့်ပါ။ သိနားလည်မှု အတိုင်းအတာတစ်ခုထိ ကျွန်ုပ်တို့ မကြာခဏ ရောက်ရှိနိုင်ကြပါသည်။ ယုံကြည်ရလောက်သော အဖြေများကိုပင်လျှင် ပေးနိုင်ကြပါလိမ့်မည်။ သို့သော် သမိုင်းကြောင်းဆိုင်ရာ အခက်အခဲ ရှိသမျှကို ဖယ်ရှားနိုင်သည်ထိတော့ ရောက်လာမည် မဟုတ်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သိပ္ပံအမြင်တို့နှင့် ဓမ္မဟောင်း သမိုင်းမှတ်တမ်းတို့အကြား မည်သည့် အားပြိုင်မှုမျိုး ရှိနေပါစေ၊ ဘုရားသခင်၏ သစ္စာရှိသော လူမျိုးတို့သည် သမ္မာကျမ်းစာအကြောင်း ခရစ်တော်နှင့် သူ၏ ပထမ ရာစုနှစ် တမန်တော်များ၊ ပရောဖက်များ၏ သွန်သင်ချက်ကို လိုက်နာကြရမည် ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းကို ဘုရားသခင် မှုတ်သွင်းတော်မူခြင်းသည် ၎င်း၏ သမိုင်းဝင် မှန်ကန်မှုကို ထူထောင်ပေးခြင်း ဖြစ်သည်။ ဤအကြောင်းကြောင့်ပင် သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်အဖြစ် ဓမ္မဟောင်းကို ကျွန်ုပ်တို့ ချဉ်းကပ်ခြင်းသည် မှန်ကန်မှု ရှိနေပါသည်။

ကျမ်းစာ၏ ဝိသေသလက္ခဏာက သမိုင်းကြောင်း သရုပ်ခွဲမှုကို မည်သို့ ထောက်ကူကြောင်း ကျွန်ုပ်တို့ တွေ့မြင်ပြီးသည်ဖြစ်၍ ဤဓမ္မဟောင်းကျမ်း ချဉ်းကပ်မှုအတွက် အခြေခံ သို့မဟုတ် ကျိုးကြောင်းဆီလျော်မှုဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ၎င်းသည် သမ္မာကျမ်းလာ ဥပမာများပင် ဖြစ်ကြသည်။

## သမ္မာကျမ်းလာ ဥပမာများ

ကျမ်းစာတွင် ဓမ္မဟောင်းကျမ်း၏ သမိုင်းကြောင်းဆိုင်ရာ မှန်ကန်မှုကို အတည်ပြုပေးသော သမ္မာကျမ်းရေးသူများ၊ အခွင့်အာဏာရှိသော သမ္မာကျမ်း ဇာတ်ကောင်များ အကြောင်း ဥပမာများစွာ ပါရှိနေသည်။ ကျမ်းစာရှိသမျှထဲတွင် ဓမ္မဟောင်းကျမ်း၏ ယုံကြည်စိတ်ချရဖွယ် သမိုင်းဝင်မှုကို မေးခွန်းထုတ်သည့် ကျမ်းရေးသူတို့၏ ဥပမာ တစ်ခုတစ်လေမျှပင် မရှိပါ။ ဥပမာအားဖြင့် ရာဇဝင်ချုပ်ရေးသားသူ၏ နည်းဟန်ကို စဉ်းစားကြည့်ပါ။ ၁ရာချုပ် ၁း၁-၄တွင် ဆွေစဉ်မျိုးဆက် စာရင်းများ တင်ပြရာ၌ ၎င်းသည် ဓမ္မဟောင်း သမိုင်းဝင်ပုံပေါ် မှီခိုထားရသည်။ ဆွေစဉ်မျိုးဆက် စာရင်းများကို ဤပုံစံဖြင့် သူအစပြုခဲ့သည်။

> အာဒံ၊ ရှေသ၊နေ့တ်၊ ကာဣနန်၊ မဟာလေလ၊ ယာရက်၊ ဧနောက်၊ မသုရှလ၊ လာမက်၊ နောဧ၊ ရှေမ၊ ဟာမ၊ ယာဖက်တည်း (၁ ရာချုပ် ၁း၁၄)။

ခေတ်သစ် ခရစ်ယာန်များအတွက်မူ ရာဇဝင်ချုပ်ဆရာသည် မှတ်သားဖွယ်ရာတစ်ခုကို ပြုထားခဲ့သည်။ ကမ္ဘာဦးကျမ်း အဖွင့်အခန်းကြီးများမှ ပုဂ္ဂိုလ် တစ်ဆယ့်သုံးဦးကို ရည်ညွှန်း ဖော်ပြခြင်းဖြင့် ကမ္ဘာဦးကျမ်း၏ ပထမဆုံး အခန်းကြီး ငါးခန်းသည် သမိုင်းကြောင်းအဖြစ် စိတ်ချကိုးစားရကြောင်း ၎င်းက မှတ်ယူခဲ့သည်။ ခေတ်သစ် လူတို့အဖို့ အဆိုပါ အခန်းကြီးများအား ဒဏ္ဍာရီ သို့မဟုတ် စိတ်ကူးယဉ်ပုံဝတ္ထု အဖြစ်သာ စဉ်းစားကြသည်။ သို့သော် ရာဇဝင်ချုပ်ဆရာသည် သမိုင်းကြောင်း ယုံကြည် စိတ်ချရမှု အပေါ် သူ အပြည့်အဝ စိတ်ချကိုးစားကြောင်း ကမ္ဘာဦး အဖွင့်ခန်းများမှာပင်လျှင် ထင်ရှားဖော်ပြခဲ့သည်။ အခြားသော ဓမ္မဟောင်းကျမ်း များစွာကို သူဆက်လက် ကိုးစားယုံကြည်သွားစဉ်တွင် ကမ္ဘာဦးကျမ်းအား အခွင့်အာဏာရှိသော ပြတင်းပေါက်အဖြစ် သူအသုံးပြုခဲ့သည်။

ထိုနည်းတူစွာပင် တမန်တော်အခန်းကြီး ၇ ထဲရှိ သတေဖန်၏ စကားပြောကို ရှင်လုကာ မှတ်တမ်းတင်ပုံအား စဉ်းစားကြည့်ပါ။ ဓမ္မဟောင်း အပိုင်းကဏ္ဍ အမျိုးမျိုးကို အသုံးပြုပြီး အာဖြဟံ၊

ဣဇက်၊ ယာကုပ်၊ ယောသပ်၊ မောရှေ၊ အာရုန်၊ ယောရှု၊ ဒါဝိဒ် နှင့် ရှောလမုန်တို့ကို သမိုင်းဝင် ပုဂ္ဂိုလ်များအဖြစ် သတေဖန်က ပြောဆိုခဲ့သည်။ ဓမ္မဟောင်းထဲ မှတ်တမ်းတင်ထားသည့် သူတို့အကြောင်း ဖြစ်စဉ်များသည် အချက်အလက်မှန်များ ဖြစ်ကြောင်း သူအတည်ပြုခဲ့သည်။ သတေဖန် သဘောအရ ဆိုရလျှင် ဓမ္မဟောင်းထဲက သမိုင်းကြောင်း အစီရင်ခံချက်သည် အစစ်အမှန်ပင် ဖြစ်သည်။ သူ၏ အပေါင်းအသင်း ယုဒလူမျိုးများအား ခရစ်တော်ကို နောင်တနှင့် ယုံကြည်လက်ခံဖို့ ဖိတ်ခေါ်ရာ၌ ထို သမိုင်းကြောင်း မှတ်တမ်းကို သူ၏ ဓမ္မပညာအခြေခံအဖြစ်ဖြင့် အသုံးပြုခဲ့သည်။

> သမ္မာကျမ်းရေးသူတို့သည် သမိုင်းကြောင်းအတွင်း ဘုရားသခင် အမှုဆောင်နေကြောင်း ယုံကြည်စွဲမှတ်ထားကြသည်။ သို့ဖြစ်၍ ဓမ္မဟောင်း အစောပိုင်း စာမျက်နှာများ ဥပမာ တရားဟောရာ အခန်းကြီး ၂၆ မှာကတည်းက ဣသရေလတို့၏ ဝတ်ပြုကိုးကွယ်မှုသည် ဘုရားသခင်၏ ပြုမူလုပ်ဆောင်ချက်များ၌ မြစ်ဖျားခံထားသည်။ ဣသရေလတို့သည် သူတို့၏ ပူဇော်သက္ကာများကို ဝတ်ပြုကိုးကွယ်ရာသို့ ယူဆောင်လာပြီး "အရပ်ရပ်သို့ လှည့်လည်သော ရှုရိအမျိုးသားသည် အကျွန်ုပ် ၏ အဘ (အာဗြဟံ) ဖြစ်ပါ၏" ဟု ပြောဆိုရကြောင်း ကျွန်ုပ်တို့ကို ပြောထားသည်။ သို့ဖြစ်၍ ဘုရားသခင့်လူတို့၏ ဝတ်ပြုမှု ကဏ္ဍ တစိတ်တပိုင်းသည် အမြဲတစေ သမိုင်းကြောင်းကို ပြန်လှန် ပြောဆိုခြင်း၊ ဥပဒများကို ပြန်လည် ထုတ်ပြန်ခြင်း၊ သမိုင်းတွင် ဘုရားသခင်ပြုလုပ်ပေးခဲ့သမျှကို ပြန်ပြောင်းသတိရစေခြင်းတို့ ဖြစ်ကြသည်။ ဤအရာကို ရှင်ပေါလုမှာလည်း ကျွန်ုပ်တို့ တွေ့ရသည်။ ပိသိဒိပြည် အန္တိအုတ်မြို့ရှိ တရားဇရပ်တွင် သူ တရားဟောစဉ် ဘုရားသခင့် လူတို့အကြား ဘုရားသခင် ပြုတော်မူသောအမှုအကြောင်းကို သူပြောဆိုနေခြင်း ဖြစ်သည်။ ထွက်မြောက်ခြင်းနှင့် သူစတင်သည်။ တရားသူကြီး ခေတ်ကာလထဲသို့လည်း သူဝင်ရောက်သည်။ ဘုရားသခင်သည် ခေါင်းဆောင်များကို ပေါ်ထွန်းစေခဲ့ကြောင်း သူပြောဆိုသည်။ သူအသုံးပြုသည်မှာ ဘုရားသခင်သည် သူ၏ အားကြီးသောလက်တော်ဖြင့် ဒါဝိဒ်၏ သားတော်ကို ပေါ်ထွန်းစေခဲ့ပြီး သူ့အား သေခြင်းမှလည်း ပြန်လည်ထမြောက်စေခဲ့သည် ဆိုသည့် အာဘော် ဖြစ်သည်။ ထို့ကြောင့် သမိုင်းအတွင်း ဘုရားသခင် ပြုတော်မူသည့် အမှုနှင့် ထိုအမှုကို ရှင်းပြရာ၌ ကျမ်းစာကို အသုံးချခြင်း၊ ထိုအမှုအတွက်လည်း သူတို့၏ ဖြစ်စဉ်များအပေါ် မှီခိုရခြင်း တို့သည် သမ္မာကျမ်းရေးသူတိုင်း လုပ်ဆောင်သည့် အရာတစ်ခုပင် ဖြစ်သည်။
>
> ဒေါက်တာ Gregory R. Perry

သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်အဖြစ်ဓမ္မဟောင်းကို ချဉ်းကပ်ခြင်း၏ အခြေခံကို ကျွန်ုပ်တို့ ကြည့်ပြီး ဖြစ်၍ ဤအနက်ဖွင့် မဟာဗျူဟာ၏ စူးစိုက်မှုသည် အဘယ်နည်း ဟူသည့် ဒုတိယ အရေးအရာဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဓမ္မဟောင်းကျမ်းစာအုပ်တို့၏ သမိုင်းကြောင်း သရုပ်ခွဲမှု၏ ပန်းတိုင်များမှာ အဘယ်နည်း။

# စူးစိုက်မှု

ယေဘူယျ ဝေါဟာရများအရ သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်အဖြစ် ဓမ္မဟောင်းကို ကိုင်တွယ်ခြင်း၌ အခြားသော ကျမ်းစာ ချဉ်းကပ်နည်းများမှာကဲ့သို့ပင် တူညီသောပန်းတိုင် ရှိနေသည်။ သစ္စာစောင့်သိသူတို့သည် သူတို့ကို အုပ်စိုးသည့် ရှင်ဘုရင် ဘုရားသခင်၏ အလိုတော်ကို သိရှိရန် ရှာဖွေကြသည်။ သို့သော် သမိုင်းကြောင်းဆိုင်ရာ သရုပ်ခွဲမှု၌ ဘုရားသခင်က သူ့လူများသို့ ဘာတွေ ဆက်သွယ်ပြောကြားထားသည်ကို ရှာဖွေတွေ့ရှိရန် အတော်ပင် တိကျသည့် နည်းလမ်းရှိနေပါသည်။ ဓမ္မဟောင်းကျမ်း၏ သမိုင်းကြောင်း သရုပ်ခွဲမှု အခြေခံအကျဆုံး ပုံစံသည် သမိုင်းကြောင်းဆိုင်ရာ ပြန်လည် တည်ဆောက်မှုပင် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းကို အလွယ် အသုံးပြုပြီး အခြားသော အထောက်အထားများပါရှိလျက် အတိတ်တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သည်တို့ကို ပြဌာန်းခြင်း ဖြစ်သည်။ သို့သော် သမိုင်းကြောင်း သရုပ်ခွဲမှုသည် ဓမ္မပညာသဘောအရ ကွဲပြားခြားနားသည့် ပုံစံကိုလည်း ဆောင်ယူထားခဲ့ပြီး ဖြစ်သည်။ အတိတ်ကာလက ဘုရားသခင်၏ လှုပ်ရှားပြုမူချက်များနှင့် နှုတ်ထွက်စကားများကို ရှာဖွေတွေ့ရှိရန်နှင့် ထို့နောက်၌ ဘုရားသခင့်လူတို့ဘဝ အသက်တာတွင် သူတို့၏ ဓမ္မပညာဆိုင်ရာ ထူးခြားလေးနက်မှုကို လက်တွေ့အသုံးချရန်တို့အတွက် သမိုင်းကြောင်းကို လှစ်ကြည့်ရာ ပြတင်းပေါက်အဖြစ် ဓမ္မဟောင်းကို အသုံးပြုခဲ့ကြသည်။

ပြီးခဲ့သည့် ရာစုနှစ်တွင် ရေပန်းစားသော ဓမ္မပညာဆိုင်ရာ သမိုင်းကြောင်း သရုပ်ခွဲမှုပုံစံတစ်မျိုးသည် "သမ္မာကျမ်း ဓမ္မပညာ" အဖြစ် အသိများလာကြသည်။ "သမ္မာကျမ်း ဓမ္မပညာ" ဟူသော ဝေါဟာရ သည် သမ္မာကျမ်းကို ချဉ်းကပ်နည်း အတော်များများအား ရည်ညွှန်းနိုင်သည်။ သို့သော် ဧဝံဂေလိ ခရစ်ယာန်တို့အ ကြား ပျံ့နှံ့နေသည့် သမ္မာကျမ်း ဓမ္မပညာ ပုံစံ တစ်ခုကိုသာ မီးမောင်းထိုးပြလိုပါသည်။

ဤ ထင်ရှားပေါ်လွင်သော သမ္မာကျမ်း ဓမ္မပညာ ပုံစံသည် ယေဘူယျအားဖြင့် အဓိက အဆင့် နှစ်ဆင့်ပေါ်တွင် စူးစိုက်ထားပါသည်။ ဦးစွာ သမ္မာကျမ်း ဓမ္မပညာရှင်များက သမိုင်းကြောင်း ကာလအပိုင်းအခြားများကို "တစ်ပြိုင်နက် ခြုံငုံ ထားသော လျှပ်တပြက် ရိုက်ယူချက်" ဟု ကျွန်ုပ်တို့ ခေါ်နိုင်မည့် အဆင့်ကို ဖန်တီးကြသည်။ ဒုတိယအားဖြင့် "သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ" ဟု ကျွန်ုပ်တို့ ခေါ်နိုင်မည့် အဆင့်ကို ဓမ္မဟောင်း သမိုင်းတလျှောက် သူတို့ လေ့လာဖော်ထုတ်ကြသည်။ အဆိုပါ အဆင့် နှစ်ဆင့်သည် ပုံစံများစွာဖြင့် အချင်းချင်း အပြန်အလှန် ဆက်သွယ်နေကြသည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတွက် တစ်ခုချင်းစီကို သီးခြားလေ့လာကြပါမည်။ ဦးစွာ တစ်ပြိုင်နက် ခြုံငုံထားသော လျှပ်တပြက် ရိုက်ယူချက်ကို ဖန်တီးခြင်းနှင့် အစပြုပါမည်။

## တစ်ပြိုင်နက် ခြုံငုံထားသော လျှပ်တပြက် ရိုက်ယူချက်

"တစ်ပြိုင်နက် ခြုံငုံထားသော" ဟူသည့် ဝေါဟာရသည် သတ်မှတ်ပြဋ္ဌာန်းထားသော အချိန်ကာလအတွင်း ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို ရည်ညွှန်းသည်။ သမ္မာကျမ်း ဓမ္မပညာရှင်များက သမ္မာကျမ်း သမိုင်းကြောင်း အချိန်ကာလတစ်ခုအပေါ် စူးစိုက်ခြင်းနှင့် ထို့နောက်၌ အဆိုပါ ကာလအတွင်း ဖြစ်ပေါ် ခဲ့သည့် ဘုရားသခင့် လုပ်ဆောင်မှုနှင့် စကားများ၏ ရှုပ်ထွေးသည့် ကွန်ယက်များကို အကျဉ်းချုပ်ပေးခြင်းဖြင့် တစ်ပြိုင်နက် ခြုံငုံထားသော လျှပ်တပြက် ရိုက်ချက်များကို ဖန်တီးသည်။ အဆိုပါ အကျဉ်းချုပ်များသည် သမ္မာကျမ်း သမိုင်းကြောင်းအတွင်း ကန့်ထားသော အချိန် အပိုင်းအခြားများကို တစ်ပြိုင်နက် ခြုံငုံထားသော ယူနစ်များ သို့မဟုတ် အပိုင်းကဏ္ဍများ အဖြစ် မှတ်ယူထားသည်။

ယခုတွင် ဓမ္မဟောင်း သမိုင်းကြောင်းသည် မြစ်တစ်မြစ်စီးဆင်းသကဲ့သို့ ဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရဖို့ လိုပါသည်။ ၎င်း၏ သမိုင်းကြောင်းကို ထင်ရှားသိသာသော အကန့်များအဖြစ် ပိုင်းခြားထားခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ ဓမ္မဟောင်း သမိုင်းကြောင်း၏ တစ်ပြိုင်နက် ခြုံငုံထားသော လျှပ်တပြက်ရိုက်ချက်များစွာကို ဖန်တီးခြင်းသည် သဘာဝမကျဘဲ လူက ဖန်တီးလုပ်ယူထားသည့် သဘောဆန်သည်။ စီးဆင်းနေသော မြစ်တစင်းကို သိသာခြားနားသော အကန့်များ အဖြစ် ပိုင်းခြားနေသလိုမျိုးနှင့် များစွာ အလားတူသည်။ သို့တိုင်အောင် မြစ်တစင်း၏ ကွဲပြားခြားနားသော အကန့်များအဖြစ် ပြောဆိုခြင်းသည် အကျိုးရှိနေနိုင်ပါသေးသည်။ ထိုနည်းတူစွာပင် ဓမ္မဟောင်း သမိုင်းကြောင်းကို အချိန်ကာလများအဖြစ် ပိုင်းခြား၍ ထိုအချိန်ကာလများအတွင်း ဘုရားသခင် ဘာလုပ်ဆောင်ခဲ့ကြောင်း နှင့် ဘာပြောခဲ့ကြောင်းတို့ကို အကျဉ်းချုပ်ခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။ ဤအရာကို မတူခြားနားသော ပုံစံအမျိုးမျိုးဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်ပါသည်။

ကျွန်ုပ်တို့၏ စောစောပိုင်း ဘုရားသခင့် နိုင်ငံတော်အကြောင်း သင်ခန်းစာထဲတွင် ရှေးဦး ကမ္ဘာ့သမိုင်းအနေနှင့်၎င်း၊ ဣသရေလ နိုင်ငံတော်၏ သမိုင်းအနေဖြင့်၎င်း၊ အနာဂတ် ဓမ္မသစ်သမိုင်းကြောင်း အနေဖြင့်၎င်း ကျွန်ုပ်တို့ ပြောဆိုခဲ့တာ ရှိပါသည်။ အဆိုပါ ကာလ တစ်ခုချင်းစီအတွင်း ဘုရားသခင် ဘာပြောသည်နှင့် ဘာလုပ်ဆောင်ခဲ့သည်တို့ကို သတိပြုမှတ်သားခြင်းသည် ဘုရားသခင့် နိုင်ငံတော်အကြောင်း များစွာသော အရာတို့ကို သိနားလည်ရန် ကျွန်ုပ်တို့ကို ထောက်ကူပေးခဲ့ပါသည်။

သို့သော် ဘုရားသခင့် ပဋိညာဉ်များအကြောင်း ကျွန်ုပ်တို့၏ သင်ခန်းစာထဲ၌ သမ္မာကျမ်းစာ သမိုင်းကြောင်းကို ပဋိညာဉ်ကာလများအဖြစ် ကျွန်ုပ်တို့ ပိုင်းခြားခဲ့သည်ကိုလည်း သင်ပြန်အမှတ်ရမိပါလိမ့်မည်။ ဘုရားသခင်၏ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်များအကြောင်း၊ ဘုရားသခင်၏ အမျိုးသားရေး ပဋိညာဉ်များအကြောင်း နှင့် ဘုရားသခင်၏ အနာဂတ် ပဋိညာဉ်သစ် အကြောင်း ကျွန်ုပ်တို့ ပြောဆိုထားခဲ့ပါသည်။ ထို့နောက် အဆိုပါ ခေတ်အပိုင်းအခြားကြီး သုံးခုကို ပို၍သေးငယ်သော ကာလအပိုင်းအခြားများ အဖြစ် ကျွန်ုပ်တို့ ဆက်လက် ပိုင်းခြားသွားခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်များထဲတွင် အာဒံဖြင့် ဖွဲ့သော ပဋိညာဉ်ခေတ် ပါဝင်ခဲ့သည်။ ၎င်းသည် အခြေခံ အုတ်မြစ်များဆိုင်ရာ ပဋိညာဉ်ဖြစ်ပြီး နောနှင့် ဖွဲ့သော ပဋိညာဉ်မှာမူ တည်ငြိမ်မှု ဆိုင်ရာ ပဋိညာဉ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်သည်။ ထို့နောက် အမျိုးသားရေး ပဋိညာဉ်များကို အာဖြဟံ၏ အချိန်ကာလများ အဖြစ် ကျွန်ုပ်တို့ ပိုင်းခြားခဲ့ကြသည်။ ၎င်းသည် ဣသရေလ နိုင်ငံတော်ဆိုင်ရာ ရွေးကောက်ခြင်း သို့မဟုတ် ကတိတော်ဆိုင်ရာ ပဋိညာဉ် ဖြစ်သည်။ မောရှေနှင့် ပညတ်တော် ဆိုင်ရာ ပဋိညာဉ်ကို ဖွဲ့၍ ဒါဝိဒ်နှင့် မူကား ရှင်ဘုရင်အဖြစ် အုပ်စိုးခြင်း ဆိုင်ရာ ပဋိညာဉ်ကို ဖွဲ့ခဲ့သည်။ ထို့ပြင် ပဋိညာဉ်သစ်ကာလကိုလည်း ကျွန်ုပ်တို့ ပိုင်းကန့်ခဲ့ကြပြန်သည်။ ၎င်းသည် ပြီးပြည့်စုံမှု ဆိုင်ရာ ပဋိညာဉ် ဖြစ်ပြီး အစပြုဖွင့်လှစ်ခြင်း၊ အလျဉ်မပြတ် ဆက်လက် ဖြစ်ပေါ်ခြင်းနှင့် အဆုံးသတ် ပြည့်စုံခြင်းတို့ ပါဝင်သည်။ အဆိုပါ ပိုင်းခြားမှုတို့က ကွဲပြားခြားနားသော ပဋိညာဉ်များအားဖြင့် ဘုရားသခင် ထူထောင်တော်မူခဲ့သော အခြေခံ နိုင်ငံတော် မူဝါဒများကို ကျွန်ုပ်တို့ ပိုင်းခြားခွဲသိစေရန် အကူအညီပေးခဲ့သည်။ သို့သော်လည်း သမိုင်းကြောင်းကို ပိုင်းခြားကန့်ကွက်ခြင်းသည် တပြိုင်နက် ခြုံငုံထားသော ဓမ္မဟောင်း သမိုင်းကြောင်း ဆိုင်ရာ လျှပ်တပြက် ရိုက်ချက်များကို ဖန်တီးနည်းများစွာထဲက နည်းနှစ် နည်းမျှသာ ဖြစ်ကြသည်။

ဉပမာအားဖြင့် ဝက်စ်မင်စတာ ယုံကြည် ဝန်ခံချက်၏ အခန်းကြီး ၇ က "အကျင့်ဆိုင်ရာ ပဋိညာဉ်များ" ၏ ကာလကို ကိုးကားထားသည်။ ၎င်းတို့သည် အာဒံ အပြစ်ထဲသို့ မကျဆင်းမီ အချိန်ဖြစ်သည်။ "ကျေးဇူးတော် ပဋိညာဉ်" သည် ဓမ္မသစ် အပါအဝင် ကျန်သည့် ကျမ်းစာသမိုင်း တလျှောက်ကို လွှမ်းခြုံထားသည်။ ဓမ္မဟောင်းအချိန်ကာလဟု ဆိုလိုသည့် ပညတ်တရား၏အောက်တွင် ရှိသော အချိန်ကာလနှင့် ဓမ္မသစ်အချိန်ကာလဟု ဆိုလိုသည့် ဝမ်းမြောက်ဖွယ်သတင်းကောင်း အောက်တွင် ရှိသော အချိန်ကာလတို့အကြားရှိ ကျေးဇူးတော် ပဋိညာဉ်၌ အရေးကြီးသော ပိုင်းခြားခွဲထားမှုကိုလည်း ၎င်းက ရည်ညွှန်းထားသည်။

ပြီးခဲ့သည့် ရာစုနှစ်တွင် ကျယ်ကျယ်ပြန့်ပြန့် လေးစားမှုကို ခံယူရရှိသော ပရင်စတန် စာသင်တိုက်မှ သမ္မာကျမ်း ဓမ္မဗေဒ ပညာရှင် Geerhardus Vos က အခြားသော စံနှုန်းများကို သုံးပြီး ဓမ္မဟောင်းကို ပိုင်းခြားခဲ့သည်။ ပဋိညာဉ်များအပေါ် စူးစိုက်ခြင်းအစား ပုံပန်းသဏ္ဌာန်နှင့် ဗျာဒိတ်ဖွင့်လှစ်ဖော်ပြချက်၏ ပါဝင် အကြောင်းအရာတို့၌ အဓိက အပြောင်းအလဲ ဖြစ်မှုများပေါ်မူတည်၍ အချိန်ကာလများကို သူ ဖော်ထုတ်ထားခဲ့သည်။ အပြစ်သို့ မကျဆုံးမီ ရွေးနှုတ်ခြင်း အကြို ခေတ်ကာလ၊ ကျဆုံးပြီးသည်မှစ၍ ဒေင်မှ အာဒံနှင့် ဧဝမောင်နှံ မောင်းထုတ်မခံရမီ အချိန်ထိ ပထမဆုံး ရွေးနှုတ်ခြင်း ခေတ်ကာလ၊ မောင်းထုတ်ခံရချိန်မှ နောလေက်ထက် ရေလွှမ်းမိုးချိန်ထိ အချိန်ကာလ၊ ရေလွှမ်းမိုးပြီးသည့်နောက်မှ စ၍ လူမျိုးစု အကြီးအကဲများအထိ အချိန်ကာလ၊ လူမျိုးစု အကြီးအကဲတို့၏ အချိန်ကာလ၊ မောရှေ၏ ကာလနှင့် မောရှေနောက်ပိုင်း ပရောဖက်တို့၏ အချိန်ကာလ စသည်တို့ကို သူပြောထားခဲ့သည်။ ဟုတ်ပါသည်။ ခရစ်ယာန် တစ်ဦးအနေဖြင့် ဓမ္မသစ်ကာလကိုပါ ထပ်ထည့်ထားခဲ့ပါသည်။

ယခုတွင် အချိန်ကာလ တစ်ခုကို ဖော်ထုတ်သတ်မှတ်လိုက်တိုင်း သမ္မာကျမ်း ဓမ္မပညာရှင်၏ အလုပ်သည် ဘုရားသခင်ကို ဖွင့်လှစ်ဖော်ပြရာ သမိုင်းဝင် အဖြစ်အပျက်များနှင့် ထိုအချိန်ကာလ အတွင်း ရှိခဲ့သည့် ကိုယ်တော်၏ အလိုတော်တို့အကြား ဖြစ်တည်နေသည့် ကွန်ယက်အပေါ် စူးစိုက်ရန်ပင် ဖြစ်သည်။ ဟုတ်ပါသည်။ မည်သည့် သမိုင်းကြောင်း အချိန်ကာလမှာမဆို ဖြစ်ခဲ့သည့် အဖြစ်အပျက် ရှိသမျှတို့သည် တစ်ခုနှင့် တစ်ခု ဆက်နွယ်ပတ်သက်လျက် ရှိနေခဲ့ပါသည်။ သို့သော် ကျမ်းစာက အချို့သော အဖြစ်အပျက်များကို အခြားသော အဖြစ်အပျက်များထက် မီးမောင်းထိုးပြလျက် ရှိနေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့် သမ္မာကျမ်း ဓမ္မပညာရှင်များက စံသဘောအနေနှင့် သမ္မာကျမ်း သမိုင်းကြောင်းအတွင်း အဆိုပါ ပိုမို ဖွဲ့စည်းပုံသွင်းပေးသော (ဝါ) အချက်အချာကျသော အဖြစ်အပျက်များအပေါ်တွင် စူးစိုက်ထားကြသည်။

ဥပမာဆိုရလျှင် သမ္မာကျမ်း ဓမ္မပညာရှင်များက ဣသရေလ၏ လူမျိုးစု အကြီးအကဲများ ဖြစ်ကြသော အာဗြဟံ၊ ဣဇက်၊ ယာကုပ် တို့၏ အချိန်ကာလ ဖြစ်သည့် "ကတိတော်ခေတ်ကာလ" ဟု အသိများကြသည့် ဓမ္မဟောင်း သမိုင်းကြောင်း အပိုင်းကဏ္ဍအပေါ် စူးစိုက်ကြသည့်အခါ ဘုရားသခင်သည် ဤအချိန်ကာလ၌ အခြေခံအားဖြင့် တိုက်ရိုက်မိန့်မြွက်ခြင်း၊ ရူပါရုံပေးခြင်း၊ အိပ်မက်ပေးခြင်းများ အားဖြင့် မိမိကိုယ်မိမိ ဖွင့်လှစ်ဖော်ပြခဲ့ကြောင်းကို မကြာခဏ သူတို့ လေ့လာ မှတ်သားမိခဲ့ကြသည်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့၏ သားစဉ်မြေးဆက်တို့အပေါ်တွင် လူမျိုးဆိုင်ရာ စူးစိုက်မှုကိုလည်း ကျဉ်းယူခဲ့ကြောင်း သူတို့ မှတ်သားမိခဲ့ကြသည်။ လူမျိုးစု အကြီးအကဲတို့သည် ပလ္လင်များစွာတည်ပြီး ဝတ်ပြုကိုးကွယ်မှုကို လုပ်ဆောင်ခဲ့ကြကြောင်း သူတို့ တွေ့မြင်ကြသည်။ လူမျိုးစု အကြီးအကဲတို့အား သားမြေးများစွာ ရစေမည့် ကတိတော် ပေးခဲ့သည်ကိုလည်း သူတို့ ဖော်ပြခဲ့ကြသည်။ ဘိုးဘွားများသို့ နယ်မြေပေးမည့် ကတိတော်၏ အရေးပါပုံကိုလည်း သူတို့ သတိပြုမိခဲ့ကြသည်။ အဆိုပါ လေ့လာမှတ်သားမှုမျိုးစုံသည် ထိုခေတ်သမိုင်း ဘောင် တလျှောက် အဓိက ကဏ္ဍများတွင် ပါဝင်ခဲ့သည့် ဖွဲ့စည်းပုံသွင်းပေးသည့် အဖြစ်အပျက်များကို ဖော်ထုတ်ရင်း လူမျိုးစု အကြီးအကဲများ ခေတ်ကာလကို ယေဘူယျ လက္ခဏာဖော်ဆောင်သည့် ကြိုးပမ်းချက်များ ဖြစ်ကြသည်။

သို့တည်းမဟုတ် မောရှေက ဣသရေလတို့အား ကတိတော်နယ်မြေ သိမ်းပိုက်အောင်မြင်ရေးဆီသို့ ထွက်မြောက်ခြင်းအားဖြင့် ဦးဆောင်ချိန် ဖြစ်သည့် "ပညတ်တော် ခေတ်ကာလ" အပေါ် စူးစိုက်ရန် သမ္မာကျမ်း ဓမ္မပညာရှင်တို့က ရွေးချယ်သည့်အခါ ဘုရားသခင်သည် မောရှေသို့ပေးသော ပညတ်တော်အားဖြင့် မိမိကိုယ်မိမိ မည်သို့ ဖွင့်လှစ်ဖော်ပြခဲ့သည် ဆိုသည့်အပေါ် အခြေခံအားဖြင့် သူတို့ စူးစိုက်မြဲ ရှိကြသည်။ သူတို့သည် ဣသရေလ အပေါ် ကျဉ်းယူထားသည့် လူမျိုးရေး ဆိုင်ရာ စူးစိုက်မှုမှ အမျိုးသားရေး စူးစိုက်မှုအဖြစ် မည်သို့ ကြီးထွားလာခဲ့သည် ဆိုသည်ကိုလည်း လေ့လာမှတ်သားမိကြသည်။ တဲတော်ကို မည်သို့ ဆောက်လုပ်ခဲ့ကြောင်းနှင့် ဝတ်ပြုကိုးကွယ်မှုသည် မည်သို့ ဇဟိုဦးစီးဆန်ခဲ့ကြောင်း သူတို့ ဖော်ပြကြသည်။ ဣသရေလသည် ကြီးမားသော အရေအတွက်သို့ ကြီးထွားလာခဲ့ကြောင်း သူတို့ မှတ်သားထားကြသည်။ ဘုရားသခင်သည် ဣသရေလကို မည်သို့ ဦးဆောင်ပြီး ကတိတော်နယ်မြေကို ပိုင်ဆိုင်စေခဲ့ကြောင်း သူတို့ ပြသကြသည်။ မောရှေ၏ ကာလသည် ယေဘူယျအားဖြင့် အဆိုပါ အဖြစ်အပျက်မျိုးတို့နှင့် လက္ခဏာဆောင်နေခဲ့ပြီး သမ္မာကျမ်း သမိုင်းကြောင်း၏ အဆိုပါကာလအတွက် လျှပ်တပြက် ရိုက်ချက်ကို ကျွန်ုပ်တို့အား ပေးနေသည်။

ဘုရားသခင့် အကြံအစည်တော်ကို အမျိုးမျိုးအဖုံဖုံသော ခေတ်များ၊ ကာလများ အဖြစ် ပိုင်းခြားထားသည့် အကြောင်း ဓမ္မပညာရှင်များက ပြောမြဲရှိကြသည်။ ဓမ္မသစ်က ဓမ္မဟောင်းကို မည်သို့ ပိုင်းခြားထားသည် ဆိုသည့်

> ဥပမာအများကိုလည်း ဓမ္မသစ်တွင် ကျွန်ုပ်တို့ တွေ့ရသည်။ ရှင်မဿဲ၏ ဆွေစဉ်မျိုးဆက်စာရင်းကို သင်စဉ်းစားကြည့်ပါ။ ၎င်းသည် အာဖြဟံနှင့် စပြီး ဒါဝိဒ်အထိ လုပ်ဆောင်သွားသည်။ ၎င်းသည် ဓမ္မဟောင်းသမိုင်းကို အာဖြဟံမှ ဒါဝိဒ်၊ ဒါဝိဒ်မှ ကျွန်ခံရာကာလ၊ ကျွန်ခံရာကာလမှသည် ခရစ်တော်ထိ ပိုင်းဖြတ်ကြည့်ထားသည်။ ထိုအချက်သည် သမ္မာကျမ်းစာက ဓမ္မဟောင်း သမိုင်းကြောင်းကို ပိုင်းခြားသော နည်းလမ်းပင် ဖြစ်သည်။ ဓမ္မသစ်က ပိုင်းခြားပြသည့် အခြားနည်းလမ်း များစွာလည်း ရှိပါသေးသည်။ ရောမ အခန်းကြီး ၅ နှင့် ၁ကော အခန်းကြီး ၁၅ ထဲက ရှင်ပေါလုကို သင်စဉ်းစားကြည့်ပါ။ ပညတ်တော်မတိုင်မီနှင့် ပညတ်တော်နောက်ပိုင်း သို့မဟုတ် အာဒံနှင့် ခရစ်တော် အကြောင်းတို့ကို သင်ပြောနိုင်ပါသည်။ သို့ဖြစ်၍ ဤအရာကို လုပ်ဆောင်ဖို့ ဓမ္မသစ်က နည်းလမ်းများစွာ ပေးထားပါသည်။
>
> ဒေါက်တာ Stephen J. Wellum

တစ်ပြိုင်နက် ခြုံငုံထားသော လျှပ်တပြက်ရိုက်ချက်များ၏ ရလာဒ်တို့ကို လက်ကိုင်ထားရင်း ဓမ္မပညာရှင်များသည် သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ ဟု ကျွန်ုပ်တို့ခေါ်ဆိုနိုင်သည့် ဒုတိယ အဆင့်သို့ အမြဲလို ရွေ့သွားကြသည်။

## သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ

"သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ" ဟူသော ဝေါဟာရမှာ အလွယ်ဆိုရလျှင် "အချိန်တလျှောက်" ဟူ၍သာ ဆိုလိုပါသည်။ အချိန်ကာလ တလျှောက် တစ်စုံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်လာပုံ (သို့မဟုတ်) ပြောင်းလဲလာပုံ နည်းလမ်းများကို ရည်ညွှန်းသည်။ ထို့ကြောင့် သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စသည် အချိန်ကာလ တလျှောက် ကာလတစ်ခုမှ နောက်ကာလ တစ်ခုသို့ ဘုရားသခင့် အပြုအမူများနှင့် နှုတ်ထွက်စကားများ အချင်းချင်း ဆက်သွယ်သည့် နည်းလမ်း ပုံစံများအပေါ်တွင် စူးစိုက်ထားသည်။

သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ ထူထောင်သည့် လုပ်ငန်းစဉ်ကို ယခုဆိုသည့် နည်းအတိုင်း ကျွန်ုပ်တို့ အကျဉ်းချုပ်၍ ရနိုင်ပါသည်။ သမ္မာကျမ်းစာ သမိုင်းရှိအမျိုးမျိုးသော အချိန်ကာလများအတွင်း ဖွဲ့စည်းပုံဖော်သည့် အဖြစ်အပျက် အချင်းချင်းတို့ကို ကျွန်ုပ်တို့ နှိုင်းယှဉ်ကြည့်သောအခါ ကာလတစ်ခုရှိ အဖြစ်အပျက်များနှင့် အခြားကာလတစ်ခုရှိ အဖြစ်အပျက်တို့အကြား တစ်ပုံစံတည်း ဖြစ်ပေါ်မှု သို့မဟုတ် နှီးနွှယ်မှုများ ရှိနေကြောင်း ကျွန်ုပ်တို့ သိမှတ်ကြရသည်။ သမ္မာကျမ်း ဓမ္မပညာရှင်များသည် အဆိုပါ နှီးနှောဆက်စပ်မှုများကို မှတ်သားပြီး ၎င်းတို့သည် ဓမ္မဟောင်းကာလ ယုံကြည်ခြင်း၌ ဖွံ့ဖြိုးတိုးတက်လာမှုများကို မည်သို့ ထင်ဟပ်နေကြောင်း ရှင်းပြကြသည်။

ဓမ္မဟောင်းကို အနက်ဖွင့်ရာ၌ အခက်ခဲဆုံးနှင့် အကြွယ်ဝဆုံး သွင်ပြင်လက္ခဏာတစ်ခုမှာ ၎င်းသည် သမိုင်းခေတ်ကာလ တစ်ခုတည်းကိုသာ ဖော်ပြခြင်း မရှိသည့် အချက်ပင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၎င်းသည် ထောင်ချီသော နှစ်များစွာအတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ထည့်သွင်း စဉ်းစားထားသည်။ ဤရှည်ကြာလှသော သမိုင်းတဆန့် ဘုရားသခင် လုပ်ဆောင်ခဲ့၊ မိန့်မြွက်တော်မူခဲ့သည်တို့ကို ကျွန်ုပ်တို့ လေ့လာသင်ယူသည့်အခါ သာမန်ကာ လျှံကာ ဖတ်သူအတွက်ပင် ဘုရားသခင့် ဖွင့်လှစ်ဖော်ပြချက်တို့သည် ဓမ္မပညာပိုင်း ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု အတန်းအစား များစွာကို ကိုယ်စားပြုနေကြောင်း ရှင်းလင်းပေါ်လွင်နေပါသည်။

အာဒံနှင့် ဖွဲ့သော ပဋိညာဉ်ကာလအတွင်း ဘုရားသခင် ဖွင့်ပြတော်မူချက်တို့သည် နောဧ ပဋိညာဉ်ကာလ၌ အလွယ်တကူ ထပ်မလာခဲ့တော့ပေ။ အာဗြဟံနှင့် ဖွဲ့သော ပဋိညာဉ်ကာလအတွင်း ဘုရားသခင် ဖွင့်လှစ်ဖော်ပြချက်တို့သည်လည်း အစောပိုင်းဖွင့်ပြချက်များကို အလွယ်တကူ ပြန်ပေးခြင်းမျိုး မဟုတ်ခဲ့တော့ပေ။ မောရှေကာလနှင့် ဒါဝိဒ်တို့၏ ပဋိညာဉ် ကာလတို့မှာလည်း အလားတူ ဖြစ်ခဲ့ကြသည်။ ပဋိညာဉ်သစ်ကာလအတွင်း ဘုရားသခင့် ဖွင့်ပြချက်သည်လည်း ဒါဝိဒ် ပဋိညာဉ်ထက် ကျော်လွန်သွားခဲ့သည်။

သို့သော် အဆိုပါ ခေတ်ကာလများ အတွင်း ဘုရားသခင့် ဖွင့်ပြချက်တို့သည် အချင်းချင်း တစ်ခုနှင့် တစ်ခု ဆန့်ကျင်ကွဲလွဲခြင်း မရှိခဲ့ပေ။ နောက်ပိုင်း ကာလများအတွင်း ဖွင့်လှစ်ဖော်ပြချက်တို့သည် ရှေ့ပိုင်းကာလများ၏ ဖွင့်လှစ်ဖော်ပြချက်များ အပေါ်မှာ ပေါင်းစည်းပြီး တည်ဆောက်သွားခဲ့သည်။ ကွဲပြားသော အချိန်ကာလများအတွင်း မတူခြားနားမှုသည် ရင့်ကျက်လာမှု သို့မဟုတ် သဘာဝအလျောက် ကြီးထွားလာမှုကို ကိုယ်စားပြုသည်။ ဓမ္မဟောင်းကာလ ယုံကြည်ခြင်းသည် မျိုးစေ့ တစ်စေ့မှ ပျိုးပင်ပေါက်ကလေး ဖြစ်လာ၍ ထိုမှတဆင့် အပင်ငယ်၊ ထိုမှတဆင့် ရင့်ကျက်သည့် အပင်ကြီးအဖြစ် ကြီးထွားလာပုံနှင့် များစွာ အလားတူသည်။ ဓမ္မဟောင်း သမိုင်းကြောင်းတွင်း အဆိုပါ ဖွံ့ဖြိုးတိုးတက်လာမှုများကို ဖော်ပြခြင်းသည် တစ်ခုချင်းစီ၏ သမိုင်းစဉ် ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ ရှာဖွေခြင်း ဟု ကျွန်ုပ်တို့ခေါ်ဆိုသည့် လုပ်ငန်းစဉ်ပင် ဖြစ်သည်။ ကျွန်ုပ်တို့ ဆိုလိုသည့်အရာကို ပုံပြရလျှင် အာဗြဟံနှင့် ဖွဲ့သော ဘုရားသခင့် ပဋိညာဉ်က အလေးပေးထားသည့် မျက်နှာစာ တစ်ခုမျှကိုသာ စဉ်းစားကြည့်ကြပါစို့။ အာဗြဟံသို့ ခါနန်နယ်ကို ပေးသော ဘုရားသခင့် ကတိတော်အား ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ကမ္ဘာဦး ၁၅း၁၈ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> ထိုနေ့၌ ထာဝရ ဘုရားသည် အာဗြဟံနှင့် ပဋိညာဉ်ပြုတော်မူလျက်
> အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော ဥဖရတ်မြစ်တိုင်အောင်
> ဤပြည်ကိုငင်း .. သင်၏ အမျိုးအနွယ်အား ငါအပ်ပေးပြီ (ကမ္ဘာ ၁၅း၁၈)။

ဤကျမ်းပိုဒ်က ညွှန်ပြနေသည့်အတိုင်း ဘုရားသခင်သည် အာဗြဟံအား သူ၏ သားမြေးတို့အတွက် ခါနန်မြေကို ပေးမည့်အကြောင်း ကတိပြုခဲ့သည်။ ဤအဖြစ်အပျက်သည် လူမျိုးစု အကြီးအကဲ ခေတ်ကာလ၏ တစ်ပြိုင်နက် ခြိုင့်ထားသော လျှပ်တပြက် ရိုက်ချက်အကြောင်း ကောင်းစွာ ကျေညက်ထားသူတိုင်း အတွက် အချက်အချာကျသည်။

သို့သော် ဓမ္မဟောင်း သမိုင်းအတွင်း ဘုရားသခင်မှ အာဖြဟံသို့ ပြုတော်မူသော ကတိတော်၏ ထူးခြားလေးနက်မှုကို သိနားလည်ရန်အတွက်မူ အခြားသော ခေတ်ကာလ အချိန်တို့ကိုလည်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ရပါမည်။ ကျွန်ုပ်တို့ မေးရမည်မှာ "ခါနန်ပြည်ကို ဝင်စားစေမည့် ကတိတော်၏ နောက်ခံ သမိုင်းကို မည်သည့် အစောပိုင်း အဖြစ်အပျက်တို့က ဖွဲ့စည်းပုံဖော်ပေးထားသနည်း" ဆိုသည်နှင့် "ထို့နောက်ပိုင်း အဖြစ်အပျက်များသည်လည်း အဆိုပါ ကတိတော်၏ ထူးခြားလေးနက်မှုကို ဖွင့်ပြရာတွင် မည်သို့ အသုံးခံကြပါသနည်း" ဟူ၍ ဖြစ်ကြသည်။ ဦးစွာ အာဒံနှင့် နောဧတို့၌ ဘုရားသခင် ဖွဲ့သော ပဋိညာဉ်များ ပါဝင်ခဲ့သည့် ရှေးဦး ကမ္ဘာ့သမိုင်း (ဝါ) သမ္မာကျမ်း သမိုင်း အစောဆုံး ခေတ်ကာလကို စဉ်းစားကြည့်ကြပါစို့။ နောက်ထပ် သင်ခန်းစာ တစ်ခုတွင် ကျွန်ုပ်တို့တွေ့ခဲ့သလို အာဒံလက်ထက်တွင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို သူ၏ တော်ဝင် ယဇ်ပုရောဟိတ်များ အဖြစ် အစပထမ ထူထောင်ခဲ့ပြီး ကမ္ဘာမြေကြီး တစ်ခုလုံးကို အုပ်စိုးရန် သူတို့အား ညွှန်ကြားခဲ့သည်။ ကမ္ဘာဦး ၁း၂၈ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> တဖန် ဘုရားသခင်က "အချင်းတို့၊ များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုငှင်း၊ မိုးကောင်းကင်ငှက်တို့ကိုငှင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း၊ အုပ်စိုးကြလော့ဟု မိန့်တော်မူ၍ သူတို့ကို ကောင်းချီးပေးတော်မူ၏" (ကမ္ဘာ ၁း၂၇-၂၈)။

ဤအချိန်တွင် လူသားမျိုးနွယ်သည် အပြစ်ထဲသို့ ကျဆင်းခြင်း မရှိခဲ့သေးပေ။ ကမ္ဘာမြေကြီးကို အုပ်စိုးရမည့်အရေးသည်လည်း ပြောရမည်ဆိုက လွယ်ကူဖို့ရန်သာ ရှိနေခဲ့ပေလိမ့်မည်။ သို့သော်လည်း လူသားမျိုးနွယ်၏ ကြိုးပမ်းအားထုတ်မှုတို့ကို ခက်ခဲ၊ နာကျင်စေခြင်းဖြင့် အပြစ်တရားသည် အုပ်စိုးမှု လုပ်ငန်းစဉ်အား ရှုပ်ယှက်ခတ်သွားစေခဲ့သည်။ ကမ္ဘာဦး ၃း၁၇-၁၉ တွင် ဘုရားသခင်ကိုယ်တော်တိုင် အာဒံသို့ မိန့်တော်မူခဲ့သည်မှာ

> မြေသည် သင်၏ အတွက် ကျိန်ခြင်းကို ခံလျက် ရှိ၏။ မြေ၏ အသီးကို တသက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ဆူးပင် အမျိုးမျိုးတို့ကိုလည်း သင်အဘို့ မြေပေါက်စေမည်။ လယ်၌ ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သင်၏ မျက်နှာမှ ချွေးထွက်လျက် အစာကို စားရမည် (ကမ္ဘာ ၃း၁၇-၁၉)။

မည်သို့ပင် ဆိုစေ အပြစ်ထဲ ကျဆင်းသွားပြီးသည့်နောက်တွင်ပင် မြေကြီးပေါ်မှာ အုပ်စိုးမှုကို လူသားများက ဆက်လက် ကြိုးပမ်းလုပ်ဆောင်ရန် ဘုရားသခင် မျှော်လင့်ခဲ့သည်။ လူသားမျိုးနွယ်၏ ဆိုးညစ်မှု အလွန်တိုးပွားကြီးမြင့်လာသဖြင့် နောဧလက်ထက်၌ ဘုရားသခင်က ကမ္ဘာကြီးကို ရေဖြင့် ဖျက်ဆီးပြီးနောက်တွင်ပင် ဘုရားသခင်သည် မြေကြီးစွန်းတိုင်အောင် သူ၏ နိုင်ငံတော်ကို ပျံ့နှံ့ဖြန့်ကျက်ရန် အမိန့်ကို ဆက်လက် ထားရှိခဲ့သည်။ ရေလွှမ်းမိုးမှု ပြီးလျှင်ပြီးချင်း ကမ္ဘာ ၉း၁ တွင် ဘုရားသခင်က နောဧကို ညွှန်ကြားတော်မူခဲ့သည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင်တို့သည် များပြားစွာ မွေးဖွားလျက် မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့ (ကမ္ဘာ ၉း၁)။

ဤနောက်ခံသမိုင်းကို သိထားခြင်းသည် အုပ်စိုးမှုပြုရန် လူသားမျိုးနွယ်ကို ခေါ်ယူခြင်းအမှုကို ပြီးပြည့်စုံစေရာ၌ အာဗြဟံသို့ ဘုရားသခင် ပြုသော နယ်မြေကတိတော်သည် ရှေ့ခြေတလှမ်းတက်ခြင်းဖြစ်ကြောင်း သိနားလည်ရန် အထောက်အကူ ဖြစ်စေသည်။ ရှေးဦး ကမ္ဘာ့သမိုင်းအတွင်း ဘုရားသခင်သည် အနတ္တနှင့် အပြစ်တရားတို့ ရှိနေသည့် ကမ္ဘာကြီးကို အုပ်စိုးခြင်းဖြင့် သူ့နိုင်ငံတော်ကို တည်ထောင်ရန် သူ၏ ပုံသဏ္ဍာန်တော်ကို ခေါ်တော်မူခဲ့သည်။ ခါနန်နယ်ကို ပိုင်ဆိုင်မည့်အကြောင်း အာဗြဟံနှင့် သူ၏ သားမြေးတို့ကို ဘုရားသခင် ခေါ်တော်မူသည့်အခါ ဤအုပ်စိုးမှုကို ထပ်မံတိုးချဲ့ဖော်ပြလာခဲ့သည်။ ယခု လူမျိုးစု အကြီးအကဲကာလအတွင်း ဤပြည့်စုံမှုခြေလှမ်းသည် ၎င်း၌ပင် အဆုံးမသတ်သွားသေးပါ။ လူမျိုးစု အကြီးအကဲများသို့ ပေးသော နယ်မြေကတိတော်သည် အနာဂတ်တွင် ပိုကြီးမားသော ပြီးပြည့်စုံမှုဆီသို့ လှမ်းတက်သည့် ခြေလှမ်းတလှမ်း ဖြစ်ခဲ့သည်။ ကမ္ဘာ ၂၂း၁၈ တွင် ဘုရားသခင်က အာဗြဟံသို့ ကတိထားတော်မူသည်မှာ

> သင်၏ အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည် (ကမ္ဘာ ၂၂း၁၈)။

ဤကျမ်းက ဘုရားသခင်သည် အာဗြဟံနှင့် သူ၏ သားမြေးတို့အား ကတိတော်နယ်မြေကို ခြေကုပ်အဖြစ် ပေးခဲ့ကြောင်း ကျွန်ုပ်တို့အား သတိပေးနေသည်။ ၎င်းသည် စမှတ် တစ်ခု ဖြစ်ဖို့ရန် ရှိနေခဲ့သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် ကနဦး အပ်နှင်းပေးခဲ့သည့်နည်းတူ သူတို့သည်လည်း ထိုမှနေ၍ မြေကြီးပေါ်က လူမျိုးအပေါင်းတို့အား ရွေးနှုတ်ခြင်းဆိုင်ရာ ကောင်းချီးများနှင့် ဘုရားသခင်ကို ရိုသေချီးမြှောက်သည့် မြေတပြင်လုံး အုပ်စိုးခွင့်ဆီသို့ ဦးဆောင်ခေါ်သွားရန် ရှိနေခဲ့ကြသည်။

ဤအကြောင်းကြောင့်ပင် လူသားမျိုးနွယ် အုပ်စိုးမှု အတွက် ကျွန်ုပ်တို့၏ သမိုင်းစဉ်ဖွံ့ဖြိုးမှုဆိုင်ရာ သဲလွန်စ ရှာဖွေမှုသည် မောရှေ၌ ဘုရားသခင်ဖွဲ့သော ပဋိညာဉ် ကာလဆီသို့ ရှေ့ဆက်ရွေ့သွားသင့်ပြီ ဖြစ်သည်။ ဤခေတ်ကာလတွင် ဘုရားသခင်သည် ယောရှုလက်ထက် နယ်မြေသိမ်းပိုက်၍ ဣသရေလကို နယ်မြေပေးအပ်ခြင်းဖြင့် လူမျိုးစု အကြီးအကဲများသို့ ပေးခဲ့သော ကတိတော်ကို ဆက်လက်ပြည့်စုံစေလျက် အမိမြေကဲ့သို့ ဖြစ်သော ကတိတော်နယ်မြေတွင် ဣသရေလကို ထူထောင်ခဲ့သည်။ ယောရှု ၁း၆ တွင် ယောရှုအား ဘုရားသခင် မိန့်တော်မူခဲ့သည်မှာ

> အားယူ၍ ရဲရင့်ခြင်း ရှိလော့။ ဘိုးဘေးတို့အား ပေးမည်ဟု ငါကျိန်ဆိုသောပြည်ကို သင်သည် ဤလူတို့အား ဝေ၍ အမွေပေးရမည် (ယောရှု ၁း၆)။

ကတိတော်နယ်မြေကို ဣသရေလတို့ ပိုင်ဆိုင်ခဲ့ချိန်တွင် အုပ်စိုးခြင်းအတွက် လူသားမျိုးနွယ်ကို ကနဦးခေါ်ယူခြင်း နှင့် အာဗြဟံသို့ နယ်မြေပေးရန် ဘုရားကတိတော်တို့သည် ရှေ့သို့ တက်လှမ်းသွားခဲ့ကြသည်။

ထွက်မြောက်ရာ ကာလနှင့် နယ်မြေသိမ်းပိုက်ရာကာလ ဣသရေလတို့၏ ကနဦး နယ်မြေပိုင်ဆိုင်မှုသည် ဒါဝိဒ်နှင့် ဖွဲ့သော ပဋိညာဉ်ကာလတွင် ဆက်လက်တိုးတက် ပြည့်စုံလာခဲ့သည်။ ဤအချိန်သည် ရန်သူကို ဆန့်ကျင်တွန်းလှန်၍ ဣသရေလတို့က နယ်မြေကို လုံခြုံစွာ ရယူထားပြီးနောက် ကြီးကျယ်သော အင်ပါယာ တစ်ခုအဖြစ် ကြီးထွားလာချိန်ပင် ဖြစ်သည်။ ဒါဝိဒ်၏ အိမ်သူအိမ်သားတို့က နယ်မြေ၏ စိတ်ချလုံခြုံမှုကို ပေးနေခြင်းသည်လည်း ကနဦးသိမ်းပိုက်ထားပြီးသည့် နယ်မြေကို ခိုင်မာစေရန်နှင့် ကျယ်ပြန့်စေရန်တို့အတွက် နောက်ထပ် ခြေလှမ်းတလှမ်းပင် ဖြစ်သည်။ သို့သော် ဤခေတ်ကာလ အစောပိုင်းရှိ နယ်မြေချဲ့ထွင်ရေးဆိုင်ရာ အရှိတရားများကလည်း အနာဂတ် နေ့ရက်တရက်ကို မျှော်တွေးထားသည်။ ဤနေ့ရက်သည် မြေတပြင်လုံးအပေါ်သို့ ဒါဝိဒ် အိမ်သူအိမ်သား၏ ဖြောင့်မှန်စွာအုပ်စိုးမှု ရောက်လာမည့် အချိန်ပင် ဖြစ်သည်။ ဒါဝိဒ် အိမ်သူအိမ်သားတို့ထားရှိသော ဤမျှော်လင့်ချက်ကို ဆာလံ ၇၂း၈-၁၇ တွင် ဖော်ပြထားသည်။

> ပင်လယ် တပါးမှ တပါးတိုင်အောင်၎င်း၊ မြစ်မှသည် မြေစွန်းတိုင်အောင်၎င်း အစိုးရတော်မူလိမ့်မည်။ .... ထိုမျှမက ရှင်ဘုရင် အပေါင်းတို့သည် ရှေ့တော်၌ ပြပ်ဝပ်လျက် ခပ်သိမ်းသောလူမျိုးတို့သည် အမှုတော်ကို ထမ်းကြပါလိမ့်မည်။ ... လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြ၍ မင်္ဂလာ ရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည်။ (ဆာလံ ၇၂း၁၇)

ဒါဝိဒ် ပဋိညာဉ်ကာလအတွင်း မျှော်လင့်ချက်သည် ဘုရားသခင် အပေါ် ဒါဝိဒ်၏ အိမ်သူအိမ်သားတို့ သစ္စာရှိကြောင်း သက်သေထူရန်နှင့် နိုင်ငံတော် ကျယ်ပြန့်ပြီး မြေတပြင်လုံးပေါ်တွင် သစ္စာစောင့်သူတို့၏ ရွေးနှုတ်ခြင်းနှင့် အုပ်စိုးခြင်းတို့ကို ယူဆောင်လာရန် ဖြစ်သည်။

ဝမ်းနည်းဖွယ်ကောင်းစွာပင် ဒါဝိဒ် အိမ်သူအိမ်သား အပေါ်ထားသည့် ဤမျှ ကြီးကျယ်သည့် မျှော်လင့်ချက်သည် ကျွန်ခံကာလနှင့် ပြန်လည် တည်မြဲကာလ ကျရှုံးမှုတို့အတွင်း ပြိုလဲခဲ့သည်။ ထပ်မံပြီးပြည့်စုံချိန် ဖြစ်မည့်အစား ၎င်းသည် စင်စစ်အားဖြင့် ကျရှုံးချိန်သာ ဖြစ်ခဲ့သည်။ ဤအချိန်ကာလသည် မြေကြီးပေါ်မှာ ဘုရားသခင့်လူတို့၏ အုပ်စိုးမှုအတွက် ဆိုးရွားသော ဆုတ်ဆိုင်းမှုကြီး တစ်ခု ဖြစ်လာခဲ့သည်။ ဘုရားသခင့် စီရင်မှုသည် သူ၏လူတို့အပေါ် ရောက်လာခဲ့သည်။ ကိုယ်တော်သည် မြောက်ပိုင်း ဣသရေလနှင့် တောင်ပိုင်းယုဒနိုင်ငံတော်တို့ကို နယ်မြေမှနှင်ထုတ်၍ ကျွန်ဘဝရောက်စေခဲ့သည်။

ထို့ထက်မက ကိုယ်တော်၏ သနားကရုဏာကြောင့် ဘုရားသခင်သည် ဣသရေလလူမျိုးများစွာကို နယ်မြေသို့ ပြန်လည် ဆောင်ယူလာခဲ့သည်။ သူသည် ဒါဝိဒ်၏ သားမြေး ဇေရုဗဗေလကို သူ့လူတို့အပေါ် မြို့ဝန်အဖြစ် ပေါ်ထွန်းစေပြီး သူ့အား မြေကြီးပေါ် ရှိ လူမျိုးများ အပေါ် ကြီးကျယ်သည့် အောင်မြင်မှုကို ပေးခဲ့သည်။ ဟဂ္ဂဲ ၂း၇-၉ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> လူမျိုးအပေါင်းတို့ကို ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့ နှစ်သက်ဖွယ်သော အရာသည် ရောက်၍ ဤအိမ်ကို ဘုန်းနှင့် ငါပြည့်စုံစေမည် .... နောက်တည်သော ဤအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်းသာ၍ ကြီးလိမ့်မည် ... ဤအရပ်၌လည်း ငြိမ်သက်ခြင်းကို ငါပေးမည် (ဟဂ္ဂဲ ၂း၇-၉)။

ဣသရေလသည် သစ္စာစောင့်ခဲ့ပါက ရွေးနှုတ်ခြင်း ကောင်းချီးမင်္ဂလာသည် ဒါဝိဒ်အိမ်သူအိမ်သား၏ အုပ်စိုးခြင်းအားဖြင့် ကမ္ဘာမြေကြီး တလျှောက် ဖြန့်ကျက်စပြုပြီးဖြစ်နေခဲ့ပါလိမ့်မည်။ သို့သော် ကျွန်ခံရာမှ ပြန်လာသော ဣသရေလတို့သည် မကြာခဏဆိုသလို ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြသဖြင့် ကောင်းချီးမင်္ဂလာ နှင့် တိုးပွားကျယ်ပြန့်မှုတို့သည် ဘယ်သောအခါကမျှ အကောင်အထည်ပေါ်မလာခဲ့တော့ပေ။ စင်စစ်အားဖြင့် ပြန်လည်တည်မြဲစေခြင်းသည် ဆိုးရွားသော ကျရှုံးမှုတစ်ခု ဖြစ်ခဲ့သည်။

ဤနေရာသည် ခရစ်ယာန် ဓမ္မပညာရှင်များစွာတို့ သမ္မာကျမ်း သမိုင်းကြောင်း၏ နောက်ဆုံးအဆင့်သို့ လှည့်ကြသော အချိန်ဖြစ်သည်။ ၎င်းသည် ပဋိညာဉ်သစ်၌ သမိုင်း အထွတ်အထိပ်သို့ ရောက်ချိန်ပင် ဖြစ်တော့သည်။ ကျွန်ဘဝ ဆုံးရှုံးမှုများနှင့် ကျရှုံးသော ပြန်လည်တည်မြဲမှုတို့ကို ပြောင်းပြန်လှန်ပစ်ရန်နှင့် ရွေးနှုတ်ခံ လူသားမျိုးနွယ်၏ အုပ်စိုးမှုကို မြေကြီးပေါ်မှာ ပြည့်စုံစေဖို့ရန် ဘုရားသခင်သည် ခရစ်တော်၌ ပြုမူလုပ်ဆောင်ခဲ့ကြောင်း ယုံကြည်သူများအား ဓမ္မသစ်က စိတ်ချမှုပေးနေသည်။ မိမိနောက် လိုက်သူတို့သည် သူနှင့်အတူ မြေကြီးပေါ်မှာ စိုးစံမည့်အကြောင်း ကျွန်ခံရာဘဝ ကျိန်ခြင်းအမင်္ဂလာကို ပြောင်းပြန်လှန်ပစ်ရန်၊ အပြစ်မှ လွတ်ခြင်းအခွင့်နှင့် ရွေးနှုတ်ခြင်းတို့ကို ဆောင်ကြဉ်းပေးရန် ယေရှုကြွလာခဲ့သည်။ ဗျာဒိတ် ၂း၂၆ တွင် ယေရှု ကိုယ်တိုင်ပြောခဲ့သည်မှာ

> အကြင်သူသည် အောင်မြင်၍ အဆုံးတိုင်အောင် ငါ့အကျင့်ကို ကျင့်၏။ ငါ့ခမည်းတော်သည် ငါ့အား အခွင့်ပေးတော်မူသကဲ့သို့ လူမျိုးတို့ကို အုပ်စိုးစေခြင်းငှာ ထိုသူအား ငါအခွင့်ပေးမည် (ဗျာဒိတ် ၂း၂၆)။
>
> ဘီစီ ၂၀၀၀ လောက်က အာဗြဟံကို ဘုရားသခင် ရွေးကောက်ချိန်မှာပင် ကမ္ဘာကြီးအတွက် ကောင်းချီးမင်္ဂလာကို ဘုရားသခင် ရည်ရွယ်ထားပြီးသည်ထိ ဘုရားသခင်သည် အသင်းတော်သမိုင်းနှင့် ရာဇဝင်သမိုင်းထဲ မည်သို့ အမှုဆောင်နေခဲ့သည်ကို နားလည်ရန် ကျွန်ုပ်တို့ ပြန်သွားဖို့ လိုအပ်ပါသည်။ ဘုရားသခင်သည် လူတစ်ဦးကို ရွေးချယ်ခြင်းအားဖြင့် ကမ္ဘာမြေ တစ်ခွင်လုံးကို ကောင်းချီးပေးတော့မည် ဖြစ်သည်။ သို့ဖြစ်၍ အာဗြဟံနှင့် အတူအလုပ်လုပ်ခြင်းဖြင့်၎င်း၊ အာဗြဟံနှင့် ဆက်နွယ်မှုကို ဖန်တီးပြီး သူ့ကို ထူထောင်ပေးခြင်းဖြင့်၎င်း၊ လူ့အကျင့်သီလ လုံးလုံးမပါသော ကျေးဇူးတော်သက်သက်ကို လက်ခံခြင်းသည် အဘယ်အရာဖြစ်သည်၊ ထို့နောက် သူ့အားဖြင့်၎င်း၊ ပဋိညာဉ် ဆက်နွယ်မှုအရ သူ့မိသားစုအားဖြင့်၎င်း

> အလုပ်လုပ်ခြင်း ဆိုသည်တို့မှာ အဘယ်အရာဖြစ်သည် ဆိုသည်တို့ကို သူ့အား ပြခြင်းတို့ဖြင့်၎င်း ကိုယ်တော် လုပ်ဆောင်ခဲ့သည်။ အကျိုးရလာဒ် အားဖြင့် ခရစ်တော် ပြန်ကြွလာချိန်တွင် ဘုရားသခင်သည် ဂျူးများအတွက်သာ မဟုတ်၊ အာဗြဟံနှင့် သူ၏ သားသမီးများ အတွက်သာမဟုတ်။ တစ်လောကလုံးအတွက် ဘုရားသခင် ဖြစ်ကြောင်း နားလည် သဘောပေါက်စေရန် ဖြစ်သည်။ ဤအရာသည် လူတို့အား ကိုယ်တော် ချိတ်ဆက်သည့်ပုံပင်ဖြစ်သည်။ ယေရှု ကြွလာခဲ့ချိန်တွင် အဆိုပါ မျှော်လင့်ချက်နှင့် ကတိတော် ရှိသမျှကို သူပြီးပြည့်စုံစေခဲ့သည်။ ထိုသို့ပြည့်စုံစေသည်ဖြစ်၍ ဓမ္မသစ်ကပင်လျှင် အာဗြဟံသည် ထိုနေ့ရက်ကို စောင့်မျှော်နေခဲ့ကြောင်း၊ သူနှင့် အတူ မြေကြီး တပြင်လုံးရှိ ယုံကြည်သူ ရှိသမျှ ပြန်လည် ထမြောက်မည့်အချိန်တည်းဟူသော ထိုအရာ ပြီးပြည့်စုံမည့်အချိန်ကိုလည်း အာဗြဟံ စောင့်မျှော်နေဆဲ ဖြစ်ကြောင်း ဓမ္မသစ်ကပင် ပြောဆိုထားသည်။
>
> ဒေါက်တာ Clay Quarterman

သမ္မာကျမ်း သမိုင်းမှတ်တမ်း၏ သမိုင်းစဉ် ဖွံ့ဖြိုးမှု သဲလွန်စများက ကျွန်ုပ်တို့အား ဓမ္မဟောင်းကို သိနိုင်သော ထိုးထွင်းအမြင်များကို ပေးသည့် နည်းလမ်းများစွာထဲမှ တစ်ခုမျှလောက်ကိုသာ ဤ ဥပမာ အကျဉ်းက သရုပ်ဖော်ထားသည်။ ဓမ္မဟောင်းက အစီရင်ခံနေသော သမိုင်းကြောင်းကို ဓမ္မဟောင်းအားဖြင့် ကြည့်ရှုခြင်းသည် ဓမ္မဟောင်းကျမ်းဂန် ၏ လေးနက် အရေးပါမှုကို ပိုင်းခြားနားလည်ရန် အရေးကြီးသော နည်းလမ်းတစ်ခု ဖြစ်သည်။

ယခုတွင် ဓမ္မဟောင်းကျမ်းဂန်ကို ကြေးမုံပြင် တစ်ခုအဖြစ်၊ ပြတင်းပေါက်တစ်ခု အဖြစ် ကျွန်ုပ်တို့ လေ့လာသည်နှင့်အမျှ ကျွန်ုပ်တို့ ရှင်ဘုရင်၏ နှုတ်ကပတ်တော်အား ကျွန်ုပ်တို့ မည်သို့ လက်ခံရရှိနိုင်သည် ဆိုသည်ကို ကျွန်ုပ်တို့ အကြမ်းဖျင်း ပုံဖော်ခဲ့ပြီး ဖြစ်၍ ဓမ္မဟောင်းကျမ်းဂန်ကို ရုပ်ပုံ ပန်းချီကားချပ် တစ်ခု (ဝါ) စာပေ ပုံတူပန်းချီကားများ စုစည်းချက်တစ်ခု အဖြစ်မှတ်ယူခြင်းဆီသို့ ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။

# ပန်းချီကားချပ်တစ်ခုကဲ့သို့သော ကျမ်းဂန်

ဓမ္မဟောင်းနှင့် ရင်းနှီးသူတိုင်းက ၎င်းသည် စနစ်တကျ စာရင်းပြုစုထားသော အာဘော်များ သို့မဟုတ် ခေါင်းစဉ်များအဖြစ် သူတို့ထံ ရောက်မလာကြောင်း သိထားကြသည်။ ၎င်းသည် သမိုင်းကြောင်းအဖြစ်အပျက်များအကြောင်း ရိုးရိုးရှင်းရှင်း မှတ်တမ်းတင်ချက် တစ်ခုလည်းမဟုတ်ပါ။ ယခု ဤ သင်ခန်းစာထဲ ကျွန်ုပ်တို့ ဆိုခဲ့ပြီးသလိုပင် ဓမ္မဟောင်းသည် အာဘော်အမျိုးမျိုးကို သိနိုင်မည့် ထိုးထွင်းအမြင်များကို ကျွန်ုပ်တို့အား ပေးထားသည်။ ထို့ပြင် မှန်ကန်သော သမိုင်း

မှတ်တမ်းများကိုလည်း ၎င်းက ပေးထားသည်။ သို့သော် ပထမနှင့် ဦးဆုံး ဆိုရလျှင် ဓမ္မဟောင်း ကျမ်းဂန်သည် စာပေ အရေးအသားဆိုင်ရာ ဖန်တီးမှုများစွာ၏ စုစည်းချက်တစ်ခုဖြစ်ပြီး စာအုပ်များစွာပါသည့် စာကြည့်တိုက်တစ်ခုနှင့်လည်း တူညီသည်။ ကျွန်ုပ်တို့ တွေ့ရတော့မှာ ဖြစ်သလို ဘုရားသခင့် ပဋိညာဉ်တို့၏ စည်းမျဉ်းများကို သီးသန့်နည်းဟန်များနှင့် ဝန်ခံအပ်နှံခြင်းအားဖြင့် ဘုရားသခင့် နိုင်ငံတော်ကို အကျိုးပြုရေး ရှေးကာလရေလတို့အား သွန်သင်ရန်အတွက် အဆိုပါ သမ္မာကျမ်းစာအုပ် တစ်အုပ်ချင်းစီ၏ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံတို့ကို သမ္မာကျမ်းရေးသူတို့က ရေးသားခဲ့ကြသည်။ ဤအကြောင်းကြောင့်ပင် ထိုကျမ်းစာတို့ကို ပန်းချီကားချပ် သို့မဟုတ် စာပေပုံတူပန်းချီများအဖြစ် လေ့လာခြင်းဖြင့် ဘုရားသခင်အပေါ် သစ္စာရှိသူများသည် ခေတ်အဆက်ဆက် ဓမ္မဟောင်း ကျမ်းစာအုပ်တို့၏ လေးနက်အရေးပါမှုကို သိနားလည်စေမည့် ထိုးထွင်းအမြင်များအား ရရှိခဲ့ကြပြီး ဖြစ်သည်။

ရှုထောင့် များစွာ၌ ဓမ္မဟောင်း ကျမ်းဂန်ကို ဤနည်းအတိုင်း လေ့လာခြင်းသည် အနုပညာ ပြတိုက်တစ်ခုသို့ သွားခြင်းနှင့် အလားတူသည်။ ပြတိုက် တစ်ခု သို့မဟုတ် ပန်းချီပြပွဲတစ်ခုသို့ သင်ရောက်ဖူးပါက ကျွမ်းကျင်သူတစ်ဦးက သို့မဟုတ် ပွဲကြည့်သူအချင်းချင်းက ပန်းချီဆရာ၏ အလင်း၊ အရောင်၊ မျဉ်း၊ ပုံစံ၊ ဆေးသား အချော၊ အကြမ်း စသည်တို့အကြောင်း ညွှန်ပြပြောဆိုသည်ကို ကြားရခြင်းသည် အထူးအဆန်း မဟုတ်ကြောင်း သင်သိပါသည်။ အဆိုပါ အနုပညာ အခြေခံ အချက်အလက်များက ပန်းချီဆရာ ဘာကို "ပြော" ဖို့ ကြိုးစားနေခဲ့သနည်း ဆိုသည်ကို မည်သို့ဖော်ပြနေကြောင်း သူတို့ မကြာခဏ ဆက်လက်၍ ပြောဆိုတတ်ကြသည်။ ပန်းချီဆရာ၏ ရည်ရွယ်ချက်သည် ဘာသာရေး ဆန်နေခဲ့ပါသလား။ နိုင်ငံရေး ဆန်နေခဲ့ပါသလား။ အတွေးအခေါ် တစ်ခုခုကို ပန်းချီဆရာက ချီးမွမ်းထောမနာ ပြုထားခဲ့ပါသလား။ ဆိုးညစ်မှု၊ မတရားမှု တစ်ခုခုကို ထုတ်ပြနေပါသလား။ တူညီမှု စာရင်းသည် ဆက်၍ ဆက်၍ တိုးလာနေသည်။

အနုပညာဝေဖန်ရေး ဆရာများက အဆိုပါ မေးခွန်းမျိုးတို့ကို ဖြေဆိုရန် ပတ္တူစပေါ် ရှိ ပန်းချီလက်ရာများတွင် ပေါ်နေသည်ထက် များစွာ ပိုသော အကြောင်းအရာတို့ကို မကြာခဏပင် ထည့်စဉ်းစားမိတတ်ကြသည်။ "ဒီပန်းချီတွေကို ဘယ်သူတွေများ ဆွဲခဲ့ကြပါသလဲ" "ပန်းချီဆရာတွေရဲ့ အတွေ့အကြုံတွေက သူတို့ရဲ့ အနုပညာတွေ အပေါ် ဘယ်လို သက်ရောက်မှုတွေများ ရှိနေခဲ့ကြပါသလဲ" စသည်ဖြင့် မေးမြန်းကြသည်။ "ဘယ်သူ့အတွက်များ ရည်ရွယ်ပြီး ဆွဲခဲ့တာပါလိမ့်" "သူတပါးရဲ့ ယုံကြည်သက်ဝင်မှုတွေ၊ အပြုအမူတွေ၊ စိတ်ခံစားချက်တွေအပေါ် ရသပေးနိုင်ဖို့ သူတို့ရဲ့ အနုပညာတွေကို သူတို့ ဘယ်လိုများ ဒီဇိုင်းဆွဲထားခဲ့ကြပါလိမ့်" စသည်ဖြင့်လည်း မေးမြန်းကြသည်။

များစွာ အလားတူပင် ဓမ္မဟောင်းကျမ်းစာအုပ်များအား လေ့လာခြင်းကိုလည်း ပန်းချီကားချပ်များအဖြစ်ဖြင့် ကျွန်ုပ်တို့ တင်စား၍ ရပါသည်။ ဓမ္မဟောင်းကျမ်း စာမျက်နှာများပေါ်တွင် ပေါ်နေသည်များကို ထည့်သွင်းစဉ်းစားရုံမက စာရေးသူတို့၏ ဘဝအသက်တာများနှင့် ကနဦးစာဖတ်ပရိတ်သတ်တို့၏ လိုအပ်ချက်များအပေါ် ထားရှိသည့် သူတို့၏ အာရုံစိုက်မှုများကိုလည်း ကျွန်ုပ်တို့ စူးစိုက်ပါသေးသည်။ ဤမဟာဗျူဟာကို ကျွန်ုပ်တို့က “စာပေသရုပ်ခွဲမှု” ဟု ခေါ်ဆိုသည်။ အကြောင်းမှာ သမ္မာကျမ်းရေးသူများက သူတို့ကနဦး ရည်ရွယ်ရေးသားသည့် ဘုရားသခင့်လူတို့၏

ယုံကြည်သက်ဝင်မှုများ၊ အပြုအမူများနှင့် စိတ်ခံစားချက်တို့အပေါ် ရသပေးနိုင်ရန်အတွက် သူတို့၏ စာအုပ်များကို မည်သို့ ဒီဇိုင်းဆွဲထားခဲ့သည် ဆိုသည့်အပေါ် ၎င်းက စူးစိုက်ထား၍ ဖြစ်သည်။

စာပေ သရုပ်ခွဲမှု အားဖြင့် ဓမ္မဟောင်းကျမ်းစာအုပ်များကို ပန်းချီရုပ်ပုံများအဖြစ် မည်သို့ မှတ်ယူသဘောထားနိုင်သည်ကို လေ့လာဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့ သုံးခဲ့ပြီးသည့် တူညီသည့် နည်းကိုပဲ ကျွန်ုပ်တို့ လိုက်နာကြပါမည်။ ပထမဦးစွာ ဤနည်းဖြင့် ဓမ္မဟောင်းကို လေ့လာရသည့် အခြေခံ သို့မဟုတ် ကြောင်းကျိုးဆီလျော်မှုအကြောင်း ကျွန်ုပ်တို့ ပြောပါမည်။ ဒုတိယအားဖြင့် ဤမဟာဗျူဟာ၏ စူးစိုက်မှုကို ကျွန်ုပ်တို့လေ့လာပါမည်။ စာပေဆိုင်ရာ သရုပ်ခွဲမှုအတွက် အခြေခံကို ကျွန်ုပ်တို့ လေ့လာကြပါမည်။

# အခြေခံ

စာပေဆိုင်ရာ သရုပ်ခွဲမှုအတွက် အခြေခံကို ရှုမြင်သည့် နည်းများစွာ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များကြောင့် အချက်နှစ်ချက်ကိုသာ ကျွန်ုပ်တို့ နောက်တဖန် ကန့်သတ်လေ့လာပါမည်။ ဦးစွာ သမ္မာကျမ်းစာသက်သက်၏ ဝိသေသ လက္ခဏာ၊ ဒုတိယအားဖြင့် သမ္မာကျမ်းရေးသူတို့နှင့်တကွ အခွင့်အာဏာရှိသော ပုဂ္ဂိုလ်များ၏ ဥပမာတို့ ဖြစ်ကြသည်။ ပထမဦးစွာ ဓမ္မဟောင်းကျမ်း စာအုပ်များအား စာပေပုံတူပန်းချီကားများအဖြစ် လေ့လာခြင်း၏ တန်ဖိုးကို ဓမ္မဟောင်းကျမ်း၏ ဝိသေသ လက္ခဏာက မည်သို့ပြသကြောင်း စဉ်းစားကြပါစို့။

## ကျမ်းစာ၏ ဝိသေသလက္ခဏာ

စာပေ သရုပ်ခွဲမှုသည် ဓမ္မဟောင်း ကျမ်းဂန်၏ ပေါ်လွင်ထင်ရှားသည့် သွင်ပြင်လက္ခဏာ အနည်းဆုံး သုံးချက်အပေါ်တွင် အခြေတည်ထားသည်။ ပထမဦးစွာ ကျမ်းဂန်သည် စာအုပ်များ အသွင် သို့မဟုတ် စာပေ အစုအဖွဲ့များ အသွင်ဖြင့် ကျွန်ုပ်တို့ထံ ရောက်ရှိလာသည်။ ဓမ္မဟောင်းသည် နှစ်ပေါင်း ၁၀၀၀ ကျော်ရှည်ကြာသည့် အချိန်ကာလအတွင်း ရှေးက္ခသရေလတို့၏ လိုအပ်ချက် ကို ရင်ဆိုင်ဖြေရှင်းရန် ရေးသားခဲ့သည့် သီးခြားစီ ရှိနေသည်ဟု ဆို၍ ရနိုင်သည့် ပေစာလိပ်များ သို့မဟုတ် စာအုပ်များကို စုစည်းထားခြင်း ဖြစ်သည်။ ယနေ့ခေတ် သမ္မာကျမ်း မာတိကာကို အပေါ် ရုံ ဖြတ်ကြည့်လိုက်ရုံမျှဖြင့် ကျမ်းပေါင်း ၃၉ကျမ်း ပါရှိသည်ကို သိနိုင်သည်။ သမ္မာကျမ်းစာကျောင်းသား အများစုက ဓမ္မဟောင်း ကျမ်းစာအုပ်တို့၏ အစဉ်အလာ စာရင်းကို ရင်းနှီးပြီးသား ဖြစ်ကြသည်။ သို့သော် အဆိုပါ စာပေ အစုအဖွဲ့များအကြောင်း သွင်ပြင် လက္ခဏာ အတော်များများကို ကျွန်ုပ်တို့ ဖော်ပြဖို့ လိုအပ်ပါသည်။

စရမည်ဆိုလျှင် ဓမ္မဟောင်းစာအုပ် အမည်နာမများသည် နဂို မူရင်းများ မဟုတ်ကြသောကြောင့် ၎င်းတို့ အပေါ် အလွန်အမင်း ယုံကြည်စိတ်ချထားဖို့ မဖြစ်နိုင်ပါ။ တခါတရံ ခေါင်းစဉ်များသည် ပိုရှေးကျသော ဂျူးအစဉ်အလာများထဲက လာတတ်သည်။ အချို့သည် ဓမ္မဟောင်းကျမ်းကို ရှေးဟေလသဘာသာဖြင့် ဘာသာပြန်ဆိုထားသည့် ဆက်ပ်ကျူအေးဂျင့် ကျမ်းမှ လာသည်။ ကျွန်ုပ်တို့၏

ယနေ့ခေတ် ကျမ်းစာထဲက အချို့တို့မှာမူ များစွာ နောက်ကျသည့် ခရစ်ယာန် အစဉ်အလာများထဲက လာသည်။

ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်၊ တတိယစောင်နှင့် စတုတ္ထစောင်၊ ရာဇဝင်ချုပ် ပထမစောင်နှင့် ဒုတိယစောင်တို့သည် မူလအားဖြင့် စာအုပ်သုံးအုပ်မျှသာ ဖြစ်ကြောင်း ကျွန်ုပ်တို့ ဖော်ပြဖို့ လိုပါသည်။ ဓမ္မရာဇဝင်ပထမနှင့် ဒုတိယစောင်၊ ဓမ္မရာဇဝင် တတိယစောင်နှင့် စတုတ္ထစောင်၊ ရာဇဝင်ချုပ် ပထမစောင်နှင့် ဒုတိယစောင်များ ထိုနည်းတူစွာပင် အနက်ဖွင့်သူ အများက ဧဇရနှင့်နေဟမိတို့သည်လည်း ပင်ကိုယ်မူလအားဖြင့် တစ်အုပ်တည်းဖြစ်ကြောင်း အာဘော်ပေးထားကြသည်။ စာပေ သရုပ်ခွဲမှုအရ ဓမ္မဟောင်းကို ကျွန်ုပ်တို့ ဖတ်ရှုသောအခါ ကျမ်း၏ အစုအဖွဲ့များအား ၎င်းတို့ကို မူလအခြေအနေအတွင်း ပေးခဲ့သည့်အတိုင်း ကျွန်ုပ်တို့ ဆက်လက်ရှုမြင်လိုကြပါသည်။

ဓမ္မဟောင်း ကျမ်းဂန်အကြောင်း ကျွန်ုပ်တို့ စဉ်းစားသည့်အခါ စာအုပ်များ၏ ရှေ့နောက် အစီအစဉ်၊ အခင်းအကျင်း အပေါ် အလွန်အမင်း မှီခိုအားထားခြင်း မပြုမိဖို့ အရေးကြီးပါသည်။ သမိုင်းကြောင်း တလျှောက် ဓမ္မဟောင်းကျမ်းဂန် စာအုပ်တို့၏ အစီအစဉ်သည် ကွဲပြားခဲ့ပြီးသား ဖြစ်ပါသည်။

ပထမ ရာစုနှစ် ဂျိုဆီးဖပ်စ် ကာလလောက် စောသည့် အချိန်ကပင် ဂျူးလူ့အဖွဲ့အစည်းတို့သည် ဓမ္မဟောင်းကို အဓိက အပိုင်း ကဏ္ဍ သုံးခု အဖြစ် ပိုင်းခြားထားခဲ့ပြီး ဖြစ်သည်။ ဟေဗြဲလို တိုရာ့ဟ် ခေါ် ပညတ်တော်၊ ဟေဗြဲလို နဗီအင်းမ် ခေါ် ပရောဖက်ကျမ်းများ၊ ဟေဗြဲလို ကီသူဗင်းမ် ခေါ် ရေးသားချက်များ ဖြစ်ကြသည်။ ဤအကြောင်းကြောင့်ပင် ရာစုနှစ်ပေါင်းများစွာကြာသည့်တိုင် ဂျူးလူ့အဖွဲ့အစည်းတို့သည် ဟေဗြဲ ကျမ်းဂန်ကို Tanakh တားနက်ခ် ဟု ခေါ်ဆိုကြသည်။ "T" သည် မောရှေ၏ ပညတ်တော် သို့မဟုတ် ပင်တာကျူကို ရည်ညွှန်းပြီး "N" သည် ပရောဖက်ကျမ်းတို့ကို ရည်ညွှန်းသည်။ "K" သည် ရေးသားချက်များကို ရည်ညွှန်းသည်။ ဓမ္မသစ်သည် ဤအစဉ်အလာကို မိမိနည်းမိမိဟန်ဖြင့် ထင်ဟပ်ထားသည်။ တခါတရံ ဓမ္မဟောင်းကျမ်းဂန် တစ်ခုလုံးကို "ပညတ္တိကျမ်းများနှင့် ပရောဖက်ကျမ်းများ" သို့မဟုတ် "ပညတ္တိကျမ်း၊ ပရောဖက်ကျမ်းနှင့် ဆာလံကျမ်းများ" ဟု ကိုးကားလေ့ရှိသည်။ ဆာလံကျမ်းသည် ရေးသားချက်များတွင် အပါအဝင် ဖြစ်သည့် ပထမဆုံးကျမ်းဖြစ်သည်။

သို့သော် ယေဘူယျအားဖြင့် ခရစ်ယာန် အသင်းတော်သည် ဓမ္မဟောင်းကျမ်းဂန်ပါ စာအုပ်များကို ဟေလသဘာသာဖြင့် ပြန်ဆိုသည့် ဓမ္မဟောင်းကျမ်း ဆက်ပ်ကျူအေးဂျင့် အရ စီစဉ် ခင်းကျင်းထားခဲ့ပြီး ဖြစ်သည်။ ဟေဗြဲကျမ်း တားနက်ခ်၏ အစီအစဉ်ကို လိုက်မည့်အစား ကျွန်ုပ်တို့သည် ပညတ်တော် (ဝါ) ပင်တာကျူ၊ ယောရှုမှတ်စာမှ သေတာဝတ္ထုထိ ပါဝင်သော သမိုင်းဆိုင်ရာစာစောင်များ၊ ယောဘမှ ရှောလမုန်သီချင်းထိ ပါဝင်သော ကဗျာအလင်္ကာစာစောင်များ၊ ဟေရှာယမှ မာလခိထိ ပါဝင်သော ပရောဖက်ကျမ်းများ ဟူ၍သာ ပြောဆိုကြသည်။

ဓမ္မဟောင်းကျမ်းဂန် စာစောင်တို့၏ အစီအစဉ် အခင်းအကျင်းအတွင်း အဆိုပါ အပြောင်းအလဲများက ဓမ္မဟောင်း စာပေဆိုင်ရာ လေ့လာမှု အတွက် အလွန်အရေးကြီးသော

အချက်တစ်ခုကို ဖွင့်ပြနေသည်။ ဓမ္မဟောင်း ကျမ်းစာအုပ်တို့သည် ပင်ကိုယ်မူလအားဖြင့် လွတ်လပ်ပြီး သီးခြားစီဟု ဆိုနိုင်သည့် စာပေအလုပ်များ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းဂန်ကို ပန်းချီရုပ်ပုံတချပ်အဖြစ်ဖြင့် ကျွန်ုပ်တို့ လေ့လာသောအခါ ပထမကတည်းကပင် စာအုပ်တစ်အုပ်ချင်းစီကို အစုအဖွဲ့တစ်ခုစီ အဖြစ် ကျွန်ုပ်တို့ အာရုံစိုက်ရန်လိုအပ်သည်။ ကျွန်ုပ်တို့ ကမ္ဘာဦးကျမ်းကို ကြည့်သည့်အခါ ၎င်း၏ ကိုယ်ပိုင် ကွဲပြားခြားနားသော ဒီဇိုင်း၊ နှင့် ဓမ္မပညာဆိုင်ရာ အလေးထားမှုများပါသော ကမ္ဘာဦးကျမ်းအဖြစ် လေ့လာကြသည်။ ထွက်မြောက်ကျမ်းကိုလည်း အလားတူလေ့လာသည်။ အခြား အခြားသော စာအုပ်များကိုလည်း အလားတူပင် ဖြစ်သည်။

> အများအားဖြင့် သမ္မာကျမ်းစာထဲက အခြေခံ စာပေ အစုအဖွဲ့ကို ကြည့်လျှင် ချွင်းချက်အနေဖြင့် သင်တွေ့ရနိုင်သည့် ဆာလံသီချင်းများ သို့မဟုတ် ဆာလံသီချင်း ပေါင်းချုပ်မှ လွဲ၍ အများအားဖြင့် သမ္မာကျမ်းစာ၏ အခြေခံ စာပေ အစုအဖွဲ့သည် ကျမ်းစာအုပ် စာစောင် ပုံစံဖြစ်သည်။ အခြေခံအားဖြင့် စာရေးသူတို့သည် တင်ကူးကြံစည်ပြီးမှ စာအုပ်စာစောင်တို့ကို ရေးကြသည်။ ဆိုလိုသည်မှာ ရေခံမြေခံ အဆက်အစပ်ကို ရှေ့နှင့်နောက်တို့မှာ ကပ်လျက် ရှိနေကြသည့် ကျမ်းပိုဒ်များကသာ ဘောင်ခတ်ထားသည် မဟုတ်ပါ။ ထိုကျမ်းပိုဒ်များက ဘောင်ခတ်ထားသည်မှာ မမှားပါ။ တကယ်ပင် အလွန့် အလွန် အရေးကြီးတာ မှန်ပါသည်။ သို့သော် စင်စစ်အားဖြင့် ကျမ်းပိုဒ် တစ်ပိုဒ် မည်သို့ လုပ်ငန်း တာဝန်ထမ်းဆောင်သည်၊ ၎င်းကျမ်းပိုဒ်ကိုယ်တိုင် အစိတ်အပိုင်း အဖြစ် ပါဝင်နေသော စာအုပ်တစ်အုပ်လုံးတွင် ၎င်းသည် မည်သည့် ကဏ္ဍမှာ ပါဝင်အသုံးခံနေသည် ဆိုသည်ကို မှတ်သားဖို့ အရေးကြီးပါသည်။
>
> ဒေါက်တာ David R. Bauer

စာပေ သရုပ်ခွဲမှု၏ အရေးပါမှုကို ညွှန်ပြသည့် ဓမ္မဟောင်းကျမ်း၏ ဒုတိယမြောက် ဝိသေသလက္ခဏာမှာ ဓမ္မဟောင်း စာစောင်များသည် ခေတ်မီသော စာပေ အရည်အသွေးများကို ပြသသည် ဆိုသည့်အချက် ဖြစ်သည်။ သာမန် တွေ့ကြုံနေကျ အတွေ့အကြုံများအရ ကျွန်ုပ်တို့ အားလုံးသိကြသည်မှာ အချို့သော အရေးအသားတို့သည် အခြားသော အရေးအသားတို့ထက် ၎င်း၏ စာပေအနုပညာ ရသမြောက်မှုအပေါ် အာရုံစိုက်မှုကို ပိုလိုအပ်သည်။ ဥပမာအားဖြင့် ဆိုရလျှင် ကဗျာညာဏ် တောက်လောင်ကွန့်မြူး ပြီး ရေးသားထားသည့် ဈေးဝယ်စာရင်းတစ်ခုကို တွေ့ရမည်ဆိုလျှင် ထူးထူးဆန်းဆန်း ဖြစ်ပါလိမ့်မည်။ အလျင်အမြန် ပြုစုရသည့် မှတ်တမ်း တစ်ခုအားလည်း ပုံမှန်အားဖြင့် ဝတ္ထုရှည်ကြီး တပုဒ်ဖြစ်သည်အထိ အနုစိတ်နိုင်သလောက် စိတ်ဖို့ရန် ဒီဇိုင်းဆွဲထားလိမ့်မည် မဟုတ်ပါ။ ရိုးရှင်းသော အရေးအသားများကို ကျွန်ုပ်တို့ တွေ့ရသည့်အခါ ပုံမှန်အားဖြင့် သူတို့၏ စာပေ အရည်အသွေးများကို ကျွန်ုပ်တို့ အလွန်အမင်း အာရုံစိုက်ရန် မလိုအပ်ပါ။ သို့သော် ရှုပ်ထွေး ဆန်းပြားသည့် ဝတ္ထုတို သို့မဟုတ် ကဗျာကို ကျွန်ုပ်တို့ ဖတ်ရသည့်အခါ ၎င်းတို့ကို

သိမြင်ရန် ထိုးထွင်းအမြင် ရလိုပါလျှင် ကျွန်ုပ်တို့သည် စာရေးသူ၏ စာပေ နည်းဟန်များကို အာရုံစိုက်ကြရပါမည်။

ဖြစ်ပေါ်လာသကဲ့သို့ပင် သမ္မာကျမ်းစာကာလအတွင်း အခြားသော ယဉ်ကျေးမှုများမှ ရရှိသော ရေးသားချက် အကြောင်းအရာမျိုးစုံ ကျယ်ကျယ်ပြန့်ပြန့်ကို ရှေးဟောင်းသုတေသန ပညာရှင်များက ရှာဖွေ တွေ့ရှိခဲ့ကြပြီး ဖြစ်သည်။ ကျွန်ုပ်တို့၌ ပေးစာများ၊ စာရင်းများ၊ လက်ခံဖြတ်ပိုင်းများနှင့် စာပေလက်ရာနှင့် ပတ်သက်ပြီး ရှုပ်ထွေးမှုများစွာ မပြသသည့် အလားတူ အရာများ ရှိနေပါသည်။ သို့သော် အံ့သြလောက်အောင် ရှုပ်ထွေးသည့် ရှေး အရှေ့နီးပိုင်းဒေသ စာပေလက်ရာများလည်း ရှိနေပါသည်။ သမ္မာကျမ်းကာလက ကြီးကျယ်သော ယဉ်ကျေးမှုများ၌ အသေးစိတ် ချဲ့ထွင်ဖော်ပြထားသော ဒဏ္ဍာရီများ၊ ရိုးရာပုံပြင်များ၊ ရှုပ်ထွေးသော တရားဥပဒေဆိုင်ရာ အထောက်အထားများ၊ အနုစိတ်ဖော်ပြထားသော ထုံးဓလေ့ ဆိုင်ရာ ကျမ်းများ ရှိနေခဲ့ကြသည်။ ၎င်းတို့မှာ အလွန်ဂရုစိုက်ပြီး ဒီဇိုင်းဆွဲထားသည့် စာပေလက်ရာများလည်း ဖြစ်ခဲ့ကြသည်။

ဓမ္မဟောင်းကျမ်းစာအုပ်တို့သည် ရှေးခေတ်ကမ္ဘာမှ ကျွန်ုပ်တို့ သိရသည့် အသေးစိတ် ဖော်ပြနိုင်ဆုံးသော စာပေလက်ရာများထဲ အပါအဝင် ဖြစ်ကြသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ အများစု လက်ခံသည့် စံအရ ဆိုရလျှင် ဓမ္မဟောင်း စာအုပ်တို့သည် ရှေးခေတ်ကမ္ဘာက အကြီးကျယ်ဆုံး ယဉ်ကျေးမှုများ၏ အကြီးကျယ်ဆုံး ရသစာပေများထက် သာလျှင် သာနိုင်သည်။ သို့မဟုတ် တန်းတူ ဖြစ်ကြသည်။ ဓမ္မဟောင်း စာအုပ်တို့၏ ဆန်းပြားရှုပ်ထွေးသော စာပေ အရည်အသွေး အကြောင်း သိနားလည်ထားခြင်းသည် ဓမ္မဟောင်း ကျမ်းရေးသူတို့အနေဖြင့် သူတို့၏ စာဖတ် ပရိတ်သတ်များ၏ ဘဝအပေါ် ဂယက်ရိုက်စေဖို့ မည်သို့ ရှာဖွေကြံဆထားသည်ကို ဆုပ်ကိုင်မိရန် ထောက်ကူပေးသည်။

ဓမ္မဟောင်း စာပေသရုပ်ခွဲမှု ကို ကျွန်ုပ်တို့ လိုက်စားရှာဖွေရသည့် တတိယအကြောင်းတရားမှာ ၎င်းတွင် စာပေ ပုံစံ အမျိုးမျိုး အဖုံဖုံရှိနေသောကြောင့် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းဂန်သည် စာမျက်နှာ ရှိသမျှ တပြေးညီ အရေးအသားမျိုးနှင့် ပြန့်ပြူးနေသော မြေမျက်နှာသွင်ပြင်တစ်ခု မဟုတ်ပါ။ ထိုအစား ၎င်းသည် အမျိုးမျိုး အဖုံဖုံကွဲပြားခြားနားသည့် တောင်ကုန်း၊ တောင်တန်း၊ မြစ်ချောင်း ရေကန်များ၊ မြေဆီကြွယ်သည့် မြေပြန့်လွင်ပြင်များ၊ ကန္တာရများ၊ ပင်လယ်သမုဒ္ဒရာများ ဖြင့် ပြည့်နေသည့် ရှုခင်းတစ်ခုကဲ့သို့ ဖြစ်သည်။ တနည်းဆိုရလျှင် ဓမ္မဟောင်းစာစောင်များသည် အမျိုးမျိုး အဖုံဖုံသော စာပေရေးဟန်များ သို့မဟုတ် စာပေပုံစံများကို ကိုယ်စားပြုသည်။

ကမ္ဘာဦးကျမ်း၊ ယောရှုမှတ်စာ၊ တရားသူကြီးမှတ်စာ၊ ရုသဝတ္ထု တို့ကဲ့သို့သော အချို့သော ဓမ္မဟောင်းစာအုပ်များတွင် ဇာတ်ကြောင်းများက အများဆုံး နေရာယူ စိုးမိုးထားကြသည်။ အဆိုပါ စာအုပ်များတွင် ဆွေစဉ်မျိုးဆက်စာရင်း အကျဉ်းဖော်ပြချက်များ၊ စာရင်းများ၊ ကဗျာများ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် လူမှုရေးသွန်သင်ချက်များ လည်း ပါဝင်သည်။ ဓမ္မဟောင်းကျမ်းဂန်ပါ ဆာလံကျမ်း၊ ယောဘ ဝတ္ထု၊ ပရောဖက်ကျမ်း များစွာကဲ့သို့သော အခြားသော စာစောင်များတွင်မူ ကဗျာအလင်္ကာရေးဟန်က နေရာယူ စိုးမိုးသည်။ သို့သော် ဒေသနာကျမ်းနှင့် မာလခိကျမ်း တို့ကဲ့သို့ အခြားစာအုပ်စာစောင်များသည် ထူးထူးခြားခြား ပုံစံကျနသော စကားပြေများ ဖြစ်ကြသည်။ ထို့ထက်မက တရားဟောရာကျမ်း၏ ဝိသေသ လက္ခဏာကို ပြပါဆိုလျှင် စကားပြောချက်များကို ပြရပါလိမ့်မည်။

ဓမ္မဟောင်းကျမ်းစာအုပ်တို့အား အဖုံဖုံသော စာပေရေးဟန်များဖြင့် ရေးထားကြောင်း သဘောပေါက် ခြင်းသည်လည်း အရေးကြီးပါသည်။ အကြောင်းတရားမှာ စာပေရေးဟန် တစ်ခုချင်းစီတိုင်းတွင် ပရိတ်သတ်အပေါ် ဂယက်ရိုက်စေမည့် ၎င်းတို့၏ ကိုယ်ပိုင်နည်းဟန်များ ရှိနေသည့် အတွက်ဖြစ်သည်။ ပညတ်တော်ကို ပညတ်တော်အဖြစ် ဖတ်ရှုကြရမည်။ စကားပြောများကို စကားပြော အဖြစ်ဖတ်ရှုကြရမည်။ ပုံဝတ္ထုများကို ပုံဝတ္ထုများအဖြစ်၊ ကဗျာကို ကဗျာအဖြစ်၊ သုတ္တံကို သုတ္တံအဖြစ်၊ ရူပါရုံများကို ရူပါရုံများအဖြစ်၊ ပရောဖက်ပြုချက်များကို ပရောဖက်ပြုချက်များ အဖြစ် ဖတ်ရှုကြရမည်။ ဘုရားသခင့်လူများ၏ ဘဝ အသက်တာ တစ်လျှောက် ဂယက်အနက် ရိုက်ခတ်စေဖို့ ဓမ္မဟောင်းကျမ်းစာအုပ်တို့ကို ကနဦးကတည်းက မည်သို့ ဒီဇိုင်းချထားခဲ့သည်ကို ဖွင့်ပြရန်အတွက် ဓမ္မဟောင်းကျမ်းစာအုပ်တို့၏ ဝိသေသ လက္ခဏာကို ဆောင်ကြဉ်းသည့် စာပေရေးဟန်များကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားကြဖို့ လိုပါသည်။ ဤအချက်သည် သမ္မာကျမ်းစာ၏ ဝိသေသလက္ခဏာ ကိုယ်တိုင်က စာပေသရုပ်ခွဲမှု၏ အရေးကြီးပုံကို ဖွင့်လှစ်ဖော်ပြသည့် နောက်ထပ် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

> တစ်ဦးတစ်ယောက် လေ့လာနေသော သမ္မာကျမ်းပိုဒ်တစ်ခု၏ စာပေရေးဟန်ကို နားလည်ရန် အရေးကြီးသည်။ အကြောင်းမှာ လျောက်ပတ်စွာ အနက်ပြန်ဆိုနိုင်ရန် ၎င်းက ထောက်ကူပေး၍ ဖြစ်သည်။ ကျမ်းပိုဒ်အကြောင်း မေးခွန်းကောင်းများ မေးနိုင်ရန်လည်း ၎င်းက ထောက်ကူသည်။ အဓိကအားဖြင့် ကဗျာအလင်္ကာဖွဲ့၊ ဇာတ်ကြောင်းပြောဟန်၊ ပညတ်တော် ကဏ္ဍများ စသည့် ကြီးမားသည့် စာပေရေးဟန် အတန်းအစားတို့သည် ကျွန်ုပ်တို့ ဘာကို မျှော်လင့်ထားရမည် ဆိုသည်ကို သိနားလည်ရန် ထောက်ကူပေးသည်။ ကျမ်းပိုင်းအပေါ် မေးခွန်းများ မေးနိုင်ရန်အတွက်လည်း ထောက်ကူပေးသည်။ ၎င်းသည် ကဗျာအလင်္ကာဖွဲ့ဖြစ်နေပါလျှင် ဇာတ်ကြောင်းရေးဟန် ကျမ်းပိုင်းကို မေးသည့် မေးခွန်းများနှင့် မတူခြားနားသည့် မေးခွန်းများကို ကျွန်ုပ်တို့ မေးရတော့မည် ဖြစ်သည်။ ကဗျာအလင်္ကာဖွဲ့သည် သမိုင်းဝင် အဖြစ်အပျက်တစ်ခု မည်သို့ဖြစ်ပျက် ပြည့်စုံလာခဲ့ပုံ အသေးစိတ်တို့ကို ဖော်ပြရန် အမြဲတစေ ကြိုးစားလိမ့်မည် မဟုတ်ပါ။ ၎င်းတို့သည် အလင်္ကာပိုဆန်သည့် ဘာသာစကားဖြင့် မကြာခဏ ဖော်ပြကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ဥပမာအလင်္ကာများကို အသုံးပြုလေ့ ရှိကြသည်။ သို့ဖြစ်၍ သင်သည် အဆိုပါ ကွဲပြားခြားနားသည့် စာပေရေးဟန်များကို ပုံစံအမျိုးမျိုးဖြင့် အနက်ဖွင့်ရန် လိုအပ်သည်။
>
> ဒေါက်တာ Jim Jordan

သမ္မာကျမ်းစာကိုယ်တိုင်၏ ဝိသေသလက္ခဏာ အပြင် စာပေသရုပ်ခွဲမှုသည်လည်း သမ္မာကျမ်းစာ ဥပမာများ၊ သမ္မာကျမ်းရေးသူတို့၏ ဥပမာများနှင့် ဓမ္မဟောင်းကျမ်းဂန် အပေါ် ထိုနည်းအတိုင်း မှတ်ယူသဘောထားသည့် အခွင့်အာဏာရှိသော ဇာတ်ကောင်များ အပေါ်တွင် အခြေတည်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## သမ္မာကျမ်းလာ ဥပမာများ

သမ္မာကျမ်းရေးသူများ နှင့် ဇာတ်ကောင်များက ပရိတ်သတ်များအပေါ် ထားသည့် စာရေးသူ၏ ရည်ရွယ်ချက်များအရ ဓမ္မဟောင်းကျမ်းကို လေ့လာသည့်အခါတိုင်း စာပေသရုပ်ခွဲမှု တစ်မျိုးမျိုးကို သူတို့ အသုံးပြုလေ့ရှိသည်။ ဥပမာအားဖြင့် ယေရှုသည် တရား ၂၄း၁ ပါ ကွာရှင်းပြတ်စဲခြင်း အကြောင်း မောရှေ မည်သို့ ရေးထားသည် ဆိုသည်ကို ဆွေးနွေးဖြေရှင်းရင်း စာပေ သရုပ်ခွဲမှုအပေါ် စူးစိုက်ထားခဲ့သည်။ မာကု ၁၀း၄တွင် ဖာရိရှဲအချို့တို့သည် ကွာရှင်းပြတ်စဲမှုအပေါ် ယေရှု၏ အမြင်ကို စိမ်ခေါ် ခဲ့ကြသည်။

> ယောကျာ်းသည် ဖြတ်စာကို ရေး၍ မယားကို ကွာရှင်းပြီး အခြားသို့ လွှတ်လိုက်ရန် မောရှေ ခွင့်ပြုထားခဲ့သည် (မာကု ၁၀း၄)။

ယေရှုတို့ ခေတ်ကာလတွင် ယောကျာ်းက မယားကို ဖြတ်စာပေးထားသရွေ့ လက်တွေ့ကျသော မည်သည့် အကြောင်းတရား တစ်ခုခုအတွက် မဆို လင်သည် မယားကို ကွာရှင်းနိုင်ကြောင်း သွန်သင်ချက်အဖြစ် ဖာရိရှဲအချို့က တရား ၂၄း၁ ကို အနက်ဖွင့်ထားခဲ့ကြသည်။ သို့သော် မောရှေ၏ ရည်ရွယ်ချက်နှင့် သူ့ပရိတ်သတ်၏ အခြေအနေအရ ကျမ်းပိုဒ်ကို ဖတ်ရှုပြီး ယေရှုသည် ဤမှားယွင်းသော အနက်ဖွင့်ချက်ကို ပြင်ပေးခဲ့သည်။ မာကု ၁၀း၅ တွင် ယေရှုပြောဆိုထားသည်မှာ

> သင်တို့ စိတ်နှလုံး ခိုင်မာသောကြောင့် မောရှေသည် ထိုပညတ်ကို ရေးထားသတည်း (မာကု ၁၀း၅)။

မောရှေသည် ဣသရေလတို့၏ စိတ်နှလုံး ခိုင်မာခြင်းအတွက် လျှော့ပေါ့သောအားဖြင့် ကွာရှင်းပြတ်စဲခြင်းကို ခွင့်ပြုထားခဲ့ခြင်း ဖြစ်ကြောင်း ယေရှုက ထောက်ပြထားခဲ့သည်။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အတွက် တရားဟောရာ အခန်းကြီး ၂၄ ကို ၎င်း၏ သမိုင်းကြောင်း အဆက်အစပ်ထဲမှ သီးသန့် ဆွဲယူဖို့ ယေရှု ငြင်းဆိုထားကြောင်းကို သဘောပေါက်ရန် အရေးကြီးပါသည်။ မောရှေအား စာရေးသူ အဖြစ်၊ ဣသရေလတို့အား မောရှေ၏ စာဖတ်ပရိတ်သတ် အဖြစ် သူသိထားမှုအရ ကျမ်းပိုင်းကို သူရှုမြင်ခဲ့သည်။ သူ၏ ခိုင်မာသော ပရိတ်သတ်အပေါ် မောရှေထားရှိသည့် ရည်ရွယ်ချက်များကို ရှင်းပြရန် အတွက် ဖာရိရှဲတို့ ပျက်ကွက်ခဲ့ကြသည်။ သို့သော် ယေရှုသည် အဆိုပါ အချက်များ အရေးကြီးပုံကို သိခဲ့ပြီး မောရှေ၏ ပြဋ္ဌာန်းချက်သည် ဧကန်စင်စစ် သူတို့၏ အပြစ်ကျူးတတ်သောသဘောကြောင့် လျှော့ပေါ့ချက်မျှသာ ဖြစ်ပြီး စံအနေဖြင့် မဟုတ်ကြောင်း မှန်ကန်စွာ ကောက်ချက်ချထားခဲ့သည်။

စာပေ သရုပ်ခွဲမှု နောက်ဥပမာတစ်ခုကို ဂလာတိ ၄း၂၂-၂၄ တွင် တွေ့ရသည်။ အာဗြဟံ၏ ဇနီး ဆာရာနှင့် သူမ၏ သား ဣဇက်၊ ဆာရာ၏ ကျွန်မ ဟာဂရနှင့် သူမ၏ သား ဣရှမေလ တို့၏ ဓမ္မဟောင်း ပုံဝတ္ထုများ အကြောင်း ရှင်ပေါလု ဘာရေးထားခဲ့သည်ကို နားထောင်ကြည့်ပါ

> ပညတ္တိကျမ်းစာ၌လာသည်ကား အာဗြဟံ၌ သားနှစ်ယောက် ရှိ၏။ သားတစ်ယောက်ကား ကျွန်မ၏ သား ဖြစ်၏။ တစ်ယောက်ကား ကျွန်မ မဟုတ်သော မိန်းမ၏ သား ဖြစ်၏ဟု လာသတည်း။ ကျွန်မ၏ သားသည် ဇာတိပကတိအားဖြင့် ဖွားသောသား ဖြစ်၏။ ကျွန်မ မဟုတ်သော မိန်းမ၏ သားသည် ကတိတော်အားဖြင့် ဖွားသောသား ဖြစ်၏။ ထိုအကြောင်းအရာကို ပုံပမာအားဖြင့် ဆိုသော် ထိုမိန်းမနှစ်ယောက်ကား ပဋိညာဉ်တရား နှစ်ပါးကို ဆိုလိုသတည်း (ဂလာတိ ၄း၂၂-၂၄)။

အခန်းငယ် ၂၄ တွင် ရှင်ပေါလုက ကမ္ဘာဦးကျမ်းရှိ ဆာရာ၊ ဣဇက်တို့နှင့် အာဗြဟံ အပြန်အလှန် ဆက်ဆံမှုများ၊ ဟာဂရ၊ ဣရှမေလတို့နှင့် အာဗြဟံ အပြန်အလှန်ဆက်ဆံမှုများတို့ကို "ပုံဥပမာ တင်စားပုံဆောင်၍ အနက်ဖွင့် ထားနိုင်သည်" အကြောင်းမှာ ၎င်းတို့သည် "ပဋိညာဉ် နှစ်ပါး" ကို ကိုယ်စားပြုနေသောကြောင့် ဖြစ်သည်။ တနည်းဆိုရလျှင် ဆာရာ၊ ဟာဂရတို့ နှင့် အာဗြဟံ အပြန်အလှန် ဆက်ဆံမှုများ ဖြစ်စဉ်သည် ကမ္ဘာဦးကျမ်း၏ မူလကနဦး ပရိတ်သတ်များ ဖြစ်ကြသည့် ဣသရေလလူမျိုးများသို့ သီးသန့်ရည်ရွယ်ရေးသားခဲ့ကြောင်း ရှင်ပေါလု နားလည်ထားခဲ့သည်။

အာဗြဟံသည် ဘုရားသခင်ကို ဆက်နွယ်မှု ပုံစံနှစ်မျိုးမှ တစ်မျိုးကို ရွေးချယ်ရသည့် အဖြစ်ကို ကြုံခဲ့ရကြောင်း၊ တဘက်တွင် ဆာရာနှင့် ဣဇက်တို့၏ ပုံစံဖြစ်ပြီး အခြားတဘက်တွင် ဟာဂရနှင့် ဣရှမေလ တို့၏ ပုံစံဖြစ်ကြောင်း ကမ္ဘာဦးကျမ်း မှတ်တမ်းက ရှင်းရှင်း ပြဆိုထားခဲ့သည်။ တဘက်တွင် အာဗြဟံသည် ဆာရာအားဖြင့် သားရစေမည့် ဘုရားသခင့်ကတိတော်ကို ထိန်းသိမ်းရန် ဘုရားသခင်ကို သူမှီခိုရသည့် အခါတွင် ဘုရားသခင်အပေါ် အာဗြဟံ သစ္စာစောင့်သိခဲ့သည်။ ဘုရားသခင်နှင့် သူ၏ ကတိတော်တို့အပေါ် ယုံကြည်စိတ်ချထားရသည့် ဤလမ်းခရီးသည် ခက်ခဲခဲ့သော်လည်း ၎င်းသည် ဘုရားသခင့် ကောင်းချီးခံစားရာ လမ်းပင် ဖြစ်သည်။ အခြားတဘက်တွင်မူ အာဗြဟံသည် အဲဂုတ္တုကျွန်မ ဟာဂရအားဖြင့် သားရရှိရန် မိမိ၏ကိုယ်ပိုင်ကြိုးပမ်းအားထုတ်မှုများအပေါ် ယုံကြည် ကိုးစားခဲ့ချိန်တွင်မူ ဘုရားသခင်အပေါ် သစ္စာပျက်ခဲ့သည်။ မိမိကိုယ်ပိုင် ကြိုးပမ်းအားထုတ်မှုများအပေါ် စိတ်ချကိုးစားမှု လမ်းကြောင်းသည် အာဗြဟံအပေါ် ဘုရားသခင့် စီရင်မှု ရလာဒ်ကိုသာ ရရှိစေခဲ့သည်။

အာဗြဟံ အသက်တာအကြောင်း မောရှေ ရေးသားခဲ့သည့်အခါ အာဗြဟံ၏ ရွေးချယ်မှုများ သည် ဣသရေလ ပရိတ်သတ်အတွက် အကြီးအကျယ် လေးနက်အရေးပါကြောင်း ထက်သန်ပြင်းပြစွာ အလေးဂရုပြုမိခဲ့သည်။ ကမ္ဘာဦးကျမ်းထဲတွင် ထိုအကြောင်းများကို သူပြောပြထားခဲ့သည်။ ထို့ကြောင့် သူ၏ ဣသရေလ ပရိတ်သတ်သည် သူတို့ရှင်သန်ရာကာလ၌ အသက်ရှင်ပုံ နှစ်မျိုးကို ဆက်စပ်မိနိုင်ကြမည် ဖြစ်သည်။ တဖက်တွင် မောရှေသည် ကတိတော်နယ်မြေ ပိုင်ဆိုင်ရေးအတွက် ဘုရားသခင်က သားမြေးတို့အား ပေးခဲ့သည့် ကတိတော်ပြည့်စုံရန် အလို့ငှာ ဘုရားသခင်အပေါ် စိတ်ချအားထားဖို့ သူ၏ ကနဦး ပရိတ်သတ်ကို တောင်းဆိုရန် ဆာရာနှင့် ဟာဂရတို့အကြောင်းကို ရေးခဲ့သည်။ ဘုရားသခင်နှင့် သူ၏ ကတိတော် အပေါ် စိတ်ချအားကိုးရန် ခက်ခဲခဲ့သော်လည်း ၎င်းသည်သာ ကောင်းချီးခံစားရာလမ်းခရီး ဖြစ်ခဲ့သည်။ အခြားတဘက်တွင်လည်း အဲဂုတ္တုကျွန်မ ဟာဂရဘက်သို့ အာဗြဟံ ပြန်လှည့်သွားခဲ့သည့်နည်းတူ ဣသရေလတို့သည်လည်း အဲဂုတ္တုဘဝကို

ပြန်တမ်းတခြင်းဖြင့် လူကြိုးစားအားထုတ်မှုများအပေါ် စိတ်ချအားကိုးမှု မပြုကြရန် မောရှေ တောင်းဆိုထားခဲ့သည်။ နောက်ပြန်လှည့်ခြင်းသည် ဣသရေလအပေါ် ဘုရားသခင်၏ စီရင်ချက် ကျရောက်စေခြင်း အကျိုးရလာဒ်ကိုသာ ရစေလိမ့်မည် ဖြစ်သည်။

မောရှေ၏ ကနဦး ရည်ရွယ်ချက်အပေါ် အလေးပေးပြီးသည့်နောက် ရှင်ပေါလုက အဆိုပါ ဇာတ်ကြောင်းများကို ဂလာတိ အသင်းတော်များ၏ အခြေအနေအတွက် အသုံးပြုခဲ့သည်။ ဂလာတိလူတို့သည် ရှင်ပေါလုထံမှ ရသော စစ်မှန်သည့် ဧဝံဂေလိတရားနှင့်၎င်းတို့ အသင်းတော်များသို့ ယေရုရှလင် ကိုယ်စားလှယ်များမှတဆင့် ရောက်လာသော မှားယွင်းသည့် ဧဝံဂေလိတရားတို့အကြား ရွေးချယ်ရမည့် အခြေအနေ ကြုံလာခဲ့ကြသည်။ စစ်မှန်သော ဧဝံဂေလိတရား ဆိုသည်မှာ ကယ်တင်ခြင်းသည် ခရစ်တော်၌ ဘုရားသခင်ပြုသော ကတိတော်များကို ယုံကြည်စိတ်ချခြင်းအားဖြင့်သာ ရရှိသည်ကို ဆိုလိုသည်။ မှားယွင်းသော ဧဝံဂေလိတရားသည် ဘုရားသခင့် ကတိတော်များကို ယုံကြည်စိတ်ချခြင်းမှ ပညတ်တရားကို ကယ်တင်ရာလမ်းအဖြစ် နာခံလိုက်လျှောက်သည့် လူ့ကျင့်ကြံကြိုးစားမှုဆီသို့ လူတို့အား လှည့်သွားစေသည်။

ဂလာတိ ဩဝါဒစာထဲ ရှင်ပေါလု ပြောထားသလိုပင် ဘုရားသခင့် ကတိတော်များ၌ ယုံကြည်ခြင်းနှင့်ဆိုင်သော စစ်မှန်သည့် ဧဝံဂေလိ တရားကို ဝန်ခံသူများသာလျှင် ဆာရာ၏ သားသမီးများ၊ ကတိတော်နှင့် ဆိုင်သော အမွေခံများ ဖြစ်ကြသည်။ သို့သော် မှားယွင်းသော ဧဝံဂေလိတရားကို ဝန်ခံသောသူများမူကား ဟာဂရ၏ သားသမီးများဖြစ်၍ ကယ်တင်ခြင်း ဆုကျေးဇူးနှင့် ဆိုင်သော အမွေခံများ မဟုတ်ကြပေ။ ဘုရားသခင့် ကတိတော်များ၌ ယုံကြည်စိတ်ချခြင်းနှင့် ဆိုင်သော ဧဝံဂေလိ တရားစစ်သည် ကောင်းချီးမင်္ဂလာသို့ ပို့ဆောင်ပြီး ပညတ်တရားနာခံခြင်းနှင့် ဆိုင်သော မှားယွင်းသည့် ဧဝံဂေလိတရားသည် တရားစီရင်ခံရမှုသို့သာလျှင် ပို့ဆောင်ကြောင်း ရှင်ပေါလုက ရှင်းရှင်းပြဆိုထားခဲ့သည်။ ၎င်းသည် စာပေ သရုပ်ခွဲမှုနှင့် ပတ်သက်၍ပေါလု၏ အလေးထားဂရုပြုချက် ဖြစ်သည်။ မောရှေက သူ့ကနဦး ပရိတ်သတ်အတွက် သူ၏ သမိုင်းမှတ်တမ်းကို ဒီဇိုင်းချသည့် နည်းများအပေါ် ပေါလု၏ အာရုံစိုက်မှုသည် ဂလာတိအသင်းတော်များ အခြေအနေအတွက် ကမ္ဘာဦးကျမ်းကို ဤနည်းအတို င်း အသုံးပြုရာရောက်အောင် ပို့ပေးခဲ့သည်။

ယခုတွင် ဓမ္မဟောင်းကျမ်းဂန်ကို ပန်းချီကားချပ်တစ်ခုအဖြစ်ဖြင့် မှတ်ယူသဘောထားမှုအတွက် အခြေခံအချို့ကို ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ စာပေ သရုပ်ခွဲမှုဆီသို့ ကျွန်ုပ်တို့ အာရုံစိုက်ကြပါစို့။ ဓမ္မဟောင်းကျမ်းဂန်အပေါ် ဤ မဟာဗျူဟာ ကျင့်သုံးရခြင်းအတွက် အဓိက အလေးထားမှုများသည် အဘယ်နည်း။

# စူးစိုက်မှု

ဧဝံဂေလိ ယုံကြည်သူခရစ်ယာန်များသည် သမ္မာကျမ်းစာကို လျောက်ပတ်စွာ အနက်ဖွင့်သည့်နည်းကို "သဒ္ဒါနည်းကျ သမိုင်းကြောင်း အရ အနက်ဖွင့်ခြင်း" ဟု ရည်ညွှန်းမြဲ ရှိကြသည်။ ဤသို့ ဆိုခြင်းဖြင့် အနက်ဖွင့်ခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းသည် ပထမအားဖြင့် သဒ္ဒါ သို့မဟုတ် သမ္မာကျမ်းပိုင်း၏ ဖွဲ့စည်းပုံအပေါ် စူးစိုက်သင့်သည်ဟု ကျွန်ုပ်တို့ ပြောလိုရင်း ဖြစ်သည်။ သို့သော်

တချိန်တည်းမှာပင် အနက်ဖွင့်ခြင်းသည် သမိုင်းကြောင်းအရ ဖြစ်ရပါမည်။ ထိုသို့ဆိုခြင်းဖြင့် ကျမ်းပိုင်းတစ်ခု၏ သဒ္ဒါကို ထိုကျမ်းပိုင်းကို ရေးသူနှင့် ကနဦးဖတ်သူ ပရိတ်သတ်တို့၏ သမိုင်းခေတ်အခြေအနေအရ ရှုမြင်ရမည်ဟု ကျွန်ုပ်တို့ ပြောလိုရင်း ဖြစ်သည်။ အဆိုပါ အချက်အလက်တို့သည်လည်း အာဘော်နှင့် သမိုင်းကြောင်း သရုပ်ခွဲမှုတို့အတွက် တာဝန်ရှိစွာ လေ့လာသည့်နည်းများ၌ အတိုင်းအတာ တစ်ခု မဟုတ် တစ်ခုထိ ထည့်သွင်း စဉ်းစားစရာ ဖြစ်လာကြသည်။ သို့ရာတွင် ၎င်းတို့သည် စာပေ သရုပ်ခွဲရာ၌ အထူးသဖြင့် အရေးပါသည်။

စာပေ သရုပ်ခွဲမှု၏ စူးစိုက်မှုကို သိမြင်ရန် အလေးထား ဂရုပြုရမည့်အရာ သုံးခုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ စာရေးသူ၊ ဒုတိယအားဖြင့် ကနဦး ပရိတ်သတ်၊ တတိယအားဖြင့် ကျွန်ုပ်တို့ စဉ်းစားနေသော ကျမ်းရင်း သို့မဟုတ် အထောက်အထားတို့ ဖြစ်ကြသည်။ ဓမ္မဟောင်း ကျမ်းဂန်ရေးသားသူတို့၏ အရေးပါပုံကို ဦးစွာ ဆင်ခြင်ကြည့်ကြပါစို့။

## စာရေးသူ

ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် ဓမ္မဟောင်းကျမ်းဂန် တစ်ခုလုံး၏ အရေးအသားကို ဘုရားသခင် မှုတ်သွင်းတော်မူခဲ့ပြီး ကြီးကြပ်ထိန်းကျောင်းခဲ့ကြောင်း ခရစ်တော်၏ နောက်လိုက်များက သိနားလည်ထားကြသည်။ သို့သော် ဤသင်ခန်းစာစာစဉ်များအတွင်း အစောပိုင်း ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း အဆိုပါ မှုတ်သွင်းခြင်းသည် သဘာဝ မှုတ်သွင်းခြင်းသာ ဖြစ်ခဲ့သည်။ ဘုရားသခင်သည် မိမိရွေးကောက်ထားသည့် စာရေးသူတို့၏ နောက်ခံသမိုင်းများ၊ အတွေးအခေါ်များ၊ စိတ်ခံစားချက်များနှင့် စိတ်သဘောထားများ အသုံးပြု၍ ကျမ်းဂန် စာအုပ်များကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းကို ကျွန်ုပ်တို့ ဖတ်သည့်အခါ ဤသို့သော လူသားကဏ္ဍကို ကျွန်ုပ်တို့ အလေးထား ဂရုပြုကြရပါမည်။ ဤစာပေ သရုပ်ခွဲမှု ဆိုင်ရာ မျက်နှာစာကို ပုံစံနှစ်မျိုးဖြင့် ကျွန်ုပ်တို့ လေ့လာကြပါမည်။ တဖက်တွင် အန္တရာယ်များစွာကို ကျွန်ုပ်တို့ သတိပြုကြရပါမည်။ အခြားတဖက်တွင်လည်း ဓမ္မဟောင်းကို ဤနည်းဖြင့်လေ့လာရသော အကျိုး ကျေးဇူးများစွာ ရှိနေကြောင်းကို ကျွန်ုပ်တို့ သိမြင်သင့်ပါသည်။

ပထမအချက်အနေဖြင့် ဓမ္မဟောင်း စာရေးသူများအကြောင်း ကျွန်ုပ်တို့ အကြီးအကျယ် စိတ်ကူးယဉ်လွန်းသည့်အခါ ဆိုးဝါးသည့် အန္တရာယ်များကို ကျွန်ုပ်တို့ ကြုံရတတ်သည်။ ယခင်က အနက်ဖွင့်သူ အများသည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စိတ်ကူးယဉ် ပုံဖော်မှု ကွန်ယက်များတွင်း မိမိတို့ကိုယ်ကိုမိမိတို့ ငြိတွယ်ကျန်နေစေသည့် ပုံစံများဖြင့် စာရေးသူတို့အပေါ် စူးစိုက်လေ့ ရှိခဲ့ကြသည်။ တစိတ်တပိုင်းအားဖြင့် စာရေးသူအကြောင်း ပုံပန်းသဏ္ဌာန် အတိအကျ၊ ၎င်းကြုံရသော တိကျသည့် အခြေအနေများ၊ ၎င်း၏ ဓမ္မပညာပိုင်းဆိုင်ရာ လှုံ့ဆော် တိုက်တွန်းချက်များ စသည်တို့ကို အလွန်အကျူး ယူဆထားခြင်းဖြင့် သူတို့ လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါ အရေးအရာများ အရေးပါနိုင်ပါသော်လည်း ကျွန်ုပ်တို့ သိရသည်ထက် ကျွန်ုပ်တို့ ကျော်လွန်သွားပါလျှင် ကျွန်ုပ်တို့၏ အနက်ဖွင့်ချက်များအား စိတ်ကူးယဉ်မှုများ အပေါ်တွင် အလွန်အမင်း အမှီပြုရာ ရောက်စေနိုင်ပါသည်။ စာရေးသူ အပေါ် ဤသို့သော အလွန်အကျူး အလေးပေးမှုကို "ရည်ရွယ်ချက်ဆိုင်ရာ ယုတ္တိ အမှား" ဟု

ကင်ပွန်းတပ်နိုင်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့ ပြန်လည်တည်ဆောက်ထားသည့် စာရေးသူ၏ ရည်ရွယ်ချက်များအပေါ် အလွန်အမင်း အလေးပေးထားသည်။

သို့သော် ဒုတိယအချက်အနေဖြင့် ကျမ်းရေးသူများ အပေါ် ဂရုတစိုက် တာဝန်ခံမှု၊ တာဝန်ရှိမှုပါသော စူးစိုက်မှုမျိုးသည် ကျွန်ုပ်တို့အား အကျိုးများစွာ ရှိစေပါသည်။ သူတို့အကြောင်း ကျွန်ုပ်တို့ သိချင်သလောက် ကျွန်ုပ်တို့ သိနိုင်မည် မဟုတ်ပါ။ သို့သော် သူတို့၏ အရေးအသားများကို နားလည်အောင် ထောက်ကူသည့် အရာများစွာကို ကျွန်ုပ်တို့ ဆုပ်ကိုင်မိနိုင်ကြပါသေးသည်။ သူတို့ မည်သူ မည်ဝါ ဖြစ်ကြောင်း၊ သူတို့ ဘာတွေ တွေ့ကြုံရကြောင်း၊ သူတို့၌ မည်သည့် အခြေခံ ဓမ္မပညာဆိုင်ရာ ရည်ရွယ်ချက်တွေ ရှိကြောင်း စသည့် ယေဘူယျ အချက်အလက်များ ကျွန်ုပ်တို့၌ အတိုင်းအတာ ကွဲပြားစွာ ရှိနေကြသည်။

> သမ္မာကျမ်းစာအုပ်တအုပ်အတွက် ရေးသူ အကြောင်း သတင်း အချက်အလက်များ သိရခြင်းသည် ၎င်းစာအုပ်၏ အဓိပ္ပာယ်ကို နားလည်အောင် ကြိုးစားရာ၌ ကျွန်ုပ်တို့ကို ကြီးမားစွာ အထောက်အကူ ဖြစ်စေပါသည်။ ထိုသို့ ဖြစ်ခြင်းသည် မိမိ၏ အမှားအယွင်းကင်းသော နှုတ်ကပတ်တော်ကို ပေးကမ်းရန်အတွက် အုပ်စိုးပိုင်သသော ဘုရားသာလျှင် လုပ်နိုင်စွမ်းသောပုံစံဖြင့် သန့်ရှင်းသော ဝိညာဉ်တော်က လူသားစာရေးသူတို့၏ တစ်ကိုယ်ရည် သဘာဝများ၊ တွေ့ကြုံခံစားမှု နောက်ခံသမိုင်းများကို အသုံးပြုခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ကိုယ်တော်သည် မိမိ ပြောကြားမည့် နှုတ်ကပတ်တော်ကို ဟောပြောမည့်သူအဖြစ် လူသားကျမ်းရေးသူကို မည်သို့ ဖြစ်ပွားစေသည်ဆိုသည့် သဘောကို ကျွန်ုပ်တို့ အနည်းငယ် နားလည်သည့် အခါတိုင်း ၎င်းသည် ကျမ်းရင်းအပေါ် ကျွန်ုပ်တို့ နားလည်မှုကို တိုး၍ ကြွယ်စေသည်။ ဆာလံ ၅၁သည် ဒါဝိဒ်၏ စံပြု နောင်တ ဆာလံ၊ ဗာသရှေဘကို ယူလို၍ သူ၏ သစ္စာရှိသော စစ်သူရဲ ဥရိယ အပေါ် ကျူးလွန်သော ဆိုးရွားသည့် အပြစ်ကို သိမှတ်ပြီး ဝန်ခံသော ဆာလံ ဖြစ်သည်ဟု ကျွန်ုပ် ထင်ပါသည်။ ဘုရားသခင့် စိတ်နှင့် တွေ့သည့် လူဖြစ်သော်လည်း ဆိုးဆိုးရွားရွား အပြစ်လုပ်ခဲ့ပြီးနောက် ဘုရားသခင့် ခွင့်လွှတ်ခြင်းကို ခံစားရသည့် ဘုရင်တပါး၏ ဝန်ခံမှုအဖြစ် ၎င်းကို ကျွန်ုပ်တို့ ကြည့်သည့်အခါ ထို ဆာလံ တစ်ခုလုံးသည် အသက်ရှင်လာသည်။
>
> ဒေါက်တာ Dennis E. Johnson

ကျွန်ုပ်တို့ ဆိုလိုသည်ကို ပုံပြရန်အတွက် ကျွန်ုပ်တို့ သိကြသည့် အရေးပါသော ဓမ္မဟောင်း စာရေးသူ နှစ်ယောက်ဖြစ်သည့် ဓမ္မရာဇဝင် တတိယစောင်နှင့် စတုတ္ထစောင်ကို ရေးသူ၊ ရာဇဝင်ချုပ် ပထမစောင်နှင့် ဒုတိယစောင်ရေးသူတို့၏ အကြောင်းကို စဉ်းစားကြည့်ကြပါစို့။ အဆိုပါ စာရေးသူတို့ မည်သူဖြစ်သည်ကို ကျွန်ုပ်တို့ အတိအကျ မသိကြပါ။ သူတို့၏ အမည်များ သို့မဟုတ်

ရေးသားချိန်ကိုလည်း အတိအကျ ကျွန်ုပ်တို့ မသိထားကြပါ။ သူတို့၏ စိတ်ပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေတို့နှင့် ပတ်သက်၍လည်း ကျွန်ုပ်တို့ အမှန်တကယ် များများစားစား သိမထားကြပါ။ သို့ဖြစ်၍ သူတို့၏ စာအုပ်များကို ကျွန်ုပ်တို့ အနက်ဖွင့်ကြသည့်အခါ အဆိုပါ စဉ်းစားမှုမျိုးတို့အပေါ် အကြီးအကျယ် စိတ်ချအားထားရန်သည် စိတ်ကူးယဉ်သာသာများအပေါ် ကျွန်ုပ်တို့၏ အနက်ဖွင့်ချက်များကို စွန့်စားတည်ဆောက်ထားရသည့် အန္တရာယ် ရှိနေသည်။

မည်သို့ဆိုစေ တစ်ချိန်တည်းတွင် ဓမ္မဟောင်းကိုယ်တိုင်ထဲမှပင် အဆိုပါ စာရေးသူနှစ်ဦးလုံး၏ အကြောင်း တန်ဖိုးရှိသော အချက်အလက်များကို ကျွန်ုပ်တို့ ထုတ်ယူနိုင်ပါသည်။ ဥပမာအားဖြင့် ဓမ္မရာဇဝင် တတိယစောင်နှင့် စတုတ္ထစောင်ကို ရေးသူသည် ဘာဗုလုန်တွင် ကျွန်ခံကာလအတွင်း ရေးခဲ့ကြောင်း ကျွန်ုပ်တို့ သိကြသည်။ စာရေးသူသည် ဘီစီ ၅၆၂ နောက်ပိုင်း၊ ဘာဗုလုန်တွင် ရှင်ဘုရင် ယေခေါနိ အချုပ်ခံရာမှ ပြန်လွတ်သော အချိန်နောက်ပိုင်းတွင် ဤစာကို ရေးခဲ့ကြောင်း ဓမ္မရာဇဝင် စတုတ္ထစောင် ၂၅း၂၇-၃၀ပါ နောက်ဆုံးမြင်ကွင်းများက ရှင်းလင်းစွာ ညွှန်ပြနေသည်။ သို့သော် စာရေးသူသည် ဂျူးလူမျိုးတို့ကို ကတိတော်နယ်မြေသို့ ပြန်ခွင့်ပေးသည့် ကုရုဘုရင် ဘီစီ ၅၃၈ တွင် ထုတ်ပြန်ခဲ့သည့် အရေးကြီးသော အမိန့် ပြန်တမ်းအကြောင်း ဘယ်သောအခါကမျှ ဖော်ပြထားခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ ဓမ္မရာဇဝင် တတိယနှင့်စတုတ္ထစောင်တို့သည် ဣသရေလတို့ ဘာဗုလုန်၌ ကျွန်ခံရာမှ လွတ်မြောက်မလာသေးမီ ရေးသားပြီးစီးခဲ့သည်မှာ သေချာသလောက် ဖြစ်သည်။

၎င်းနှင့် ဆန့်ကျင် ခြားနားစွာပင် ရာဇဝင်ချုပ်များကို ရေးသူ (ဝါ) "ရာဇဝင် သမိုင်းဆရာ" ဟု ခေါ် မြဲရှိသူသည် ကျွန်ခံရာနေရာမှ ဣသရေလတို့ ပြန်လည်လွတ်မြောက်လာပြီးနောက်တွင် ရေးသားခဲ့သည်။ ဤအရာကို ကျွန်ုပ်တို့ သိရခြင်းမှာ အခြားသော အရာများထဲ၌ ၁ရာချုပ် အခန်းကြီး ၉ တွင် ပါသော ဆွေစဉ်မျိုးဆက်စာရင်းတို့သည် ပြည်တော်သို့ ပြန်လာကြသူများ၏ စာရင်းကို ထည့်သွင်းပြုစုထားသောကြောင့် ဖြစ်သည်။ ထပ်ပြောရလျှင် ရာဇဝင် သမိုင်း ဆရာသည် ၂ရာချုပ် ၃၆း၂၂နှင့် ၂၃ တို့တွင် ပါသော ကုရု ဘုရင်၏ အမိန့်ပြန်တမ်းနှင့် သူ့စာအုပ်ကို အဆုံးသတ်ထားသည်။

အဆိုပါ စာရေးသူ နှစ်ဦးလုံးသည် ဣသရေလ၏ ပညာတတ် လက်ရွေးစဉ်ထဲတွင် အပါအဝင် ဖြစ်ခဲ့ကြကြောင်းကိုလည်း ကျွန်ုပ်တို့ သိထားကြသည်။ စာရေးသူ နှစ်ဦးလုံးသည် ဘုရားသခင့်လူတို့ကို ခေါင်းဆောင်သည့်သူများအတွက်သာ ရနိုင်သည့် တော်ဝင် နှစ်စဉ်မှတ်တမ်းများထဲက သတင်း အချက်အလက်များကို ရည်ညွှန်းထားခဲ့ကြသည်။ ရာဇဝင်ချုပ်တို့ကို ရေးသားသူသည် သမ္မာကျမ်းစာထဲတွင် မပါသည့် ပရောဖက်ပြုချက် အတိတ်တဘောင်များ၏ စုစည်းချက်တို့ကို ရည်ညွှန်းထားခဲ့သည်များလည်း ရှိသည်။

စာရေးသူများ အကြောင်း အဆိုပါ အချက်အလက် အနည်းငယ်မျှကို သိခြင်းသည် သူတို့၏ အထွေထွေ ဓမ္မပညာပိုင်းဆိုင်ရာ ရည်ရွယ်ချက်များ၌ ကွဲလွဲမှုများကို နားလည်ရန် ထောက်ကူပေးသည်။ အနက်ဖွင့်သူ အမျိုးမျိုးက ဓမ္မရာဇဝင် တတိယနှင့် စတုတ္ထစောင်တို့ကို ရေးသူသည် မိမိလူတို့ကို ကျွန်ဘဝရောက်စေရာ၌ ဘုရားသခင်သည် တရားမျှတော်မူသော ဘုရား ဖြစ်တော်မူကြောင်းကို အလေးပေးထားကြောင်း မှန်ကန်စွာ ကောက်ချက်ချထားကြသည်။ ဣသရေလ လူမျိုးတို့သည် ကတိတော်နယ်မြေသို့ ပြန်မရောက်နိုင်မီ ၎င်းတို့ နောင်တရရန် လိုသည့်အပေါ် ကိုယ်တော် စူးစိုက်ထားခဲ့သည်။

ၚင်းနှင့် ဆန့်ကျင် ကွဲလွဲစွာပင် အနက်ဖွင့်သူ အတော်များများကလည်း ရာဇဝင်ချုပ်များကို ရေးသူသည် ဣသရေလတို့ ကတိတော်နယ်မြေကို ပြန်ရောက်ပြီးနောက် ၎င်းတို့ လိုက်လျှောက်ရမည့် လက်တွေ့ခြေလှမ်းများအပေါ် စောင်းပေးထားကြောင်း မှန်ကန်စွာ ကောက်ချက်ချထားကြသည်။ သူတို့သည် သူတို့၏ နိုင်ငံတော်ကို ပြန်တည်ဆောက်နေခဲ့သည်နှင့် အမျှ ကိုယ်တော်သည် နာခံမှုအတွက် သူတို့ ရရှိမည့် ကောင်းချီးများ၊ မနာခံမှုအတွက် ကျိန်ခြင်းအမင်္ဂလာများအပေါ်တွင် စူးစိုက်ခဲ့သည်။

အဆိုပါ စာရေးသူတို့၏ ယုံကြည်သက်ဝင်မှုများ၊ မျှော်လင့်ခြင်းများ အကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည့်အရာ များစွာ ရှိပါသည်။ သို့သော် အဓိက အချက်မှာ ကနဦး ဖတ်ရှုသူများအပေါ် ဩဇာလွှမ်းမိုးနိုင်ရေးအတွက် သူတို့ သုံးစွဲခဲ့သည့် စာပေနည်းလမ်းများကို သရုပ်ခွဲရန် သူတို့အကြောင်း ကျွန်ုပ်တို့တွင် လုံလောက်သည့် ဗဟုသုတရှိနေခြင်းပင် ဖြစ်ပါသည်။ အခြားသော ကျမ်းရေးသူများအတွက်ဆိုလျှင် သတင်းအချက်အလက်များပို၍ပင် ကျွန်ုပ်တို့မှာ ရှိနေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ အနက်ဖွင့်ချက်များတွင် စာရေးသူအပေါ် ပုံမှန်စူးစိုက်ခြင်းသည် အတော်လေး အကျိုးရှိနိုင်ပါသည်။

စာရေးသူအပေါ် စူးစိုက်ခြင်းအပြင် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော ဓမ္မဟောင်း စာပေ သရုပ်ခွဲမှုသည် ကနဦး စာဖတ် ပရိတ်သတ်ကိုလည်း ထည့်စဉ်းစားရပါသည်။ ဓမ္မဟောင်း ကျမ်းစာအုပ်များကို မည်သူတွေက ကနဦး လက်ခံရရှိခဲ့ပါသနည်း။ သူတို့၏ အခြေအနေမှာ အဘယ်နည်း။ အဆိုပါ ကျမ်းစာများက သူတို့ကို အဘယ်သို့ လွှမ်းမိုး သက်ရောက်ရန် ရှိခဲ့ပါသနည်း။

## ပရိတ်သတ်

ဓမ္မဟောင်း ကျမ်းရေးသူများအကြောင်း ကျွန်ုပ်တို့ စဉ်းစားသည့်အခါ ကောင်းကျိုး၊ ဆိုးကျိုးများ ရှိသကဲ့သို့ ကနဦး ပရိတ်သတ်တို့အပေါ် စူးစိုက်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုလည်း ကျွန်ုပ်တို့ သတိထားကြဖို့ လိုပါသည်။ တဖက်တွင် အနက်ဖွင့်သူများက ပရိတ်သတ်အကြောင်း အလွန်အကျူး စိတ်ကူးယဉ်ပုံဖော်ကြသည့်အခါ အန္တရာယ် ရှိသည်။ ပရိတ်သတ်တို့၏ တိကျသည့် ပုံပန်းသဏ္ဌာန်အကြောင်း သူတို့ စိတ်ကူးပုံဖော်ကြသည်။ ပရိတ်သတ်တို့၏ ဘဝအခြေအနေ အတိအကျကို သူတို့ အသေးစိတ် ပြန်တည်ဆောက်ကြသည်။ ပရိတ်သတ်၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေတို့ကို သူတို့ စိတ်ကူးယဉ်ပုံဖော်ကြသည်။ ပရိတ်သတ်၏ အားသာချက်၊ အားနည်းချက်များကို သူတို့ စိတ်ကူးထဲ စိတ်ရှိသရွေ့ မြင်ယောင်လိုက်ကြသည်။ ပရိတ်သတ်အပေါ် အဆိုပါ လွန်လွန်ကဲကဲ စောင်းပေးမှုမျိုးတို့ကို "ခံစားချက်ဆိုင်ရာ ယုတ္တိအမှား" ဟု ကျွန်ုပ်တို့ ခေါ် နိုင်ပါသည်။

> ခံစားချက်ဆိုင်ရာ ယုတ္တိအမှားသည် ကျမ်းပိုင်းအတွက် အခြားသော စဉ်းစားမှုများကို ဖယ်ထုတ်ပြီး စာဖတ်သူ၏ စိတ်ပိုင်း-ခံစားချက်ပိုင်း အခြေအနေကိုသာ ရယူအသုံးပြုသောအခါ ဖြစ်ပေါ်သည်။ ဥပမာအားဖြင့် ကျွန်ခံရာကာလ လူတန်းစား အတွက် ရေးသားထားသည့် မြည်တမ်း ဆာလံ တစ်ခုသည်ကျွန်ုပ်တို့ အတူတကွ တန်းတူ ကိုယ်စားပြုနိုင်သည့်အရာ

> ဖြစ်သောကြောင့် အဆိုပါ စိတ်ပိုင်း-ခံစားချက်ပိုင်း အခြေအနေများအောက်တွင် ကျွန်ုပ်တို့ အလားတူ ရှိမနေကြသည့်အခါ ထိုဆာလံက ကျွန်ုပ်တို့ကို စကားမပြောဟု ဆိုလိုရာ မရောက်ပါ။ သို့ဖြစ်၍ မူလကနဦး အခြေအနေများကို ကျော်လွန်၍ ကျမ်းစာက ပြောဆိုခြင်း မပြု ဆိုသည်ကို လက်ခံရမည့် ဘက်ဆီသို့ သို့မဟုတ် ယုံကြည်ရမည့်ဘက်ဆီသို့ ခံစားချက်ဆိုင်ရာ ယုတ္တိအမှားက ခေါ်ဆောင်သွားနိုင်သည် ဆိုသည့် အချက်သည် နံပါတ်တစ် အချက် ဖြစ်သည်။ အခြားကြီးကျယ်သည့် အန္တရာယ်တစ်ခုလည်း ရှိနေပါသည်။ ၎င်းသည် ပရိတ်သတ်၏ စိတ်ပိုင်း-ခံစားချက်ပိုင်းကို ကျွန်ုပ်တို့၏ စိတ်ပိုင်း-ခံစားချက်ပိုင်းနှင့် ထပ်တူပြုရာတွင် လွဲမှားနေမှုကြောင့် ကျမ်းထဲသို့ မိမိခံစားချက်ကို ထဲ့သွင်းဖတ်ရှုခြင်း သို့မဟုတ် ကျမ်းထဲ ရှိနေသည့်အရာကို မှန်ကန်စွာ ထုတ်ဖော် ဖတ်ရှုရန် ပျက်ကွက်ခြင်းတို့ ဖြစ်လာသည်။ ရလာဒ် အနေဖြင့် ကျွန်ုပ်တို့သည် မိမိတို့၏ ပုဂ္ဂိုလ်ရေး ခံစားချက်များကို ကျမ်းပိုင်းအပေါ်တွင် အခြေခံကျကျ သွတ်သွင်း တင်စီးမိလာတော့သည်။ ထိုသို့ ပြုခြင်းသည် ယခုကာလတွင် အများသူငါ ပြုနေကျ အရာ ဖြစ်သည်။ အကြောင်းမှာ ကျမ်းပိုင်း၊ ကျမ်းရေးသူ၊ ကျမ်းဖတ် ပရိတ်သတ် အရ ပြောရလျှင် ကျွန်ုပ်တို့ ကာလတွင် "စာဖတ်သူ ဇဟိုပြု" ဟု ခေါ်သည့် စာဖတ်နည်းက လွှမ်းမိုးလျက်ရှိသည်။ စာရေးသူ၏ ရည်ရွယ်ချက်များအတိုင်း စာရေးသူကို ကျွန်ုပ်တို့ ပြောခွင့်ပေးရပါမည်။ ကျမ်းစကားလုံးများ ကိုယ်တိုင်နှင့် စာဖတ်သူ၏ အခြေအနေတို့ကို အဓိပ္ပာယ် ဖွင့်ဆိုမှုထဲ ကျွန်ုပ်တို့ ပါဝင်ခွင့်ပေးကြရပါမည်။
>
> သိက္ခာတော်ရ ဆရာကြီး Michael J. Glodo

သို့တစေ တစ်ချိန်တည်းမှာပင် ဓမ္မဟောင်း စာအုပ်များ၏ စာဖတ်ပရိတ်သတ်အကြောင်း စဉ်းစားမှုမှ ကျွန်ုပ်တို့ ရယူနိုင်သည့် အကျိုးများစွာလည်း ရှိနေပါသည်။ အထောက်အကူဖြစ်သည့် သတင်းအချက်အလက် များစွာကို ကျွန်ုပ်တို့ သိရှိရသည်။ သူတို့၏ ယေဘုယျ တည်ရာဌာနကို အမြဲလို ကျွန်ုပ်တို့ သိရှိရသည်။ မကြာခဏ သူတို့ ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် အဓိက အဖြစ်အပျက်အချို့ကို ကျွန်ုပ်တို့ သိရှိရသည်။ လူအုပ်စုအများစု မှာဖြစ်တတ်သလို အချို့သည် သစ္စာရှိ၍ အချို့သည် ဘုရားသခင့်ရှေ့တော်၌ ပဋိညာဉ်တာဝန် ဝတ္တရားများအပေါ် သစ္စာမတည်ကြောင်းကိုလည်း ကျွန်ုပ်တို့ သိရှိရသည်။

ဤ အမြင်အရ ဓမ္မရာဇဝင် တတိယစောင်၊ စတုတ္ထစောင်နှင့် ရာဇဝင်ဝင်ချုပ် ပထမစောင်၊ ဒုတိယစောင်တို့၏ ကနဦး စာဖတ်ပရိတ်သတ်များအကြောင်း ကျွန်ုပ်တို့ သိရှိသမျှကို စဉ်းစားကြည့်ကြပါစို့။ ဥပမာအားဖြင့် ဓမ္မရာဇဝင်တို့၏ ပရိတ်သတ်သည် ကျွန်ခံရာကာလထဲမှာပင် ရှိနေသေးကြောင်း ကျွန်ုပ်တို့ သိရှိရသည်။ ဓမ္မရာဇဝင်တို့၏ အလေးပေးမှုများမှနေ၍ ဘုရားသခင်သည် သူ့လူများကို ကျွန်ဘဝသို့ ပို့ဆောင်သည့်အမှုအရာ၌ တရားမျှတတော်မူကြောင်း အနည်းဆုံးအားဖြင့် အချို့သော ကနဦး ကျမ်းလက်ခံသူတို့ ယုံကြည်စွဲမှတ်ထားဖို့ လိုအပ်ခဲ့သည်။

ပရိတ်သတ်အချို့တို့သည်လည်း ဣသရေလတို့ ကတိတော်နယ်မြေ ပြန်ရောက်မလာနိုင်မီ နောင်တရဖို့လိုကြောင်း သိနားလည်ရန် လိုအပ်ခဲ့သည်ကို ကျွန်ုပ်တို့ သိရှိကြသည်။

ငင်းနှင့် ကွဲလွဲခြားနားစွာပင် ရာဇဝင်ချုပ်တို့၏ စာရေးသူသည် ကတိတော်နယ်မြေသို့ ပြန်လာပြီးဖြစ်သည့် ပရိတ်သတ်သို့ ဦးတည်ရေးသားခဲ့သည်။ ဧဇရ မှတ်စာ၊ နေဟမိ မှတ်စာ၊ ဟဂ္ဂဲအနာဂတ္တိကျမ်းကလည်း ပြည်တော်ပြန်လာသူထဲက များစွာသည် ဘုရားသခင်ကို သစ္စာရှိရန် ပျက်ကွက်ခဲ့ကြောင်း ရှင်းရှင်းပြဆိုထားသည်။ ထို့ကြောင့် ရလာဒ်အားဖြင့် ဣသရေလတိုင်းပြည်တွင် ဘုရားသခင့် နိုင်ငံတော် ပြန်လည် တည်ဆောက်ရေးအတွက် သူတို့၏ ရည်စူးအပ်နှံမှုအတွင်း သူတို့ ကြီးထွားရင့်ကျက်ဖို့ လိုအပ်ခဲ့သည်။ ဓမ္မရာဇဝင်များနှင့် ရာဇဝင်ချုပ်တို့၏ စာရေးသူများအကြောင်း အဆိုပါအချက်အလက်တို့ကို သိရုံမျှသည် အဆိုပါ စာအုပ်တို့၏ စာပေပုံတူ ပန်းချီများ အကြောင်း သိနားလည်ရန် ကျွန်ုပ်တို့ကို များစွာ အထောက်အကူဖြစ်စေသည်။

> ဘုရားသခင်သည် သီးသန့် ကာလ တစ်ခုအတွင်း သီးသန့်နေရာတစ်ခုတွင် နေထိုင်သည့် ကနဦး စာဖတ် ပရိတ်သတ်သို့ မိမိကိုယ်ကို ဖွင့်လှစ်ဖော်ပြခဲ့သည်။ ဤအရာသည် သမ္မာကျမ်းစာနှင့် ပတ်သက်၍ ထူးခြားလေးနက်သော အချက်တစ်ချက်ပင် ဖြစ်သည်။ ငင်းသည် အထက်အရပ်မှ လာသော ပြဌာန်းချက်များ၏ စုစည်းချက် တစ်ခုမျှသာ မဟုတ်ပါ။ ဘုရားသခင်သည် သီးသန့် အခြေအနေတစ်ခုအတွင်း ရှိနေသည့် သီးသန့် လူမျိုးတစ်မျိုးကို စကားပြောနေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ထံမှ သူတို့ ကြားနာနေခဲ့သမျှတို့ကိုငင်း၊ ဘုရားသခင်ထံမှ သူတို့လက်ခံရရှိနေခဲ့သမျှတို့ကိုငင်း သူတို့ မည်သို့ နားလည်ခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိသည့်အခါ ထိုအရာသည် ကျွန်ုပ်တို့ ကိုယ်ပိုင်နားလည်မှုအတွက် မည်သည့် ကန့်သတ်ချက်များ ရှိနေသည်ကို ကျွန်ုပ်တို့ သိရှိရန် ထောက်ကူပေးသည်။ အကယ်၍ ကျွန်ုပ်သည် ကျမ်းစာအား ကနဦး ကြားနာသူများနားလည်ခဲ့ပုံမှ တနည်းနည်းဖြင့် အလွန်ကွဲလွဲစွာ နားလည်နေခဲ့ပါလျှင် တစ်ခုခုမှားယွင်းနေပြီ ဖြစ်သည်။ အသေအချာ ဆိုရလျှင် ကျွန်ုပ်၏ ကိုယ်ပိုင် ရေခံမြေခံသည် ကွဲပြားခြားနားမှုကို ဖြစ်စေပါလိမ့်မည်။ သို့သော် ကျွန်ုပ်၏ ရေခံမြေခံကို သူတို့၏ ရေခံမြေခံအရသာ သိနားလည်ရပါမည်။ သို့မှသာလျှင် အနက်ဖွင့်ခြင်းအတွက် မည်သည့် အကန့်အသတ်များက ဖြစ်နိုင်ခြေ ရှိသည်ကို ကျွန်ုပ် သိနိုင်ပါလိမ့်မည်။
>
> ဒေါက်တာ John Oswalt

စာရေးသူနှင့် ကနဦး ပရိတ်သတ်တို့ အပေါ် စာပေသရုပ်ခွဲမှုက မည်သို့ စူးစိုက်ထားသည်ကို ကျွန်ုပ်တို့ ထည့်သွင်း ဆွေးနွေးပြီးဖြစ်၍ အထောက်အထား ကိုယ်တိုင် တည်းဟူသော ဓမ္မဟောင်း စာပေသရုပ်ခွဲမှု၏ တတိယ အဓိက စူးစိုက်မှု ဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## အထောက်အထား

သမ္မာကျမ်းစာ အထောက်အထားများသည် ဘုရားသခင်၏ အခွင့်အာဏာ အပြည့်အဝရှိသည့် နှုတ်ကပတ်တော် ဖြစ်သောကြောင့် ၎င်းတို့သည် စာပေ သရုပ်ခွဲမှု၏ အဓိက စူးစိုက်ရာ ဖြစ်ကြသည်။ ထို့ကြောင့် အထောက်အထားကိုယ်တိုင်အပေါ် စူးစိုက်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ကျွန်ုပ်တို့ သီးသန့် အာရုံစိုက်ရန် လိုပါသည်။

တဖက်တွင် အထောက်အထား သက်သက်အပေါ် စူးစိုက်ခြင်း၌ အန္တရာယ် ရှိပါသည်။ အကြောင်းမလှစွာပင် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အနက်ဖွင့်သူများစွာတို့သည် အနက်ဖွင့်ခြင်းအတွက် ကျွန်ုပ်တို့ လိုအပ်သမျှမှာ ကျမ်းစာထဲက ကျမ်းပိုဒ်များ ကိုယ်တိုင်သာ ဖြစ်ကြောင်း ဆော်သြခဲ့ကြသည်။ စာရေးသူနှင့် ပရိတ်သတ်အကြောင်း ကျွန်ုပ်တို့ စဉ်းစားသည့်အခါ ကျွန်ုပ်တို့ကြုံရသည့် မသေချာမရေရာမှုများကို ရှောင်ရှားဖို့ ကြိုးစားသည့်အနေဖြင့် စာရေးသူနှင့် ပရိတ်သတ်အကြောင်း အာရုံစိုက်မှုကို ဘေးချိတ်ထားရမည်ဖြစ်ကြောင်း အဆိုပါ ပညာရှင်တို့က ဆော်သြခဲ့ကြသည်။ အမှန်တွင်မူ ဤအရာသည် လိုက်နာကောင်းသော လမ်းညွှန်ချက်တော့ မဟုတ်ပါ။ သမ္မာကျမ်းနှင့် သက်ဆိုင်သည် ဖြစ်စေ၊ မဆိုင်သည် ဖြစ်စေ အလားတူ အထောက်အထားသည် ၎င်းကို မည်သူရေးကြောင်း၊ မည်သူ့အတွက် ဦးတည်ရေးကြောင်း စသည်တို့အပေါ် မူတည်၍ အလွန်ကွဲပြားခြားနားသည့် အဓိပ္ပာယ်များကို ဆောင်ယူနိုင်သည်။ အနက်ဖွင့်သူများက အထောက်အထားသက်သက် အပေါ်မှာသာ တသီးတသန့် စူးစိုက်ဖို့ ကြိုးစားပြီး စာရေးသူနှင့် ကနဦးပရိတ်သတ်တို့ကို ဥပေက္ခာပြုထားသည့်အခါ သူတို့သည် "ပုံဖော်မှုဆိုင်ရာ ယုတ္တိအမှား" ကျွန်ုပ်တို့ခေါ်ဆိုသည့် အထောက်အထား ကိုယ်တိုင်အပေါ်မှာသာ အလွန်အကျူး မှီခိုအားထားမှုထဲ ကျရောက်သွားကြသည်။

> ကျမ်းပိုင်းများကို ဖတ်ရာတွင် ယုတ္တိအမှားတစ်ခု ရှိနိုင်သည်။ ဥပမာ ဓမ္မဟောင်းကျမ်းကို ဖတ်ရာတွင် "ပုံဖော်မှုဆိုင်ရာ ယုတ္တိအမှား" ထဲသို့ ကျသွားနိုင်သည်။ ၎င်းက ဆိုလိုသည်မှာ အဓိပ္ပာယ်ဖွင့်ရန် ကျွန်ုပ်တို့ လိုအပ်သမျှသည် စကားလုံးများသာ ဖြစ်ပြီး ထိုစကားလုံးများ ကိုယ်တိုင်၌ အဓိပ္ပာယ် အလုံးစုံ ပါဝင်နေသည်ဟူ၍ ဖြစ်သည်။ ယခုတွင် အထူးသဖြင့် သမ္မာကျမ်းအပေါ် သင်၏ ရှုမြင်ချက်သည် မြင့်မားပြီး အဆိုပါ စကားလုံးများသည် ဘုရားသခင် မှုတ်သွင်းတော်မူသည်ဟု သင်ယုံကြည်ထားလျှင် ထိုအရာသည် ကောင်းပုံရပါသည်။ သို့သော် ၎င်းက လုပ်ဆောင်ချက်မှာ စာရေးသူနှင့် ပရိတ်သတ်ကို ဖယ်ထုတ်ထားခြင်းပင် ဖြစ်သည်။ ကျမ်းပိုင်းတို့၏ အဓိပ္ပာယ်သည်လည်း ကျမ်းစကားလုံးများထဲ ၎င်းတို့ကို ရှာတွေ့စဉ်မှာပင် ထိုကျမ်းတို့ကို ဦးတည်ရေးသားသည့် ပရိတ်သတ်အပေါ် စာရေးသူ ထားရှိသော ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားသည်။ စာရေးသူနှင့် ပရိတ်သတ်တို့အကြောင်း ကျွန်ုပ်တို့ သိလိုသမျှကို သိချင်သလောက် ကျွန်ုပ်တို့ အမြဲတမ်း မသိရှိရပါ။ သို့သော်

> ကျမ်းစာကို မှုတစွာနှင့် သစ္စာရှိစွာ အနက်ဖွင့်နိုင်ရန် လုံလောက်သော အချက်အလက်များကို ဘုရားသခင် ပေးထားကြောင်း ကျမ်းစာ၏ ပြည့်စုံကြွယ်ဝမှုက ကျွန်ုပ်တို့ကို ပြောပြနေပါသည်။ ထိုအခြေခံအရ စာရေးသူ၊ ကျမ်းပိုင်းနှင့် စာဖတ်သူတို့သည် အဓိပ္ပာယ်ကို ပေးသောအရာများ အဖြစ် ရှိနေကြပါသည်။
>
> သိက္ခာတော်ရ ဆရာကြီး Michael J. Glodo

အခြားတဖက်တွင်မူ အထောက်အထားကိုယ်တိုင် ၏ အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ လုပ်နိုင်သမျှ အရာရာကို သိခြင်းနှင့် ဆက်စပ်နီးနွယ်သော ကောင်းကျိုး များစွာလည်း ရှိနေပါသည်။ ဝေါဟာရများ၊ သဒ္ဒါ၊ အလင်္ကာများ၊ ဝါကျ ဖွဲ့စည်းပုံ၊ အကြမ်းဖျဉ်း ဖော်ပြချက်၊ စာပေ နောက်ခံသမိုင်း၊ စာရေးဟန် မှစ၍ အရာရာသည် ကနဦးအဓိပ္ပာယ်နှင့် ခေတ်သစ်အတွက် ကျမ်းစာလက်တွေ့အသုံးချမှုတို့ကို ရှာဖွေသည့်နေရာတွင် အကြီးအကျယ် ပံ့ပိုးဖြည့်ဆည်းပေးသည်။ ထို့ကြောင့် ကျမ်းပိုဒ်တစ်ခု အတွက် အဆိုပါ ရှုထောင့်များအကြောင်း များနိုင်သလောက် များများ သိနားလည်ခြင်းသည် သမ္မာကျမ်းစာကို မှန်ကန်စွာ အနက်ဖွင့်ရေးအတွက် အရေးကြီးလှပါသည်။ ကျွန်ုပ်တို့ လေ့လာနေသော အထောက်အထားများ၏ သီးသန့် သွင်ပြင် လက္ခဏာတို့ကို နီးနီးကပ်ကပ် အာရုံစိုက်မှု မရှိဘဲ  တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းမျိုးကို ကျွန်ုပ်တို့ အလွယ်တကူ မလုပ်နိုင်ပါ။

သို့သော် ကျမ်းပိုဒ်တိုင်းကို စာရေးသူနှင့် ကနဦး ပရိတ်သတ်တို့အရ စဉ်းစားသည့်အခါတွင် ကျွန်ုပ်တို့ အကျိုးကျေးဇူး အများဆုံး ရရှိပါသည်။  စာရေးသူနှင့် ပရိတ်သတ်တို့ အရ ဓမ္မဟောင်းကျမ်းပိုင်းတို့ကို ဂရုတစိုက် လေ့လာမှု၏ ကောင်းကျိုးများအကြောင်း ပုံပြရန်အတွက် ၂ရာချုပ် ၃၃း၁-၂၀ တွင်တွေ့ရသည့် မနာရှေမင်း အုပ်စိုးကာလကို ကျွန်ုပ်တို့ အကျဉ်းချုံး လေ့လာကြပါမည်။  ဤကျမ်းပိုဒ်ကို ကျွန်ုပ်တို့ လေ့လာသည့်အခါ ၄ ဓမ္မ ၂၁း၁-၁၈ တွင်ပါသည့် မနာရှေမင်းအကြောင်း တူညီသည့် ဖြစ်စဉ်ရှိနေခြင်းအတွက် ကျွန်ုပ်တို့တွင် ကြီးမားသည့် အကျိုးကျေးဇူး ရှိနေပါသည်။  ရာဇဝင်ချုပ်များကို ရေးသူက သူ့မှတ်တမ်းကို ဒီဇိုင်းချသည့်အခါ သူ့ပရိတ်သတ်အတွက် သူထားသည့် ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ၄ ဓမ္မ အခန်းကြီး ၂၁ကို ပုံတူကူးခြင်း၊ အချို့ကို အပြောင်းအလဲပြုလုပ်ခြင်း၊ အချို့ကို ချန်လှပ်ခြင်း၊ အချို့ကို ထပ်ဖြည့်ခြင်းများ ပြုလုပ်ခဲ့သည်။  ဤအရာ မည်သို့မှန်ကန်သည် ဆိုသည်ကို ၄ ဓမ္မ အခန်းကြီး ၂၁ ပါ ဖြစ်စဉ်အား ဦးစွာ လေ့လာခြင်းဖြင့် ကြည့်ကြပါစို့။

၄ ဓမ္မ အခန်းကြီး ၂၁ကို အပိုင်းငါးပိုင်း အချိုးညီစွာ ပိုင်းနိုင်ပါသည်။ ပထမ အပိုင်း အခန်းငယ် ၁ သည် မနာရှေ အုပ်စိုးကာလ၊ ဒုတိယ အပိုင်း အခန်းငယ် ၂-၉ သည် မနာရှေ၏ ရုပ်တုကိုးကွယ်မှု အပြစ်၊ တတိယ အပိုင်း အခန်းငယ် ၁၀-၁၅ သည် အပြစ်စီရင်မှုအကြောင်း ပရောဖက်ပြုချက်၊ စတုတ္ထ အပိုင်း အခန်းငယ် ၁၆ သည် မနာရှေ၏ ရက်စက်ကြမ်းကြုတ်သည့် အပိုဆောင်း အပြစ်များ၊ ပဉ္စမပိုင်း အခန်းငယ် ၁၇-၁၈ သည် မနာရှေ၏ အုပ်စိုးမှု ပိတ်သိမ်းမှု တို့ ဖြစ်ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤ အကြမ်းဖျင်း ဖော်ပြချက်က အကြံပြုနေသလို ၄ ဓမ္မ အခန်းကြီး ၂၁ တွင် မနာရှေကို အစမှ အဆုံးတိုင် ဆိုးညစ်သော ဇာတ်ကောင်အဖြစ် ပုံဖော်ထားသည်။ ကြီးကျယ်သော အပြစ်သား အဖြစ် သူ့ကို စတင် မိတ်ဆက်ထားသည်။ ပုံ၀ထ္ထု၏ ဒုတိယပိုင်းသည် ဗိမ္မာန်တော်အား ရုပ်တုတို့ဖြင့် သူမည်သို့ ညစ်ညူးစေခဲ့ပြီး လူတို့အား ခါနနိလူတို့ထက် ပိုဆိုးညစ်သူများဖြစ်အောင် မည်သို့ ဦးဆောင်ခဲ့ကြောင်း အသေးစိတ် ဖော်ပြထားသည်။ ဇာတ်ကြောင်း၏ တတိယပိုင်းသည် မနာရှေအတွက် အပြစ်ဒဏ်မည်သို့ ခံရမည်နှင့် စပ်လျဉ်း၍ ပရောဖက်ပြုချက်နှင့် တူညီသည်။ အဆိုပါ ပရောဖက်စကားအရ မနာရှေ၏ အပြစ်တို့သည် ယေရုရှလင်မြို့ ဖျက်ဆီးခံရမှုနှင့် ၎င်း၏ လူတို့ ကျွန်ဘ၀ရောက်ရခြင်း အကျိုးရလာဒ်ကို ပေးခဲ့သည်။ ဇာတ်ကြောင်း၏ စတုတ္ထ အပိုင်းက မနာရှေသည် ယေရုရှလင် လမ်းမများကို အပြစ်မရှိသူတို့၏ အသွေးဖြင့် ပြည့်စေခဲ့ကြောင်း ထပ်မံဖြည့်စွက်ထားသည်။ ထိုနောက် နောက်ဆုံးအပိုင်းက မနာရှေ အနိစ္စရောက်ပြီး သင်္ဂြိုလ်ခြင်းကို ခံခဲ့ကြောင်း အစီရင်ခံထားသည်။

၄ ဓမ္မ အခန်းကြီး ၂၁ တခုလုံးတွင် မနာရှေမင်း၏ ကောင်းကွက် တစ်ခုတစ်လေမျှပင် မရှိပါ။ သို့သော် ယခုတွင် ၄ ဓမ္မ အခန်းကြီး ၂၁ ပါ မနာရှေ အုပ်စိုးကာလ မှတ်တမ်းနှင့် ၂ ရာချုပ် အခန်းကြီး ၃၃ ပါ တူညီ ဖြစ်စဉ်မှတ်တမ်းတို့ကို နှိုင်းယှဉ်ကြည့်ကြပါစို့။ ရာဇ၀င်ချုပ်များကို ရေးသူသည် ၄ ဓမ္မ အခန်းကြီး ၂၁ ကို ဆန့်ကျင်ခဲ့ခြင်း မရှိပါ။ သို့သော် သူ၏ ကနဦး ပရိတ်သတ်များအပေါ် ထားရှိသည့် သူ၏ ရည်ရွယ်ချက်က အလွန်ကွဲလွဲသည့် ဖြစ်စဉ်တစ်ခုကို ပေးရန် ဦးဆောင်သွားခဲ့သည်။ ၂ ရာချုပ် ၃၃း၁-၂၀ ကိုလည်း အပိုင်းငါးပိုင်း ခွဲခြားနိုင်သည်။ ပထမအားဖြင့် အခန်းငယ် ၁ သည် မနာရှေ အုပ်စိုးကာလ အစပြုမှုကို မိတ်ဆက်ပေးထားသည်။ အဓိကအားဖြင့် ၄ ဓမ္မ ၂၁ ကို ပြန်ကူးယူထားခြင်း ဖြစ်သည်။ ဒုတိယအားဖြင့် အခန်းငယ် ၂-၉ တွင် မနာရှေ၏ ရုပ်တု၊ ဆင်းတု ကိုးကွယ်မှုများကို ၄ဓမ္မ ၂၁း၁-၉ နှင့် အနည်းငယ်ကွဲလွဲစွာ ပြန်လည်ဖော်ပြထားသည်။

ယခုနေရာထိ ရာဇ၀င် သမိုင်းဆရာ၏ မှတ်တမ်းသည် ၄ ဓမ္မနှင့် နီးနီးကပ်ကပ် တူညီနေဆဲ ဖြစ်သည်။ မှတ်တမ်းနှစ်ခုလုံးတွင် မနာရှေကို ဆိုးရွားသော အပြစ်သားအဖြစ် တင်ဆက်ထားသည်။ သို့သော် ၂ရာချုပ် အခန်းကြီး ၃၃ ၏ တတိယ၊ စတုတ္ထ နှင့် ပဥ္စမပိုင်းတို့သည် ၄ဓမ္မနှင့် အကြီးအကျယ် ကွဲလွဲလျက်ရှိသည်။ တတိယ ပိုင်းတွင် မနာရှေ၏ အပြစ်ကြောင့် ယေရုရှလင်မြို့သားတို့သည် ကျွန်ဘ၀ကျရောက်မည့်အကြောင်း ပရောဖက်ပြုချက်ကို ပယ်ထားသည်။ အမှန်အားဖြင့် အခန်းငယ် ၁၀-၁၃ တွင် ရာဇ၀င် သမိုင်းဆရာသည် မနာရှေကိုယ်တိုင် ဘာဗုလုန်သို့ မည်သို့ မည်ပုံ ကျွန်အဖြစ်ခေါ်ဆောင်ခံရကြောင်း ဖော်ပြထားခဲ့သည်။ ထို့ထက်မက မနာရှေသည် ကျွန်ဘ၀ရောက်နေစဉ်တွင် သူ့အပြစ်ကို နောင်တရခဲ့သောကြောင့် ဘုရားသခင့်ထံတော်မှ ခွင့်လွှတ်ခြင်း ခံစားရကြောင်း သမိုင်းဆရာက အစီရင်ခံခဲ့သည်။ ထို့နောက် စတုတ္ထပိုင်းတွင် ၄ဓမ္မ၌ ဖော်ပြသည့် မနာရှေ၏ ရက်စက်ကြမ်းကြုတ်မှုများကို ဖော်ပြမည့်အစား ယေရုရှလင်သို့ မနာရှေ ပြန်ရောက်လာကြောင်း၊ မြို့တော်ကို ပြန်တည်ဆောက်ခဲ့ကြောင်း၊ ဗိမ္မာန်တော်၌ ပျောက်ပတ်သည့် ၀တ်ပြုကိုးကွယ်မှုကို ပြန်လည် တည်မြဲစေခဲ့ကြောင်းတို့ကို ရာဇ၀င် သမိုင်းဆရာက အစီရင်ခံထားခဲ့သည်။ အဆုံးသတ်အားဖြင့် ၂ ရာချုပ် ၃၃း၁၈-၂၀၌ ၄ ဓမ္မ အပေါ် တွင် မနာရှေ၏ နောင်တ ဆုတောင်းအကြောင်း နောက်ထပ်ရည်ညွှန်းချက် ထပ်ဖြည့်ခြင်းဖြင့် မနာရှေ အုပ်စိုးကာလ အဆုံးသတ်မှုအား ချဲ့ထွင်ထားသည်။ ၄ ဓမ္မ ပါ မနာရှေ မှတ်တမ်းနှင့် ၂ ရာချုပ် ပါ မှတ်တမ်းတို့အကြား

အဆိုပါ ကွဲလွဲမှုများကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရှင်းပြသင့်ပါသနည်း။ အဘယ်ကြောင့် အဆိုပါ ဖြစ်စဉ်များ အကြီးအကျယ် ကွဲလွဲနေရပါသနည်း။

အတိုချုံးဆိုရလျှင် ဓမ္မရာဇဝင်နှင့် ရာဇဝင်ချုပ်တို့ ကို မတူကွဲပြားသော စာရေးသူတို့က မတူကွဲပြားသော ပရိတ်သတ်တို့အတွက် စီကုံးရေးသားခဲ့သည် ဆိုသည့်အချက်အားဖြင့် ဖြေရှင်းနိုင်ပါသည်။ စာရေးသူ တစ်ဦးချင်းသည် သူတို့၏ မှတ်တမ်းကို သူတို့၏ ပရိတ်သတ်များအပေါ် ကွဲပြားသောပုံစံများဖြင့် အကျိုးသက်ရောက်စေရန် ဒီဇိုင်းဆွဲထားခဲ့ကြသည်။ ဓမ္မရာဇဝင်များကို ပြုစုသူသည် မနာရှေ၏ အုပ်စိုးမှုကာလအကြောင်းကို အသေးစိတ်သော၊ ရုပ်လုံးကြွလာစေသော ဖြစ်စဉ်မျိုးပေးရန်အတွက် ရည်ရွယ်ရေးသားခဲ့ခြင်း မရှိပါ။ အမှန်အားဖြင့် သူ့စာအုပ်၏ အဓိက ဆိုလိုရင်းတစ်ချက်ကို ရှင်းပြရန် မနာရှေ၏ ဆိုးရွားသော ဒုစရိုက်များအကြောင်း ရေးခဲ့ခြင်း ဖြစ်သည်။ ယေရုရှလင်မြို့ကို ဆန့်ကျင်၍ ဘုရားသခင် အပြစ်စီရင်ခြင်းနှင့် မနာရှေ၏ အပြစ်ကြောင့် သူ၏ လူတို့ကို ကျွန်ဘဝသို့ ကျရောက်စေခဲ့ခြင်းသည် တရားမျှတသည်။

သို့သော် ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း ရာဇဝင်ချုပ်ရေးသူ၏ အခြေအနေသည် ကွဲပြားခြားနားနေခဲ့သည်။ ကျွန်ခံရာကာလပြီးသည့်နောက်ပိုင်း ရှန်းကန် ကြိုးစားနေရသည့် မူလအခြေအနေ ပြန်ရောက်လာသော လူ့အဖွဲ့အစည်းအား ဘုရားသခင်ကို သစ္စာရှိစွာ အလုပ်အကျွေးပြုရာတွင် ရှေ့ဆက်ရွေ့လျားရေး လုံ့ဆော်ခွန်အားပေးရန် သူ၏ သမိုင်းကို သူရေးခဲ့သည်။ ဤအကြောင်းကြောင့်ပင် ရာဇဝင် သမိုင်းဆရာသည် သူ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမည့် မနာရှေအကြောင်း အမှန်အကန်ဖော်ပြချက်များကို ဖြုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ပြုခဲ့သည်။ သူ၏ လူမျိုးချင်း ဖြစ်သည့် ဣသရေလ စာဖတ်ပရိတ်သတ်များ အသက်တာမှ အသေးစိတ် အချက်အလက်များနှင့် တူညီသည့် အသေးစိတ် အချက်အလက်များကို မနာရှေ အသက်တာမှ ဖော်ထုတ်ပေးထားသည်။ မနာရှေသည် ဆိုးရွားစွာ ဒုစရိုက်ပြုခဲ့သည်။ သူတို့သည်လည်း အလားတူ ပြုခဲ့ကြသည်။ မနာရှေသည် ဘာဗုလုန်လက်အောက် ကျွန်ဘဝရောက်ခဲ့သည်။ သူတို့သည်လည်း အလားတူ ဖြစ်ခဲ့ကြသည်။ မနာရှေသည် နောင်တရခဲ့ပြီး အပြစ်မှ ခွင့်လွှတ်ခြင်းကို ခံစားရရှိခဲ့သည်။ ထိုနည်းတူ သူတို့လည်း ဖြစ်ခဲ့သည်။ ကတိတော်နယ်မြေသို့ မနာရှေ ပြန်ရောက်သည်နှင့် ယေရုရှလင်မြို့ကို သူပြန်တည်ဆောက်၍ လျောက်ပတ်သည့် ဝတ်ပြုကိုးကွယ်ခြင်းကိုလည်း ပြန်လည် တည်မြဲစေခဲ့ခြင်းသည် အရေးအကြီးဆုံး ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဤအရာသည် ထိုစဉ်က ရာဇဝင်ချုပ်ရေးသူ၏ ပရိတ်သတ်တို့ ကြုံတွေ့ကြရသည့် တိကျသော စိမ်ခေါ်မှုပင် ဖြစ်သည်။ ရာဇဝင်ချုပ် သမိုင်းဆရာ၏ အဓိက အချက်မှာ ယုဒပြည်ကို ကျွန်ခံရာ ဘဝရောက်စေသည့် ရှင်ဘုရင်သည် သူပြန်ရောက်ချိန်တွင် နိုင်ငံတော်ကို ပြန်တည်ဆောက်၍ ပြန်တည်မြဲစေခဲ့သည် ဆိုလျှင် ရာဇဝင်ချုပ်သမိုင်းဆရာ၏ ကနဦး ပရိတ်သတ်သည်လည်း အလားတူ လုပ်သင့်ပေသည်။

မနာရှေ အုပ်စိုးမှု မှတ်တမ်းများ အကြား နှိုင်းယှဉ်မှုသည် ဓမ္မဟောင်း စာအုပ်များကို ရုပ်ပုံပန်းချီကားများ သို့မဟုတ် စာပေ ပုံတူများ အဖြစ် မှတ်ယူသဘောထားခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ပြသနေသည်။ ကျွန်ုပ်တို့ စိတ်ပါဝင်စားသော အာဘော်များနှင့် စစ်မှန်သော သမိုင်းမှတ်တမ်းများ ဓမ္မဟောင်းတွင် ပေါ်နေစဉ်ပင် ကျွန်ုပ်တို့ သတိပြုရမည့်အချက်မှာ ဓမ္မဟောင်း ကျမ်းရေးသူများသည် သူတို့စာအုပ်များတွင် ပါဝင်သည့် အကြောင်းအရာများနှင့် ဖွဲ့စည်းပုံများအား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့၏ ကနဦး ပရိတ်သတ် အသက်ရှင်စေလိုသည့် သီးသန့် ပုံစံများကို အလေးပေးရန် ဒီဇိုင်းဆွဲထားသည် ဆိုသည့် အချက်ပင် ဖြစ်သည်။ ဤစာပေ လေ့လာနည်း အမျိုးအစားသည် ယနေ့ကာလ ကျွန်ုပ်တို့အတွက် ဓမ္မဟောင်းကျမ်းကို သိမြင်ရန် ထိုးထွင်းသည့် အမြင်များစွာအတွက် လမ်းဖွင့်ပေးလျက် ရှိနေပါသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် ဘုရားသခင့် နိုင်ငံတော်နှင့် သူ၏ ပဋိညာဉ်တို့အကြောင်း ဘုရားသခင့်လူတို့ ယုံကြည်ထားချက်ကို သူတို့ တွေ့ကြုံရသည့် အခြေအနေများအတွက် လက်တွေ့ အသုံးချခြင်းဖြင့် ဓမ္မဟောင်းကျမ်းဂန်သည် ဘုရားသခင့် လူတို့၏ လိုအပ်ချက်များအားရင်ဆိုင် ကိုင်တွယ်ထားခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ ဓမ္မဟောင်းကျမ်း စာအုပ်တို့သည် ဤအရာကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ဓမ္မဟောင်းကျမ်းဂန်ကို ကြေးမုံပြင် တစ်ချပ်အဖြစ်ဖြင့် ကျွန်ုပ်တို့ လေ့လာသည့်အခါ ကျွန်ုပ်တို့အတွက် အရေးပါသည့် အာဘော် တစ်ပုံတစ်ပင်ကို အဆိုပါ စာအုပ်များက မည်သို ဆွေးနွေးထားကြောင်း ကျွန်ုပ်တို့ သိမြင်ရသည်။ ဓမ္မဟောင်းကျမ်းဂန်ကို ပြတင်းပေါက် အဖြစ်ဖြင့် ကျွန်ုပ်တို့ လေ့လာသောအခါ သမိုင်းကြောင်းအပေါ် စစ်မှန်သော ရှုထောင့်အမြင်တို့ကို ၎င်းတို့က မည်သို့ ပေးနေကြောင်း ကျွန်ုပ်တို့ သိမြင်ရသည်။ ထို့ပြင် ဓမ္မဟောင်းကျမ်းဂန်ကို စာပေ ရုပ်ပုံပန်းချီကား သို့မဟုတ် ပုံတူ ပန်းချီတို့၏ စုစည်းချက် တစ်ခုအဖြစ် ကျွန်ုပ်တို့ စဉ်းစားသည့်အခါ အဆိုပါ အာဘော်များနှင့် သမိုင်းဝင် အဖြစ်အပျက်တို့အပေါ် အချို့သော အမြင်တို့ကို ကျွန်ုပ်တို့ မှတ်မိသိရှိကြသည်။

သစ္စာရှိသော ခရစ်တော်၏ နောက်လိုက်များအဖြစ်ဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စိတ်ဝင်စားသည့်အရာများ နှင့် လိုအပ်ချက်များကို ရင်ဆိုင်ဖြေရှင်းသည့် ကြေးမုံပြင်များ အဖြစ်ဖြင့်၎င်း၊ သမိုင်းကြောင်းအတွင်း ဘုရားသခင်၏ တန်ခိုးနှင့် ပြည့်စုံသော အဖြစ်အပျက်များကို ဖွင့်ပြရာ ပြတင်းပေါက် အဖြစ်ဖြင့်၎င်း၊ ဘုရားသခင့်လူများ လေ့လာလိုက်စားရှာဖွေသင့်သည့် အလုပ်အကြွေး ပြုရာ သီးသန့် လမ်းကြောင်းများကို အလေးပေးသည့် စာပေ ပန်းချီကားများ အဖြစ်ဖြင့်၎င်း ဓမ္မဟောင်း စာအုပ်များကို မည်သို့ ချဉ်းကပ်သင့်ကြောင်း ကျွန်ုပ်တို့ မုချ လေ့လာ သင်ယူကြရမည် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းဂန်တွင် ပါဝင်သော ကျမ်းစာအုပ်များအား ပထမအားဖြင့် ရှေးခေတ်ကမ္ဘာကြီးအတွင်း အခွင့်အလမ်းနှင့် စိမ်ခေါ်မှု အမျိုးမျိုး အဖုံဖုံကို ကြုံခဲ့ကြသည့် ကွဲပြားခြားနားသည့် လူအမျိုးမျိုး အတွက် ရေးသားခဲ့သည်။ ယနေ့ကာလ ကျွန်ုပ်တို့ ဘဝ၌ တူညီသော အခွင့်အလမ်း အမျိုးမျိုးနှင့် စိမ်ခေါ်မှုများကို ကျွန်ုပ်တို့ တွေ့ကြုံရသည်နှင့် အမျှ ဓမ္မဟောင်း ကျမ်းစာအုပ်တို့ကလည်း ဘုရားသခင်၏ ပဋိညာဉ်များအား ကျွန်ုပ်တို့ မည်သို့ သစ္စာစောင့်သိရမည် ဆိုသည်ကို ကျွန်ုပ်တို့အား သွန်သင်ထားကြသည်။ ထိုသို့သောအားဖြင့် ဘုန်းအသရေ၌ ခရစ်တော် ပြန်မကြွလာမီ မြေကြီးပေါ်က ဘုရားသခင်၏ နိုင်ငံတော်ကို ကျွန်ုပ်တို့ အကျိုးပြုနိုင်ကြမည် ဖြစ်ပေတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။